The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 22 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 20 , 2016

## ပြည်ပနိုင်ငံများမှ ကော်ဖီစေ့များ ဝယ်ယူမှုကြောင့် ဈေးနှုန်းများမြင့်တက်

|pmrsuES- 24|

## နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တတိယခြေလှမ်းအဖြစ် ကုန်သည်စက်မှုအသင်းချုပ်နှင့် မွန်ဂိုလီးယား စက်မှုလုပ်ငန်း ကောင်စီတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

|pmrsuES- 22|

## ကယားပြည်နယ် ကန္တရဝတီကုန်သွယ်မှုဗဟိုဌာန (Trade Center) သို့ လာရောက်လေ့လာသူများ များပြားလာ

|pmrsuES- 15|



## ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းများ အဆင်ပြေစေရန် ကားပါကင်ထောက်ခံချက် ရယူရန်မလိုဘဲ မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုသွားမည်

ကုန်စည်ပို့ဆောင်ရေးနှင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ကားပါကင်ခွင့်ပြုချက်ရယူရန် မလိုဘဲ မော်တော်ယာဉ်များကို တင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်

|pmrsuES- 8|

# Re-export မှသည် ပို့ကုန်မြှင့်တင်ရေးသို့



ယခုတလော မြန်မာ့ကုန်သွယ်ရေးလောကမှာ ခေတ်စားလာတာ တစ်ခုကတော့ Re-export လုပ်ငန်းတစ်ခုပါ။ Re-export ဆိုတာ ပြည်ပက ကုန်ပစ္စည်းများကိုမှာယူတင်သွင်းပြီး မူလအတိုင်းသော် လည်းကောင်း၊ ပြည်တွင်းမှာ ပြုပြင်ထုတ်လုပ်ပြီး (မူလပင်ရင်းနိုင်ငံ မပြောင်းလဲစေဘဲ) သော်လည်းကောင်း၊ အခြားနိုင်ငံတစ်နိုင်ငံကို ပြန်လည်တင်ပို့တာကို ခေါ်ဆိုတာဖြစ်ပါတယ်။

Re-export ဆောင်ရွက်ခြင်းအားဖြင့် မိမိနိုင်ငံက ပို့ကုန် မရှိရင်တောင် အခြားနိုင်ငံက ပို့ကုန်ပစ္စည်းတွေနဲ့ ဈေးကွက်ဝယ်လို အားရှိတဲ့ အခြားနိုင်ငံတစ်နိုင်ငံကို တင်ပို့နိုင်မှာဖြစ်သလို နိုင်ငံတော်အတွက် ထိုက်သင့်တဲ့ အခွန်အခတွေ ရရှိစေနိုင်ပြီး လုပ်ငန်းလုပ်ကိုင်သူတွေအတွက်ပါ အကျိုးအမြတ်ဖြစ်ထွန်းစေကာ ကုန်သွယ်မှုပမာဏတွေလည်း တိုးတက်စေနိုင်တာလည်း ဖြစ်ပါတယ်။

|pmrsuES- 15|

## ဂျောက်ဂျက်ခေတ်အလွန်

|pmrsuES- 12|



City Mart Supermarket

# LAUNDRY FAIR

16th ~ 29th June

**BSC**
Essence Detergent Liquid 2Ltr
Powder 1100g
Buy 6000Ks Get 1 FREE

**ELAN**
-Enzyme Detergent Powder 2.5Kg
-Pure Scent 900g
-Anti Bacteria 1Kg
10% Off

**ELAN**
-Enzyme Detergent Powder 4.5Kg
6700.ks 6050 /each

**FINELINE**
Detergent Liquid 450ml/500ml
10% Off

**FINELINE**
Softener Refill 650ml
10% Off

**ARIEL**
Detergent Powder 2.7Kg
8200.ks 7400 /each

**BREEZE**
Detergent Powder
-3 Kg/Colour
7500.ks 6750 /each

**PAO**
Detergent Powder 3Kg
Buy 10000.Ks Get 1 FREE

**SMART**
Softener 650ml/700ml
480.ks 430 /each

**HYGIENE**
Bleach /Fabric Softener
660ml
Expert Detergent Liquid Refill
400ml/600ml
Buy 7500Ks Get 1 FREE

**KAO**
Haiter bleach 500ml/600ml
15% Off

**LAUREL**
Detergent Powder Colour Antibacterial 5000g
7600.ks 6800 /each

**FUJI**
Ultra Detergent Cream
Scent Magic/ Blue Energy
1Kg
Buy 1 Get 1 On Pack

**ELAN**
Bar Soap 120g
Buy 3 10% Off

**JCJ**
Basin Round 35x12cm 8Ltr
2600.ks 2350

**FRESH WARE**
Washing Brush No.396/No.397
5% Off
Ks.500 to 600

**N-VEON**
Washing Brush NFT-297/298/299/1502/1503
10% Off
Ks.1050 to 1200

**N VEON**
Iron Cloth Hanger 10's No.2221/No.222
Ks.1800 To 2000

**LIFE PRO**
Cloth Hanger 6's No.13
1750.ks 1600 /each

**DRAGON WARE**
Laundry Basket No.
2800.ks 2650

**LAUNDRY**
Basket With Cover No.380
8000.ks 7600

**PHILIPS**
Dry Iron HD-1172
1000W
Made In China
15800.ks 14500 /each

**PHILIPS**
Dry Iron GC-160/02
1000W
Made In China
22900.ks 21300 /each

**FARFALLA**
Dry Iron
1000W
14500.ks 13000 /each

**PHILIPS**
Hair Dryer BHC-01
1000W
Made In China
15800.ks 14500 /each

**3 FRIENDS**
Clothes Dryer
1800W
Made In China
80000.ks 73600 /each

PAHTAMA | STZ | ESSENCE | E-LAN | Hygiene | PAO NanoTech | ELBA | Electrolux | Panasonic

City Mart Supermarket

# Let's enjoy Euro 2016

16th ~ 29th June

**GOLD FISH**
Fried Fish Cracker Plain/Zakar 70g
600.ks 550 /each

**MR**
Potato Fried Potato
Plain Spicy/Sweet
Zakar Spicy/Sweet
100g
700.ks 600 /each

**TAO KAE NOI**
Crispy Seaweed Original
Fried Seaweed Hot
Crispy Seaweed
36g
1350.ks 1200 /each

**RED BULL**
Energy Drink 250ml
580.Ks Buy 2 Save 100

**BURN**
Energy Drink 250ml
Buy 6's Get 1 Lucky Draw
FREE Lucky Draw Coupon

**100 PLUS**
-Edge Non-Carbonated Isotonic Drink 300ml
Buy 2500Ks Get 1 Bag
470.ks 400 /each
FREE

**100 PLUS**
-Plus Isotonic Drink Original
-Lemon Lime/Orange 325ml
-Original 1.5Ltr
-Isotonic Drink Original/Orange 500ml
Buy 2500Ks Get 1
FREE

**COCA COLAR/SPRITE**
Coke /Zero
**MAX PLUS**
Orange
Buy 1 IPCK Get 1 Lucky Draw
Lucky Draw Coupon FREE

| | | | |
|---|---|---|---|
| AUNG SAN | ☎ 01-253022, 394765 (9:00AM to 9:00PM) | ZAWANA | ☎ 01-564532 (9:00AM to 9:00PM) |
| 47th STREET | ☎ 01-200026, 298746 (9:00AM to 9:00PM) | SHWE MYA YAR | ☎ 01-294063 (9:00AM to 9:00PM) |
| JUNCTION 8 | ☎ 01-650778 (9:00AM to 9:00PM) | CHINATOWN POINT | ☎ 01-215560-63 (9:00AM to 10:00PM) |
| FMI CITY | ☎ 01-682323 (9:00AM to 9:00PM) | JUNCTION MAW TIN | ☎ 01-218159 (9:00AM to 9:00PM) |
| YANKIN CENTRE | ☎ 01-400284 (9:00AM to 9:00PM) | THAMINE | ☎ 01-654566 (9:00AM to 10:00PM) |
| MYAY NI GHONE | ☎ 01-510097 (24 HOURS) | JUNCTION SQUARE | ☎ 01-527053 (9:00AM to 9:00PM) |

| | | | |
|---|---|---|---|
| STAR CITY (THANLYIN) | ☎ 056-23150/51/52/53 (9:00AM to 9:00PM) | WAIZAYANDA (SOUTH OKKALAPA) | ☎ 01-565242, 569687, 565344 (9:00AM to 9:00PM) |
| AKK (SHOPPING MALL) | ☎ 01-8500515 (9:00AM to 9:00PM) | HLEDAN CENTER | ☎ 01-2304407 – 09 (9:00AM to 9:00PM) |
| SOUTH DAGON | ☎ 01-8100727 (9:00AM to 9:00PM) | PINLON SITTAUNG (North Dagon) | ☎ 01-6011346 / 350 (9:00AM to 9:00PM) |
| 19th STREET (MANDALAY) | ☎ 02-61139, 61240 (9:00AM to 9:00PM) | GOLDEN VALLEY | ☎ 01-523840-43 (9:00AM to 10:00PM) |
| SHWE PINLON | ☎ 01-580139, 6010246 (9:00AM to 9:00PM) | PARKSON FMI | ☎ 01-246859, 240394 (9:00AM to 9:00PM) |
| AYER WUN (THAKETA) | ☎ 01-9410181–85 (9:00AM to 9:00PM) | MYANMAR PLAZA | ☎ 09-973961781 (9:00AM to 9:00PM) |

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ H.E. Mr. Tsakhia Elbegdorj တို့ တွေ့ဆုံဆွေးနွေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇွန် ၁၅ ရက် ၉:၄၅ နာရီ၌ The Lake Garden Hotel တွင် ကျင်းပသည့် Monglia-Myanmar CEO Conference သို့ တက်ရောက်မည့် မွန်ဂိုလီးယားနိုင်ငံ၊ သမ္မတ H.E. Mr. Tsakhia Elbegdorj နှင့် ကွန်ဖရင့် မစတင်မီ ခေတ္တနားနေခန်း၌ တွေ့ဆုံပြီး ဆွေးနွေးခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲတွင် မွန်ဂိုလီးယားနှင့် မြန်မာနိုင်ငံတို့အကြား သဘာဝသယံဇာတ အရင်းအမြစ်ကြွယ်ဝမှုချင်း နီးစပ်သည့်အတွက် မွန်ဂိုလီးယားနိုင်ငံ၏ အတွေ့အကြုံ၊ နည်းပညာများကိုရယူပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူပေါင်းဆောင်ရွက်သွားနိုင်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် သာမက နိုင်ငံတကာသို့ စီးပွားရေးတံခါးဖွင့်ထားပြီးဖြစ်ရာ မွန်ဂိုလီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် က ပြောကြားပြီး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ဆက်ဆံမှုတိုးမြှင့်နိုင်ရေးတို့အား အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဟိုင်နန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဂျာမနီနိုင်ငံ အလုပ်သမားရေးရာနှင့် လူမှုရေးဝန်ကြီးဌာန State Secretary နှင့်အဖွဲ့အား တွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျာမနီနိုင်ငံ၊ အလုပ်သမားရေးရာနှင့် လူမှုရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကိုရီးယားနိုင်ငံ၊ KOTRA မှ Executive Vice-President နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ်အုပ်ချုပ်ရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇွန် ၁၆ ရက် နံနက် ၉း၀၀ နာရီက ဂျာမနီနိုင်ငံ၊ အလုပ်သမားရေးရာနှင့် လူမှုရေးဝန်ကြီးဌာန၊ State Secretary ဖြစ်သူ Mrs. Yasmin Fahimi အား လည်းကောင်း၊ ၁၁:၀၀ နာရီတွင် ကိုရီးယားနိုင်ငံ၊ KOTRA မှ Executive Vice-Presidentဖြစ်သူ Mr. Yun Won- Sok အားလည်းကောင်း၊ ၁၃:၀၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. LIU Cigui အားလည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမနှင့် ဧည့်ခန်းမတို့၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဂျာမနီနိုင်ငံ၊ အလုပ်သမားရေးရာနှင့် လူမှုရေးဝန်ကြီးဌာနမှ State Secretary နှင့် တွေ့ဆုံရာတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပြဿနာများအား ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဂျာမနီနိုင်ငံ၏ အတွေ့အကြုံများအား မျှဝေပေးနိုင်ရေး၊ အလုပ်ရှင်များဘက်မှ Corporate Social Responsibility (CSR) နှင့်စပ်လျဉ်းပြီး ဆောင်ရွက် သွားသင့်သည့် ကိစ္စရပ်များနှင့် အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၂၀ သို့ ➲

## မြန်မာ-မွန်ဂိုလီးယား အမှုဆောင်အရာရှိချုပ်အဆင့် ကွန်ဖရင့်ကျင်းပ

မြန်မာ-မွန်ဂိုလီးယား အမှုဆောင်အရာရှိချုပ်အဆင့် ကွန်ဖရင့်ကို ဇွန် ၁၆ ရက်တွင် နေပြည်တော် The Lake Garden Hotel ၌ကျင်းပရာ မွန်ဂိုလီးယားနိုင်ငံသမ္မတ H.E.Mr.Tsakhia Elbegdorj နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။ ကွန်ဖရင့်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မွန်ဂိုလီးယားသမ္မတနိုင်ငံ၊ ကုန်သည်စက်မှုအသင်းဥက္ကဋ္ဌတို့ကလည်း မိန့်ခွန်းပြောကြားခဲ့ပါသည်။ ကွန်ဖရင့်တွင် ဘဏ်လုပ်ငန်း ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုတူးဖော်ခြင်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ မွန်ဂိုလီးယားနိုင်ငံဘက်မှ စာတမ်းလေးခုနှင့် မြန်မာဘက်မှ စာတမ်းငါးခု တင်သွင်းခဲ့ကြပါသည်။

စာတမ်းဖတ်ကြားခြင်းအစီအစဉ်အပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် မွန်ဂိုလီးယားသမ္မတနိုင်ငံ ကုန်သည်စက်မှုအသင်း ဥက္ကဋ္ဌတို့မှ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးခဲ့ကြပြီး မြန်မာ - မွန်ဂိုလီးယား စီးပွားရေးကောင်စီ တည်ထောင်ခြင်းအား ကြေညာခဲ့ပါသည်။ ကွန်ဖရင့်သို့ မွန်ဂိုလီးယားနိုင်ငံဘက်မှ ၃၆ ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိ သူများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ ကွန်ဖရင့်တွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများအား ဆွေးနွေးခဲ့ကြပြီး အနာဂတ် ကုန်သွယ်ဆက်ဆံ ရေး တိုးမြှင့်မှုများရနိုင်မည်ဟုခန့် မှန်းရပါ သည်။

**ဒေါက်တာထိန်လင်း**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
ဝင်းလွင်

**စာတည်းမှူးချုပ်**
ညဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်ကြည်ချယ်ရီမောင်၊
ချိုသက်မူ၊ ဝင်းဝင်းစမ်း။

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး
အုန်းခင်

**ကွန်ပျူတာ**
မြတ်ဆုလှိုင်၊ သင်းသီရိအောင်
ငြိမ်းချမ်းအောင်မြင့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်တင်ပို့မှုလျော့ကျပြီး ဆန်ကွဲပိုမိုတင်ပို့

ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း ကန်ဒေါ်လာ ၅ ဒသမ ၇၁၀ သန်းဖိုးရှိ ဆန်ဖြူတန် ၁၅၅၉၀ ကျော်ကို မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၈၇၆၈ တန်နဲ့ဧည့်မထဆန် ၁၉၁၉ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၈၈ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၇၁၅ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခင်တစ်ပတ် ဆန်တင်ပို့မှုထက် ၁၈၈၃ တန်လျော့နည်းခဲ့ပါတယ်။ ဆန်တင်ပို့မှု လျော့နည်းသော်လည်း ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု ပိုမိုခဲ့ပါတယ်။ မူဆယ်မှ ၄၃၆၇ တန်နဲ့ လွယ်ဂျယ်မှ ၁၁၇ တန် တင်ပို့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၉၅၂ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ဇွန် ၅ ရက်မှ ၁၁ ရက်အထိ ကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၈၀၆ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၂၅၈ တန် တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ် နိုင်ငံသို့ ငစိန်ဆန် ၂၉၆ တန်၊ ယူအေးအီးနိုင်ငံသို့ ငစိန်ဆန် ၂၅ တန်၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၁၁၄၅ တန်၊ ငစိန်ဆန် တန် ၄၆၀ နဲ့ ပေါင်းဆန် ၃၀၈ တန်၊ စင်ကာပူနိုင်ငံသို့ ပေါ်ဆန်းဆန် ၂၄ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် ဆန်တင်ပို့မှုထက် တန် ၂၄၀၀ ကျော်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ ၈၃၇၅ တန်၊ ကန်ဒေါ်လာ ၂ ဒသမ ၃၀၉ သန်းဖိုးဖြစ်ပြီး စင်ကာပူနိုင်ငံသို့ တန် ၇၅၀ နဲ့ အီးယူနိုင်ငံများသို့ ၇၆၂၅ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် ဆန်ကွဲ တင်ပို့မှုထက် တန် ၄၂၀၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကုန်သွယ်မှုရေးစခန်းများမှရော ပင်လယ်ရေကြောင်းမှပါ ဆန်တင်ပို့မှု လျော့ကျပြီး ဆန်ကွဲတင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ **ယဉ်ယဉ်အေး**

# ထိုင်းအစိုးရက အရန်ဆန်ကို ယခုနှစ်မှာ ဆက်လက်ထားရှိမည်

ယခုနှစ် ဆန်လက်ကျန်များအားလုံး ရှင်းပစ်ရန် အစီအစဉ်ရှိပေမယ့် ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကြောင့် ထိုင်းအစိုးရကလာမယ့် စပါးရာသီမှာ ထွက်ရှိမယ့် ဆန်များကို အရန်ဆန်အဖြစ် ထားရှိသွားမယ်လို့ ထိုင်းကုန်သွယ်ရေးဝန်ကြီးက ဇွန် ၁၅ ရက်မှာ ပြောကြားကြောင်း The Nation သတင်းမှာ ဖော်ပြထားပါတယ်။

ပြည်ပ ကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် Duangporn Rodphaya က အစိုးရအနေနဲ့ ၎င်းတို့ရဲ့ မူလအစီအစဉ်အတိုင်း ဆန်တန်ချိန် ၁ သန်းမှ ၂ သန်းအထိကို လာမယ့်လမှစ၍ အရန်ဆန်အဖြစ် သိုလှောင် သွားမယ်လို့ ပြောကြားပါတယ်။ သိုလှောင်မယ့် ပမာဏဟာ ယမန်နှစ်က ပမာဏထက် ၁၅ရာခိုင်နှုန်းခန့် လျော့နည်းနိုင်သော်လည်း ပြည်တွင်းစားသုံးမှု လိုအပ်ချက်ကတော့ တန်ချိန်၁၀သန်းရှိပြီး ယမန်နှစ်ကာလနဲ့ တူညီတယ်လို့ ညွှန်ကြားရေးမှူးချုပ်က ပြောကြားပါတယ်။

အစိုးရကလည်း သိုလှောင်ထားတဲ့ ယမန်နှစ် လက်ကျန်ဆန်ကို ဝယ်ယူမယ့်သူ ရှာဖွေနေပြီး အားလုံးကို တင်ပို့သွားမှာ မဟုတ်ဘဲ တန်ချိန် အနည်းငယ်ခန့်ကို ဆန်သစ်ပေါ်တဲ့အထိ ထိန်းထားမယ်လို့ သိရပါတယ်။ လက်ရှိသိုလှောင်ထားတဲ့ဆန်လက်ကျန် ပမာဏဟာ တန်ချိန်၁၀ သန်းခန့်ရှိပြီး မကြာမီ စတုတ္ထအကြိမ် ဈေးပြိုင်စနစ်နဲ့ ရောင်းချရာမှာ တန်ချိန် ၂ဒသမ ၂၃ သန်းကျော် ကို ရောင်းချသွားကာ ၈ သန်းကျော်ကိုတော့ ဆက်လက် သိုလှောင်ထားမယ်လို့ Duangporn က ပြောပါတယ်။

အရန်ဆန်အဖြစ်ထားမယ့် ဆန်တန်ချိန် ၈ သန်းအနက် ၃ သန်းဟာ အရည်အသွေးကောင်းမွန်ပြီး တန်ချိန် ၂ သန်းကျော်ကတော့ တိရစ္ဆာန်အစားအစာထုတ်လုပ်ရန်နဲ့ လူစားသုံးရန် သင့်တင့်ပေမယ့် ကျန်တန်ချိန် ၃ သန်းကမူ grade C သို့ချထားတဲ့အတွက် ဓာတ်မြေဩဇာ၊ လောင်စာဆီ ထုတ်လုပ်ရာမှာ ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်တယ်လို့ သတင်းမှာ ဖော်ပြထားပါတယ်။

ရာသီဥတုပူပြင်းခြောက်သွေ့မှု၊ ဈေးကွက်ဝယ်လိုအား မြင့်တက်မှုများကြောင့် အစိုးရအနေနဲ့ လာမယ့်လမှာ ဆန်တန်ချိန် ၁ သန်းမှ ၂ သန်းအထိကို ဆက်လက်ပြီး ဈေးပြိုင်စနစ်နဲ့ ရောင်းချသွားမယ်လို့ Duangporn က ပြောပါတယ်။ တချိန်တည်းမှာ အစိုးရရဲ့ ဈေးပြိုင်စနစ်နဲ့ ရောင်းချရန် သတ်မှတ်ထားတဲ့ ဆန်တန်ချိန် ၂ ဒသမ ၂၃ သန်းကိုဝယ်ယူဖို့အတွက် ဆန်ကုန်သည် ၆၄ ဦးစာရင်းကို ရရှိထားပြီး ဖြစ်တယ်လို့ သူမရဲ့ ဌာနကသတင်းပို့ထားကြောင်း၊ဒီဆန်တွေကို ဈေးကွက်ပေါက် ဈေး သို့မဟုတ် ဈေးကွက်ပေါက်ဈေးထက် အနည်းငယ်လျော့ပြီး ဈေးပြိုင်တင်လာပါက ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း၊ လာမယ့်နှစ်မှာ ထိုင်းနိုင်ငံအနေနဲ့ ပြည်ပသို့ ဆန်တန်ချိန် ၉ ဒသမ ၅ သန်း တင်ပို့ရန် လျာထားကြောင်း ပြောကြားပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ ဇွန်လ ဒုတိယပတ်အထိကာလမှာ တန်ဖိုးအားဖြင့်ဘတ် ၇၁ ဒသမ ၆၈ ဘီလီယံ ဆန်တန်ချိန်အားဖြင့် ၄ဒသမ ၆ သန်းဖိုး တင်ပို့ထားပြီး ဖြစ်ပါတယ်။ ယမန်နှစ် ကာလတူထက် တင်ပို့မှု တန်ချိန် ၉ ရာခိုင်နှုန်း ပိုမိုခဲ့သော်လည်း တန်ဖိုးအားဖြင့် ပြောင်းလဲမှုမရှိဘူးလို့ သိရပါတယ်။ အစိုးရသစ်တက်လာတဲ့ အချိန်ကစပြီး သိုလှောင် ဆန်တန်ချိန် ၁၈ သန်းကျော်ရှိပြီး တန်ချိန် ၉ ဒသမ ၇၁ သန်း၊ တန်ဖိုးအားဖြင့် ဘတ် ၁၁၁၅ ဒသမ ၄ ဘီလီယံကျော်ဖိုးတင်ပို့နိုင်ခဲ့တယ်လို့ Duangporn က ပြောကြားပါတယ်။ **ပိတောက်**



# ပြည်ဈေးကွက်မှာ ခွဲစက်သမားများ ကုလားပဲ ပုံမှန်အဝယ်ရှိနေ

ပြည်ပဲဈေးကွက်မှာ ပြည်ပဝယ်လိုအားကောင်းတဲ့ မတ်ပဲနှင့် ပဲစင်းငုံသီးနှံကဲ့သို့ ဈေးကောင်းရနေတဲ့ ပဲကတော့ ကုလားပဲသီးနှံဖြစ်ပါတယ်။ ယခုနှစ်အတွင်း ကုလားပဲသီးနှံဈေးဟာ မတ်လလယ်မှစ၍ ဈေးမြင့်တက်ခဲ့ပြီး၊ တစ်လထက်တစ်လဈေးတရိပ်ရိပ်တက်လာခဲ့ကာ မေလအတွင်း တစ်တင်း ကျပ် ၄၀၀၀၀ ကျော်ရရှိနေခဲ့ပါတယ်။ ဇွန်လဆန်းအထိ ၎င်းဈေးအတိုင်းဆက်ရှိနေကာ ဒုတိယပတ်မှစ၍ ပဲဈေးအနည်းငယ်ပြန်လျော့သွားလို့ တစ်တင်း ကျပ်၄၀၀၀၀ နဲ့ ဒေသတွင်းပဲခွဲစက်သမားများ ပုံမှန်ဝယ်ယူနေခဲ့ကြလို့ တစ်ရက်အိတ် ၂၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုဇွန်လလယ်အထိ ၎င်းဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ကုလားပဲသီးနှံရဲ့ ယခင်နှစ်က ဇွန်လလယ်က တစ်တင်းကျပ် ၂၅၇၀၀ သာရရှိခဲ့တာကိုလည်းတွေ့ရပါတယ်။**ခင်ဆွေဝင်း-ပြည်**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၆-၆-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၅၆ | ၄၅၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၁ | ၄၄၀ | ▽ | ၃၈၀ | ၃၈၀ | □ | ၃၈၀ | ၃၈၀ | □ | ၄၁၀ | ၄၁၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၆၅ | ၃၆၅ | □ | - | - | - | - | - | |
| ဆန်ဖြူ ၂၅% | ၄၂၂ | ၄၂၁ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၆၀ | ၃၆၀ | □ | ၃၇၀ | ၃၇၀ | □ |
| ပေါင်းဆန် | ၄၃၅ | ၄၃၅ | □ | - | - | - | ၃၇၀ | ၃၇၀ | □ | ၄၁၅ | ၄၁၅ | □ |

Source: oryza.com

# ပြည်တွင်းမြို့ကြီးများ၏ (၁၇-၆-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၄၀၀ | □ | ၂၁၅၀၀ | □ | ၈၇၄၀ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၅၀၀ | △ | ၇၇၁၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၀၀၀ | □ | ၃၁၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၃၁၀၀၀ | □ | ၁၁၀၅၀ | □ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၃၀ | △ | ၂၂၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၇၅၀၀ | △ | - | - | ၃၇၀၀၀ | △ |
| မကွေး | ၈၇၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၆၅၀၀ | □ |
| မော်လမြိုင် | ၆၂၀၀ | △ | ၂၂၀၀၀ | □ | ၇၈၀၀ | △ | ၂၈၅၀၀ | □ |
| လိှုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၂၆၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စုံအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ၁၃-၆-၂၀၁၆ မှ ၁၇-၆-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 270 | 13,839,327.140 |
| 2 | Form D | 43 | 3,268,561.900 |
| 3 | Form E | 69 | 1,296,663.540 |
| 4 | Korea GSP | 4 | 83,003.120 |
| 5 | Form AK | 40 | 2,540,391.870 |
| 6 | Form AJ | 14 | 630,785.620 |
| 7 | Form AI | 78 | 3,648,855.440 |
| 8 | Form AANZ | 3 | 1,240.820 |
| 9 | Form DFTP | - | - |
| **Grand Total** | | **521** | **25,308,829.450** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၇-၆-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၀/၆ | ၁၇/၆ | ပြောင်းလဲမှု | ၁၀/၆ | ၁၇/၆ | ပြောင်းလဲမှု | ၁၀/၆ | ၁၇/၆ | ပြောင်းလဲမှု | ၁၀/၆ | ၁၇/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၈၆၆ | ၂၉၉၅ | ▲ | ၂၆၃၃ | ၂၈၁၇ | ▲ | ၂၇၀၀ | ၂၉၂၅ | ▲ | ၂၆၀၀ | ၂၈၅၀ | ▲ |
| ၂ | ပဲစင်းငုံ | ၂၅၁၆ | - | - | - | - | - | ၂၄၇၅ | ၂၄၇၅ | ■ | ၂၄၁၀ | ၂၄၉၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၄၁၅ | ၁၄၃၀ | ▲ | ၁၇၂၄ | ၁၆၃၆ | ▼ | ၁၇၃၇ | ၁၅၇၉ | ▼ | ၁၅၈၀ | ၁၅၈၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၅၀၀ | ■ | - | - | - | - | - | - | - | ၁၉၉၀ | - |
| ၅ | ပဲလွန်းဖြူ | ၉၈၀ | ၁၀၁၅ | ▲ | ၁၀၁၇ | ၉၁၇ | ▼ | ၇၂၅ | ၇၀၀ | ▼ | ၁၂၅၀ | ၁၂၉၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၈၀၀ | ၈၀၀ | ■ | ၆၀၆ | ၆၀၅ | ▼ | ၅၉၅ | ၅၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၄.၆.၁၆)ထိ | ယခုတစ်ပတ် (၁၁.၆.၁၆)ထိ | (၁.၁.၁၆) မှ (၁၁.၆.၁၆) ထိ |
| မတ်ပဲ | ၄၈၄၂၄ | ၃၂၃၆၀ | ၂၈၄၅၃၈ |
| ပဲတီစိမ်း | ၁၁၄၉၁ | ၆၃၀၇ | ၁၂၁၃၆၃ |
| ပဲစင်းငုံ | ၉၆၀၂ | ၆၈၈၈ | ၁၄၂၀၉၇ |
| ကုလားပဲ | ၁၅၄၈ | ၄၀၄ | ၁၃၇၀၇ |
| ပဲလွန်းဖြူ | ၁၀၃၂ | ၆၆၀ | ၁၁၄၇၈ |
| မြေထောက်ပဲ | ၁၂၁၂ | ၃၈၃ | ၅၉၄၅ |



## မုံရွာကုန်စည်ဒိုင်တွင် ဇွန်လလယ်ပဲဈေးကွက် ငုံနီဈေး အနည်းငယ်တက်လာ

မုံရွာကုန်စည်ဒိုင် ဇွန်လလယ်ပဲမျိုးစုံ ဈေးကွက်မှာ ပြည်ပဝယ်လိုအားရှိတဲ့ ပဲစင်းငုံ၊ စိမ်းကြီးနဲ့ မတ်ပဲတို့ ဈေးအသီးသီး မြင့်လာခဲ့ပြီး အရောင်းအဝယ်အနည်းငယ်သွက်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်မှ သိရပါတယ်။ အထူးသဖြင့် ငုံနီဈေး ကွက်မှာ တစ်ရက်တစ်ဈေး ဖြည်းဖြည်းချင်းဈေးမာလာခဲ့ရာ ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၄၉၇၀၀ အထိ ဈေးအမြင့်ဆုံးပေါက်ခဲ့ပြီး တစ်ရက် အိတ် ၇၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေတယ်လို့ဆိုပါတယ်။ ယခုနှစ်ငုံနီစိုက်ပျိုးရာသီ ရောက်နေရာ ယနေ့အထိ မုံရွာမြို့နယ်အတွင်း ငုံနီဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီလို့ သိရပါတယ်။

ယခုတစ်ပတ်စိမ်းကြီးဈေးကွက်မှာတော့ ဈေးအနည်းငယ်အေးခဲ့ကာ စိမ်းကြီးတစ်တင်း ကျပ် ၂၉၀၀၀ မှ ကျပ် ၃၀၀၀၀ နဲ့ စိမ်းသေး ကျပ် ၂၅၀၀၀ မှ ကျပ် ၂၇၀၀၀ ပေါက်ဈေးအနိမ့်ဆုံးဖြစ်ခဲ့ကာ တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဝယ်လက်အနေနဲ့ တရုတ်ဝယ်လက်နဲ့ ဒေသတွင်းခွဲစက်သမားတွေဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်မှ ဆိုပါတယ်။

ယခုတစ်ပတ်မှာ မတ်ပဲတစ်တင်း ကျပ် ၅၇၀၀၀ အထိ အမြင့်ဆုံးဈေးပေါက်ခဲ့ပေမယ့် နယ်အဝင်နည်းလို့ တစ်ရက် အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါ တယ်။ ကျန်ပြည်တွင်းသုံးပဲတွေအနေနဲ့ ကုလားပဲမျိုးစုံဈေး ကွက်မှာ V2 တစ်တင်း ကျပ် ၃၉၃၀၀ ၊ 929 နဲ့ ထိုင်ဝမ်တစ် တင်း ကျပ် ၃၈၀၀၀ ဖြင့် ဈေးဆက်လက်မာနေပြီး၊ ပြည်ပဝယ်လက်မရှိပေမယ့် ဒေသတွင်းလုပ်ငန်းသုံးဝယ်လိုအား ပုံမှန်ရှိတဲ့အတွက် တစ်ရက် အိတ် ၇၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## မန္တလေးတိုင်းကုန်စည်ဒိုင်ရဲ့ ၂၀၁၆ ခုနှစ် ဇွန်လ တတိယ ပတ် အရောင်းအဝယ်ဖြစ်တဲ့ ပဲ ၊ ပြောင်း ၊ နှမ်းများရဲ့ ဈေးနှုန်းနဲ့ဈေးကွက်

၂၀၁၆ ခုနှစ် ဇွန်လ တတိယပတ် မန္တလေးကုန်စည်ဒိုင် (ပွဲစားကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ လာရောက်ပြီး အရောင်းအဝယ်ပြုလုပ်တဲ့ လယ်ယာထွက်ကုန်သီးနှံများရဲ့ ပေါက်ဈေးနဲ့ ယခင်တစ်ပတ်ကာလတူ ပေါက်ဈေးများကို နှိုင်းယှဉ်ပါက-

**တစ်ပိဿာ-ကျပ်**

| စဉ် | သီးနှံအမည် | ဇွန်လ ဒုတိယပတ် | | ဇွန်လ တတိယပတ် | |
|---|---|---|---|---|---|
| | | နိမ့် | မြင့် | နိမ့် | မြင့် |
| ၁ | ပဲတီစိမ်းရွှေဝါ | ၁၆၈၉ | ၁၈၈၄ | ၁၆၈၉ | ၁၈၆၇ |
| ၂ | ပဲတီစိမ်းအညာ | ၁၆၁၈ | ၁၈၁၃ | ၁၆၀၀ | ၁၆၇၁ |
| ၃ | ပဲလွန်းဖြူ | - | ၁၀၁၇ | ၁၀၀၀ | ၁၀၈၃ |
| ၄ | ပဲကြီး | - | ၁၄၈၄ | ၁၃၅၇ | ၁၅၃၈ |
| ၅ | ပဲပုပ်(ရှမ်း) | ၈၄၅ | ၉၉၅ | ၉၀၁ | ၁၀၁၄ |
| ၆ | ပဲပုပ်(ဗမာ) | - | ၉၃၃ | ၉၅၈ | ၉၃၃ |
| ၇ | ပဲယင်း | | ၇၃၃ | ၇၁၇ | ၇၃၃ |
| ၈ | ထောပတ်ပဲ | | ၈၀၀ | ၆၃၁ | ၈၁၈ |
| ၉ | နိုင်လွန်ပဲ | ၈၁၀ | ၈၉၅ | ၈၁၀ | ၈၇၈ |
| ၁၀ | မြေထောက်ပဲ | ၁၀၇၄ | ၁၁၆၇ | ၁၀၁၉ | ၁၁၆၇ |
| ၁၁ | မတ်ပဲ | ၂၆၁၇ | ၂၆၃၃ | ၂၇၅၀ | ၂၇၆၇ |
| ၁၂ | ပြောင်းဖူးစေ့(ရှမ်း) | ၄၂၆ | ၄၃၅ | ၄၃၅ | ၄၄၁ |
| ၁၃ | ပြောင်းဖူးစေ့(ဗမာ) | ၄၁၇ | ၄၂၆ | ၄၁၇ | ၄၂၆ |
| ၁၄ | ပြောင်းဖူးစေ့ (ယဏ) | ၄၃၉ | ၄၄၈ | ၄၄၄ | ၄၅၀ |
| ၁၅ | အထွက်တိုးပြောင်း | - | ၅၂၈ | ၅၁၉ | ၅၂၈ |
| ၁၆ | ဆန်ပြောင်း | - | ၅၂၃ | ၅၂၃ | ၅၃၂ |
| ၁၇ | ပဲနီပြား | ၁၁၂၂ | ၁၂၃၁ | ၁၀၈၆ | ၁၁၇၆ |
| ၁၈ | နှမ်းဖြူ | ၂၀၀၀ | ၂၁၁၁ | ၂၀၀၀ | ၂၁၁၁ |
| ၁၉ | နှမ်းညို | ၁၄၆၇ | ၁၆၆၇ | ၁၅၁၁ | ၁၇၅၆ |
| ၂၀ | နှမ်းနက် | ၂၀၀၀ | ၂၁၁၁ | ၂၀၀၀ | ၂၁၁၁ |
| ၂၁ | နှမ်းနက် (စမုံ) | ၃၄၄၄ | ၃၆၀၀ | ၃၅၅၆ | ၃၇၁၁ |
| ၂၂ | ပန်းနှမ်း | ၂၀၆၇ | ၂၁၁၁ | ၂၁၅၆ | ၂၁၇၈ |
| ၂၃ | မြေပဲ (၂၁လုံးဆန်) | ၂၉၀၀ | ၃၀၅၀ | ၂၈၅၀ | ၂၉၅၀ |

ယခုတစ်ပတ်မှာ ပဲတီစိမ်းရွှေဝါဈေးနှုန်းမှာ ယခင် တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၁၇ ကျပ် (တစ်တန် ၁၀၄၁၁ ကျပ်) ဈေးအေးသလို ပဲတီစိမ်းအညာလည်း တစ်ပိဿာ ၁၄၂ ကျပ် (တစ်တန် ၈၆၉၅၉ ကျပ်) နဲ့ ဈေးအေး သွားလို့ဈေးနှုန်းကွာဟမှုအနည်းငယ်နဲ့ နေ့စဉ် ပဲတီစိမ်း သုံးတင်းအိတ် ၁၂၀၀ ခန့်၊ ပဲလွန်းဖြူ ၊ ပဲကြီး၊ ပဲပုပ်၊ ထောပတ်ပဲ၊ မတ်ပဲ များမှာ ယခင် တစ်ပတ် ကာလတူ ဈေးအထက်နဲ့ အရောင်းအဝယ် ဖြစ်ပါတယ်။ နေ့စဉ်ပဲလွန်းဖြူကို သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲကြီးမှာ သုံးတင်းအိတ် ၃၅၀ ကျော်၊ ပဲပုပ်မှာသုံးတင်းအိတ် ၅၀၀ ကျော်၊ ထောပတ်ပဲ သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး မတ်ပဲမှာ ယခင်လ ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၁၃၄ ကျပ် (တစ်တန် ၈၂၀၆၀ ကျပ်) ဈေးမာနဲ့ နေ့စဉ် သုံးတင်းအိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပဲပုပ်(ဗမာ)၊ ပဲယင်း၊ ထောပတ်ပဲများမှာ ယခင်တစ်ပတ်ကာလတူဈေးနှုန်းနဲ့ အပြောင်းအလဲမရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပြောင်းဖူးစေ့များမှာ ယခင်လကာလတူဈေးနှုန်းနဲ့ ဈေးငြိမ်ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် အရောင်းအဝယ်အေးပါတယ်။

နှမ်းရောင်စုံများရဲ့ ယခုတစ်ပတ်အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများမှာ နှမ်းဖြူနဲ့ နှမ်းနက် ယခင်တစ်ပတ် ကာလတူဈေးနှုန်းနဲ့အပြောင်းအလဲမရှိဘဲ နှမ်းညို ၊ နှမ်းနက်(စမုံ)နဲ့ ပန်းနှမ်းမှာ ယခင်တစ်ပတ် ကာလတူဈေးအထက်မှာ ရှိနေပြီး အရောင်းအဝယ် အနည်းငယ် အေးလျက်ရှိပါတယ်။ မြေပဲဆန် (S1 လုံးဆန်)မှာ ယခင် တစ်ပတ်ကာလတူ ဈေးအောက် တစ်ပိဿာ ၁၀၀ ကျပ် (တစ်တန် ၆၁၂၃၉ ကျပ်) ဈေးအေးသွားပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဒီတစ်ပတ်မှာ ပဲတီစိမ်း၊ နိုင်လွန်ပဲနဲ့ ပဲနီပြား ဈေးအေးပြီး ကျန်ပဲအများစု ဈေးမာလျက်ရှိကြောင်း၊ ပြောင်းဖူးစေ့များမှာ ဈေးသာရှိပြီး အရောင်းအဝယ်ပါးကြောင်း၊ ဒေသတွင်းအစာစပ်လုပ်ငန်းများသာဝယ်ယူကြောင်း၊ နှမ်းရောင်စုံများ ဈေးမာပေမယ့် အရောင်းအဝယ်အနည်းငယ်အေးကြောင်း ပစ္စည်းအဝင်ရှိသလောက် ဝယ်ယူမှုရှိကြောင်း၊ မြေပဲဆန်များမှာ ဈေးအနည်းငယ်အေးတဲ့အတွက် လှောင်လက်များမှ ဈေးအမြင့်ကို မျှော်လင့်လျက်စောင့်စားနေကြောင်း၊ မျှော်မှန်းဈေးရပါက ထုတ်ရောင်းမည့်သူများရှိကြောင်း ကုန်သည်ပွဲစားကြီးတစ်ဦးက ပြောကြားခဲ့ပါတယ်။**စိုးအောင်(မန္တလေး)**

## ပြည်မတ်ပဲ ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ကာ ဈေးလည်းမြင့်တက်လာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်း မိုးစပါးပြီးလျှင် ဆောင်းသီးနှံအဖြစ် အဓိကထားစိုက်ပျိုးသော မတ်ပဲသီးနှံသည် နှစ်စဉ်စိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးကြပြီး အခြားပဲများကိုတော့ စိုက်ဧက အနည်းငယ်သာ စိုက်ပျိုးကြပါတယ်။ ဈေးကွက်အတွင်းမှာဆိုရင်လည်း မတ်ပဲဟာ ၂၀၁၅ နှစ်ကုန် ပိုင်းလောက်မှလွဲ၍ ကျန်နှစ်များမှာတော့ တစ်နှစ်တာလုံး အရောင်းအဝယ်ဖြစ်တဲ့ပဲ ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ နှစ်ကုန်ပိုင်းတွင် ပဲလက်ကျန်မရှိတော့အောင်ဖြစ်ခဲ့ရခြင်းမှာ ပဲဈေးနှုန်း များ စံချိန်တင်မြင့်တက်ခဲ့တဲ့အတွက် လက်ဝယ်ရှိသမျှ ထုတ်ရောင်းချခဲ့သလို မျိုးပဲများလည်း ဝယ်ယူချိန်ဖြစ်ခဲ့လို့ အရောင်းအဝယ်ဖြစ်မှုများခဲ့တယ်လို့ သိရပါတယ်။

ၚင်းရာသီတွင် မတ်ပဲတစ်တင်းလျှင် ခုနစ်သောင်းကျော်အထိ ဈေးမြင့် တက်ခဲ့ပြီး မျိုးပဲဝယ်ယူစိုက်ပျိုးသူများအနေဖြင့်လည်း ဈေး အမြင့်နဲ့ ဝယ်ယူစိုက်ပျိုးခဲ့ကြရတယ်လို့ သိရပါတယ်။ ဒါကြောင့် ယခင်နှစ်များကထက် စိုက်ပျိုးထုတ်လုပ်မှု စရိတ်များ ပိုမိုကုန်ကျခဲ့တဲ့အတွက် ပဲသစ်ပေါ်ချိန်မှာ ဈေးကောင်းရသလို အထွက်နှုန်းလည်း ကောင်းမှသာ အကျိုး အမြတ်ရရှိမယ်လို့ ခန့်မှန်းပြီး စိုက်ပျိုးခဲ့ကြတယ်လို့ တောင်သူများထံမှ သိရပါတယ်။

ဒါပေမယ့် ပဲသစ်ပေါ်ချိန်က မတ်ပဲဈေးမှာ တစ်တင်း ကျပ် ၅၉၀၀၀ နဲ့ ဈေးဖွင့်ခဲ့တဲ့အတွက် ပဲဟောင်းဈေးကို မမီသော်လည်း ယခင်နှစ်တွေက ပဲသစ်ပေါ်ချိန် ဈေးနှုန်းများထက် ဈေးကောင်းရခဲ့ကြပါတယ်။ ယခုနှစ် ပဲစိုက်တောင်သူများအနေနဲ့ ထိုက်သင့်သလောက် ဈေးကောင်းရခဲ့သလို ပဲအထွက်နှုန်းလည်း ကောင်းမွန်ခဲ့တာကြောင့် အကျိုးအမြတ်များရရှိခဲ့ကြသလို ဝင်ငွေများတိုးပွားခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ယခုနှစ် ပဲပေါ်ချိန်မှစ၍ ယခုအချိန်အထိ ပဲဈေးမှာ ပဲအထွက်လှိုင်ချိန် ဖေဖော်ဝါရီ၊ မတ်လများက ဈေး အနည်းငယ်ပြန်အေးသွားခဲ့တာကလွဲ၍ ယခုအချိန်မှာလည်း ပဲဈေးမှာ တစ်တင်း ကျပ်ငါးသောင်းအထက်ရရှိနေခဲ့သလို ယခုရက်ပိုင်းမှာ ပဲဈေးအတက်ဘက် ဦးတည်လာတဲ့အတွက် ကျပ်ခြောက်သောင်းနီးပါး ရရှိလာခဲ့ကြတာကို တွေ့ရပါတယ်။

၂၀၁၅ခုနှစ် ဇွန်လက ဈေးနှုန်းမှာ တစ်တင်း ၄၁၉၀၀ ကျပ်မှ ကျပ် ၄၄၅၀၀ သာရရှိလို့ ကျပ်ငါးသောင်းအောက် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကောင်းရနေခဲ့တယ်ဆိုသော်လည်း ယခုနှစ်မှာတော့ တစ်တင်းတစ်သောင်းခန့် ဈေးပိုရလာခဲ့ပါတယ်။ တချို့ တောင်သူများနဲ့ သိုလှောင်သည့်သူများလည်း ထုတ်ရောင်းချသူများရှိသလို တက်ဈေးမျှော်ကာ သိုလှောင်သူများလည်း ဆက်လက်ရှိနေခဲ့ကြတယ်လို့ သိရပါတယ်။ ဒါကြောင့် ပြည်ပဲဈေးကွက်မှာ ရန်ကုန်ဝယ်လက်က တစ်ရက်ကို အိတ် ၅၀၀ ကျော် ဝယ်ယူနေကြတဲ့အတွက် အရောင်းအဝယ်ဖြစ်ခဲ့သလို ဈေးကလည်း ပဲဈေးကွက်အတွင်း အမြင့်ဆုံးရနေကာ မျက်နှာပန်းလှတဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။ ပြည်ပဝယ်လိုအား ရှိတဲ့ ပဲစင်းငုံသီးနှံကလည်း ဈေးမြင့်တက်လာခဲ့တာကြောင့် မတ်ပဲနဲ့ ပဲစင်းငုံသီးနှံဟာ ဈေးပြိုင်မြင့်တက်ခဲ့ပေမယ့် မတ်ပဲသီးနှံက လက်ကျန်လည်းရှိသလို ပဲအဝင်လည်း ဆက်ရှိနေခဲ့ပြီး ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲကြီးဈေးအတက်အကျ သိပ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်

ပန်းတောင်း၊ ပေါင်းတလည်၊ ရွှေတောင်၊ ကျိုးသဲမြို့နယ်များမှ ပြည်ဈေး ကွက်သို့ ပဲကြီးသီးနှံများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ တစ်ရက် အိတ် ၂၀၀ ကျော်ဝင်ရောက်ခဲ့ပါတယ်။ ပဲကြော်ဖိုလုပ်ငန်းသမားများ ပုံမှန်ဝယ်ယူလို့ (ရွှေကျွန်း) ပဲထက် (ကမ်းနား) ပဲက ပိုအရောင်းသွက်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းများမှာ ပဲကြီး(ရွှေကျွန်း) တစ်တင်းကျပ် ၂၈၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၅၀၀၀ ဖြင့် လဆန်းရက်ကဈေးထက် ဈေးလျော့နည်းသွားခဲ့ ပါတယ်။ ပဲကြီးသီးနှံဈေးနှုန်းမှာ ကုလားပဲသီးနှံကဲ့သို့မဟုတ်ဘဲ နှစ်စမှစ၍ ကျပ်သုံးသောင်းအောက်သာ လျော့နည်း အရောင်းအဝယ်ဖြစ်နေသလို ယခင်နှစ်ကဈေးနှင့်လည်း သိပ်ကွာခြားမှု မရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲစင်းငုံဈေးမြင့်တက်ပြီး ဝယ်လိုအားလည်း ကောင်းခဲ့

ပြည်ပဲဈေးကွက်မှာ မေလလယ်တွင် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲနှင့်ပဲစင်းငုံသီးနှံနှစ်မျိုးစလုံး ဈေးမြင့်တက်လာခဲ့ပါတယ်။ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများ တစ်ခါတစ်ရံ အိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပြည်ပဝယ်လိုအားပေါ် မူတည်၍ ရန်ကုန်ဝယ်လက်က ရောင်းဝယ်ခဲ့ကြလို့ ပဲဈေးမှာ ယခင်တစ်ပတ်ထက် တစ်တင်းကျပ် နှစ်ထောင်ကျော် ရရှိခဲ့တာကြောင့် ယခုဇွန်လလယ်ဈေးမှာ တစ်တင်း ကျပ် ၄၉၃၀၀ ရရှိခဲ့ပါတယ်။ ယခင်နှစ် ဇွန်လလယ်က ပဲစင်းငုံဈေးမှာ တစ် တင်း ကျပ် ၄၁၅၀၀ သာရရှိလို့ ယခုနှစ်မှာဈေးပိုရလာပြီး ဝယ်လိုအားလည်း ကောင်းနေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေး ဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း အမှတ်စဉ်(၈) ကို ဇွန် ၁၅ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို အဆိုပါသင်တန်း ကျောင်းတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး၌ ကျင်းပခဲ့ရာ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျော့မှုများ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုပညာ ပြန့်ပွားရေး တို့ကို စဉ်ဆက်မပြတ်ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ပိုမိုမြန်ဆန်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပြီး ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကိုလည်း နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့သော လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လုပ်ငန်းနယ်ပယ်အသီးသီးရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်ပါတယ်။

ဒါကြောင့် ကုန်သွယ်ရေးကဏ္ဍစဉ်ဆက်မပြတ် တိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၁၂ ခုနှစ် ဧပြီလမှစတင်၍ ကုန်သွယ်မှုသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ရာ ၂၀၁၆ ခုနှစ်အထိ ကုန်သွယ်မှုသင်တန်း ခုနစ်ကြိမ်နှင့် အဆင့်မြင့်သင်တန်း သုံးကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၆၀၁ ဦး တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် ရက် ၁၀၀ စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် Fully Online Licensing System ကို စတင်ကျင့်သုံးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ရာတွင် ပို့ကုန် ၂၈မျိုး၊ သွင်းကုန် ၁၅ မျိုး ကို စတင်ဆောင်ရွက်ပေးခဲ့ပြီး လာမယ့် ဇူလိုင်လမှာ CMP စနစ်ရဲ့လိုင်စင်လျှောက်ထားမှုများကို Fully Online Licensing System ဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့သော အကြောင်းအရာများကိုလည်း ယခုသင်တန်းတွင် ထည့်သွင်းပို့ချသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၁၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊သောကြာနေ့တို့တွင် နံနက် ၉နာရီမှ နေ့လယ် ၁၂နာရီအထိ တက်ရောက်ရမည်ဖြစ်ရာ သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် KOIMA တို့ပူးပေါင်းပြီး Myanmar-Korea Business Forum & Seminar ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် Korea Importers Association (KOIMA) တို့ ပူးပေါင်းပြီး "Myanmar-Korea Business Forum & Seminar" ပွဲကို Sule Shangri-La ဟိုတယ်၌ ဇွန် ၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ၊ သံအမတ်ကြီး H.E Mr. Yoo Jae Kyung ၊ Korea Importers Association (KOIMA) ဥက္ကဋ္ဌ Mr. Myoung - Jin Shin ဦးဆောင်သည့် ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ညွှန်ကြားရေးမှူး ဒေါ်နော်မူတာကပေါနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒေါက်တာမျိုးသက်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများ၊ ပဲနှင့်နှမ်းမျိုးစုံကုန်သည်များအသင်း၊ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ သစ်လုပ်ငန်းရှင်များအသင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ကြက်သွန်ဖြူနှင့် စားဖိုချောင်သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ အပါအဝင် စုစုပေါင်း ၁၄၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ၊ သံအမတ်ကြီး H.E Mr. Yoo Jae Kyung ၊ Korea Importers Association (KOIMA) ဥက္ကဋ္ဌ Mr. Myoung - Jin Shin ၊ UMFCCI ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်အမှာစကားများကို အသီးသီးပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဒေါ်နော်မူတာကပေါက မြန်မာ-ကိုရီးယား ကုန်သွယ်မှုအခြေအနေနှင့် ပတ်သက်သည့် အကြောင်းအရာများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ကိုရီးယားနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးတွေ့ဆုံပွဲများ နေ့လယ် ၁၄:၀၀ နာရီမှ ၁၇:၀၀ နာရီ အထိပြုလုပ်ခဲ့ကြပါသည်။ Myanmar-Korea Business Forum & Seminar ပွဲသို့ မြန်မာလုပ်ငန်းရှင် ၁၀၀ ခန့် တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား အပြန်အလှန် ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြပါသည်။

**MTC (YGN)**

## 2nd Workshop Mid-Term Interim Reporting of MYANTRADE ကျင်းပ

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ MYANTRADE ရဲ့ ပင်မစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေအပေါ် အစီရင်ခံတင်သွင်းခြင်းဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၅ ရက်က နိုဗိုတယ် ဟိုတယ်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ KOICA (Korea International Cooperation Agency နဲ့ KOTRA (Korea Trade Investment Promotion Agency) တို့ ပူးပေါင်းကျင်းပခဲ့ပါတယ်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က MYANTRADE ပရောဂျက်က KOICA မှ ဆောင်ရွက်နေတဲ့ ပရိုဂျက်များ အနက်မှ တစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ကုန်သွယ်ဖက်များနှင့် မြန်မာ့ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို ဖွဲ့စည်းထူထောင်ထားခြင်းဖြစ်ကြောင်း၊ "မြန်မာနိုင်ငံတွင် ပြုလုပ်သည့် (Made in Myanmar) ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်မှုနဲ့ ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရေးသည် MYANTRADE ၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြန်မာ့စီးပွားရေးအပေါ် သုံးသပ်ချက်အရ ဧပြီလမှ ဒီဇင်ဘာလအထိ သုံးလပတ်ကာလ သုံးခုရဲ့ ကုန်သွယ်မှုပမာဏက ယမန်နှစ်ကာလတူ ထက် ၁၂ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ ယခုလို ကျဆင်းခဲ့တာကလယ်ယာထွက်ကုန်တင်ပို့တဲ့ ပမာဏလျော့ကျသလို ဈေးနှုန်းလည်း ကျဆင်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလိုငွေကို တိုးမြှင့်စေတဲ့အပြင် ငွေလဲနှုန်းအပေါ်လည်း ဖိအားပေးလျက် ရှိကြောင်း ပြောကြားခဲ့ပါတယ်။

MYANTRADE အနေနဲ့ မြန်မာ့ SMEs လုပ်ငန်းများမှထွက်ရှိလာတဲ့ ပို့ကုန်များကို ပြည်ပသို့ပို့ကုန်တင်ပို့နိုင် ရေးအတွက် ကူညီပေးသွားမှာဖစ်ကြောင်း၊ ပြည်ပသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး၊ စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးသွားမှာဖြစ်ကြောင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး မြန်မာအခြေပြုပို့ကုန်များအား ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ရေး ဆက်စပ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ အဓိကအားဖြင့် ပို့ကုန်လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ ကုန်သွယ်မှုနဲ့ ဈေးကွက်သတင်းအချက်၊ ကုန်သွယ်မှုအကြံပြုရေးနှင့် ပံ့ပိုးရေးတို့ကို KOTRA ရဲ့ ကူညီပံ့ပိုးမှုနဲ့ မြန်မာ့စီးပွားရေးကို တိုးမြှင့်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်မံပြောကြားခဲ့ပါတယ်။

**PADAUK**

# ချင်း

## အောင်ပန်းဈေးကွက်မှာ ချင်းအဝယ်နည်းလာ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းအဝင်နည်းလာသလို အရောင်းအဝယ်ကလည်း ပါးနေပါတယ်။ အချို့ဒေသတွေမှာ ရေကြီးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတာကြောင့် အဝယ်လည်းရပ်နေတယ်လို့သိရပါတယ်။ ဈေးပတ်သမားတွေရဲ့ ဝယ်လိုအားက အတော်လျော့သွားပြီး တစ်ပတ်အတွင်း ပိဿာချိန်ငါးရာ၊ ခြောက်ရာခန့်သာ ရောင်းခဲ့ရတယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် ဒေသတွင်းက ချင်းညှံ့စတွေကို ပြန်ဝယ်ယူပြီး ပြုတ်ခြောက်လုပ်တာကြောင့် အရောင်းအဝယ်ပြတ်မသွားကြောင်း ဈေးကွက်မှသိရပါတယ်။ အစိုအတိုင်းရောင်းရတာသိပ်မရှိလို့ အချို့ခြံရှင်တွေဆိုရင် ချင်း(ခတ်လှ/ကြီး) တွေကိုပါ ပြုတ်ခြောက်လုပ်ပစ်ရတယ်လို့လည်း သိရပါတယ်။ ချင်းခြောက်တွေကို နွေရာသီက တစ်ပိဿာကို ကျပ် ၂၀၀၀ မှ ကျပ် ၂၃၀၀ အထိဈေးပေါက်ခဲ့ပြီး ပိဿာချိန်လည်း တစ်သောင်းခွဲခန့် ရောင်းခဲ့ရပါတယ်။ အဲဒီနောက် ဝယ်လက်နည်းသွားပြီး ဒီတစ်ပတ်ဆိုရင် တစ်ပိဿာကို ကျပ် ၁၈၀၀ မှ ကျပ် ၂၀၀၀ ဈေးသာပေါက်ပါတယ်။ ခပ်စောစော ပြန်စိုက်တဲ့ချင်းတွေကတော့ ဥမအဖြစ် ပြန်ဖော်လို့ရပေမယ့် မိုးကောင်းနေလို့သယ်လို့မရသေးဘူးလို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို) တစ်ပိဿာပေါက်ဈေးက (ညှံ့စ)ဆိုရင် ကျပ်၃၀၀ မှ ၄၀၀၊ (လတ်စ) က ကျပ် ၅၀၀ (ထိပ်စ) က ကျပ် ၆၀၀ မှ ၆၅၀ ဈေးရှိပါတယ်။

**ဧခိုင်(တောင်ကြီး)**

## ပြည်ချင်းဈေးကျပေမယ့် အရောင်းအဝယ်အေး

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်ပန်းချင်းများ ပိဿာ ၃၀ ဝင်အိတ် ၁၀ အိတ်ခန့် ဝင်ရောက်လာသလို ယခင်တစ်ပတ်ထက် အဝင်နည်းသွားပြီး၊ ဈေးကွက်အတွင်း ပွဲရုံလုပ်ငန်းရှင်များက ပစ္စည်းလက်ကျန်များကို ယခင်တစ်ပတ်ကထက်ဈေးအနည်းငယ်ချပြီး အရောင်းအဝယ်လုပ်လျက်ရှိပါတယ်။ ဈေးကျပေမယ့် ပြည်ချင်းဈေးကွက်တွင် မိုးများအဆက်မပြတ်ရွာသွန်းနေသောကြောင့် အဝယ်မလိုက်ဘဲ (ရှယ်) ချင်းတစ်ပိဿာကို ကျပ် ၁၀၀၀ -ကျပ် ၁၂၀၀၊ (ဂွန်)ကျပ် ၇၀၀မှ ကျပ် ၈၀၀ တို့နဲ့ တစ်နေ့ကို ပိဿာချိန် ၁၀၀ ခန့်နဲ့ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့လည်း၊ ယခုတစ်ပတ်မှာ စားသုံးမှုအဖြစ် ဈေးကွက်မှတစ်ဆင့် တစ်နေ့ကို ယခင်တစ်ပတ်ကထက် ထက်ဝက်ခန့်သာ ရောင်းဝယ်တင်ပို့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

## ဘရူနိုင်းနိုင်ငံသို့ ချင်း ၅၆ တန် တင်ပို့

ဇွန် ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း လမ်းမှ ချင်း ၅၆ တန်ကို ဘရူနိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်း ၅၄ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် ၂ တန် တင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၀၁၆၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရ ပါတယ်

**သီတာဝင်း (DOT)**

# နနွင်း

## ရှမ်းနနွင်း အရောင်းအဝယ်ကောင်းနေဆဲ

ရှမ်းနနွင်းကတော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ နနွင်းတွေထဲမှာ အရည်အသွေးကောင်းတဲ့ ဆင်တောင်နနွင်းက ဒီနှစ်မှာပိုပြီး အရောင်းသွက်နေပါတယ်။ ရမည်းသင်းဝယ်လက်တွေက ဆင်တောင်နနွင်းကို ထွက်တဲ့ဒေသမှာ အထိုင်ချပြီး ဝယ်ယူနေပါတယ်။ ခြံထဲကဖော်ပြီးတာနဲ့ အစိုအတိုင်းချက်ချင်းဝယ်ယူသွားတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က ပိဿာချိန် ငါးသောင်းခန့် ဝယ်ယူသွားတယ်လို့လည်း ဈေးကွက်မှ သိရှိရပါတယ်။ အစိုအတိုင်း အရောင်း အဝယ်ဖြစ်တာကြောင့် ပြုတ်ခြောက်အဖြစ်ပြုလုပ်လို့ မရတော့ဘဲ ဈေးကွက်မှာလည်း ဆင်တောင်နနွင်းက အဝင်မရှိသလောက်ဖြစ်နေပါတယ်။ ရိုးရိုးစတွေဖြစ်တဲ့ တောင်ပို့လစတွေကိုလည်း ဈေးပတ်သမားတွေနဲ့ ဒေသတွင်းက ဝယ်ယူကြလို့ တစ်ပတ်အတွင်း ပိဿာချိန် လေးသောင်းခွဲ၊ ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်း(ရိုးရိုး) က တစ်ပိဿာ ကျပ် ၁၄၀၀ မှ ကျပ် ၁၅၀၀ ရှိပြီး၊ ဆင်တောင်နနွင်းကတော့ ကျပ် ၂၄၀၀ မှ ကျပ် ၂၅၀၀ ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်မှ သိရှိရပါတယ်။

**ဧခိုင်(တောင်ကြီး)**

## ပြည်ပသို့ နနွင်းတင်ပို့မှုလျော့ကျ

ဇွန် ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း နနွင်း၂၅၁ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်သို့ ၅၆ တန်၊ ပါကစ္စတန်သို့ ၁၅ တန်၊ စင်ကာပူသို့ ၁၄၄ ဒသမ ၅၀ တန်နဲ့ အာရပ်သို့ ၃၆ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ် နနွင်း တင်ပို့မှုမှာ ၃၅၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် ၁၀၆ တန်ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန် ဒေါ်လာ ၁၉၆၀၉၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မူဆယ်စခန်းမှ နနွင်းတက် တန်ချိန် ၁၀၀ ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ် ရေးဇုန်မှ ဇွန်လ ၄ ရက်မှ ၁၀ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၅၄၈၂ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) တန် ၁၁၀ ခွဲ တင်ပို့နိုင်ခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ ၅၇၃၁ တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) ၇ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က နယ်စပ်စခန်းတွေမှ နနွင်းတက်တင်ပို့မှု မရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်ရဲ့ နနွင်းတက်တစ်တန် မိမိဘက်ပေါက်ဈေးဟာ (ငွေလဲနှုန်းအရ) ၉၂၄၅၇၅ ကျပ်ရှိပြီး မြဝတီကုန်စည်ဒိုင်မှာတော့ ၉၁၈၆၁၀ ကျပ်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# မန်ကျည်း

## ဒီတစ်ပတ်မန်ကျည်း တန် ၁၀၀ တင်ပို့

ဇွန် ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၁၀၀ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ် မန်ကျည်း တင်ပို့မှုမှာ ၇၅ တန် ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် ၂၅ တန် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၅၀၀၀ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## ပြည်မန်ကျည်းမှည့် လှောင်လက်တွေထံသာရှိနေ

ပြည်၊ ရခိုင်၊ မန်ကျည်းမှည့်ပွဲရုံများတွင် ဇွန်တတိယပတ်အတွင်း အဝင်မရှိသလောက် ဖြစ်နေပါတယ်။ မန်ကျည်းမှည့်အဝင်များတဲ့ ဧရာဝတီတိုင်းအတွင်း မြို့နယ်များမှာလည်း မရှိသလောက်ဖြစ်နေတယ်လို့ သိရပါတယ်။

မိုးဦးစမှာ မိုးရွာသွန်းမှုများတာကြောင့် လက်ဝယ်ထားရှိမှု ရှားပါးတယ်လို့ပြောပါတယ်။ ပြည်ပွဲရုံများမှာလည်း လှောင်လက်တွေလက်ဝယ်သာရှိနေပြီး အရောင်းအဝယ်လည်း အလွန်အေးတယ်လို့သိရပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့်ပွဲရုံဈေးမှာ အကျမရှိဘဲ ဆက်လက်ငြိမ်နေပါတယ်။ တစ်ပိဿာပေါက်ဈေး (ပွဲရုံ) ကျပ် ၁၄၀၀ နှင့်လက်လီဈေး ကျပ် ၁၆၀၀ တို့ဖြစ်ပါတယ်။

**နီနီဝင်း**

# ကြက်သွန်

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၁၁ လတာ ကာလအတွင်း အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ တန်ချိန် ကိုးသိန်းကျော်တင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ၁၁ လတာကာလတွင်း အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ တန်ချိန် ၉၈၀၅၆၆ တန် တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ် ကာလတူက တန်ချိန် ၉၇၀၄၄၂ တန်တင်ပို့ခဲ့တဲ့အတွက် ကာလတူထက် ၃၃ ရာခိုင်နှုန်းခန့် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ အမျိုးသားဥယျာဉ်ခြံမြေစိုက်ပျိုးရေးသုတေသနနဲ့ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (NHRDF)ကထုတ်ပြန်တဲ့ စာရင်းဇယားများကို ကိုးကားပြီး ဇီးနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ပြီးခဲ့တဲ့နှစ်က ရာသီချိန်မှာ ကြက်သွန်နီတစ်တန်ကို အနိမ့်ဆုံးဈေး အမေရိကန်ဒေါ်လာ ၄၂၅ ဟု သတ်မှတ်ပေးခဲ့သော်လည်း အခါမဟုတ်မိုးရွာသွန်းမှုကြောင့် ကြက်သွန်နီအထွက်နှုန်း ကျသွားသဖြင့် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၇၀၀ အထိ ဈေးမြင့်တက်သွားခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ကြက်သွန်ရာသီတွင် တန်ချိန် ၁၈၉ သိန်း ထွက်ရှိခဲ့တာဖြစ်ပြီး ကြက်သွန်နီ တန်ချိန် ၁၀ သိန်းကျော်ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါတယ်။ မဟာရာသျှတ္တရာ ကာနတာကနဲ့ မဒ္ဒရာပရာဒေ့ရှ် ပြည်နယ်သုံးခုသည် အိန္ဒိယတွင် ကြက်သွန်နီ အများဆုံးထွက်ရှိသော ပြည်နယ်များဖြစ်ကြပါတယ်။ လတ်တလောမှာ လက်လီဈေးနှုန်း တစ်ကီလိုဂရမ်ကို ရူပီး ၂၀-၂၅ ဈေးပေါက်လျက်ရှိပါတယ်။

**CMK**

## ပြည်ကြက်သွန်ဖြူဈေးကွက် ဈေးမကျပေမယ့် ဒေသတွင်းပုံမှန်အရောင်းအဝယ်ဖြစ်

ဇွန်(တတိယပတ်) ပြည်ပွဲရုံကြက်သွန်ဖြူဈေးကွက်တွင် ကြက်သွန်ဖြူအိတ်တွေ အခြားပြည်နယ်၊ တိုင်းများမှ ဝင်ရောက်နေပေမယ့် ဈေးနှုန်းကတော့ ဈေးမကျဘဲ ဈေးငြိမ်လျက်ရှိနေပါတယ်။ ဒေသတွင်း စားသုံးသူတို့၏ သုံးစွဲမှုမှာ ပုံမှန်ရှိနေတာကြောင့် အရောင်းအဝယ်လည်း ပုံမှန်အဆင့်လောက်ရှိကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာဈေး (ပွဲရုံဈေး) (ရှမ်း) ကျပ် ၃၇၀၀ နှင့်(ကြူကုတ်) ကျပ် ၃၃၀၀ တို့ဖြစ်ပြီး ကြူကုတ်ဈေး ကျပ် ၁၀၀ အနည်းငယ်ကျလာတာတွေ့ရပါ တယ်။

ဒေသတွင်းဈေးတွေကတော့ ယခင်တစ်ပတ်အတိုင်းသာ ဈေးနှုန်းဖြစ်ပေါ်နေတာ တွေ့ရပါ တယ်။ (လက်လီ) တစ်ပိဿာဈေး (ရှမ်း) ကျပ် ၄၀၀၀ နှင့် (ကြူကုတ်) ကျပ် ၃၈၀၀ တို့ဖြင့် ရောင်း ဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

**နီနီဝင်း**

## ပြည်ဈေးကွက်မှာ ကြက်သွန်နီ အဝင်နည်းပေမယ့် ဈေးငြိမ်လျက်ရှိ

ပြည်ကြက်သွန်နီဈေးကွက်တွင် ရေနံချောင်း၊ ဆိပ်ဖြူတောင်တွင်း၊ အောင်လံမြို့နယ်များမှ ဆောင်းစိုက်ကြက်သွန်နီများ ဝင်ရောက်မှု နည်းပေမယ့် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။ ပွဲရုံများသို့ တစ်ပတ်အတွင်း ပိဿာ ၃၀ ဝင် အိတ် ၁၅၀၀ ခန့် အဝင်ရှိပြီး ဈေးနှုန်းမှာလည်း တစ်ပိဿာကို (ကြီး) ကျပ်၆၀၀၊ (လတ်) ကျပ် ၅၈၀၊ (သေး) ကျပ် ၅၀၀ နှင့် လက်လီဈေးအသေးများ တွင် (ရှယ်သန့်) ကျပ် ၈၀၀၊ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၆၀၀ တို့နှင့် ဈေးငြိမ်နေတာ တွေ့ရပါတယ်။ အရောင်းအဝယ်မှာ ဒေသတွင်း ပုံမှန်ဝယ်လက်များဖြင့် နေ့စဉ်အိတ် ၂၅၀ ခန့် ပုံမှန်ရောင်းဝယ်မှုရှိနေပါတယ်။

ပြည်ဒေသလက်ကျန်အနေနဲ့ မြန်မာပြည်(အောက်ပိုင်း) စွတ်စိုရာသီများတွင် သိုလှောင်လျှင် အထားမခံသည့်အတွက် ကြက်သွန်နီထွက်ရှိရာ မန္တလေးတိုင်း၊ မကွေးတိုင်းများ၌ ကြက်သွန်နီ အများအပြား သိုလှောင်ထားရှိကြပြီး အရောင်းအဝယ်သွက်မှသာ ပိုမိုမှာယူတင်သွင်းကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားခဲ့ပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

# တရုတ်နိုင်ငံ၏ မဟာဗျူဟာ ဖွံ့ဖြိုးရေးစီမံကိန်းအရ လင်ချန်းနယ်စပ်စီးပွားရေး ပူးပေါင်းမှု စတင်ထူထောင်မည်

| ukfo G fa&;pcef(c; i fa&a [ mf |

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၏ အနောက်တောင်ဘက် လင်ချန်းခရိုင်တွင် နယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တည်ဆောက်ရန် တရုတ်နိုင်ငံအစိုးရက ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်တွင် နိုင်ငံတော်အဆင့် စီမံကိန်းအဖြစ် ခွင့်ပြုခဲ့ပါသည်။ ၎င်းဒေသသည် မြန်မာနိုင်ငံ၏ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း၊ ချင်းရွှေဟော် နယ်စပ်မြို့လေးနှင့် ထိစပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် ၂၉၀ ကီလိုမီတာခန့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး (ကိန်းမ- မိန်းတိန်- ချင်းရွှေဟော်) နိုင်ငံတော်ပထမအဆင့် နယ်စပ်ဂိတ်၊ (ကျိန်းခမ်း-နမ်စန်)၊ (ချန်းယွင်-ယုံဟော်) နိုင်ငံတော်ဒုတိယအဆင့် နယ်စပ်ဂိတ် နှစ်ဂိတ်၊ နယ်စပ်ကုန်စည်ကူးသန်းရန်လမ်းကြောင်း ၁၉ ကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ သွားနိုင်သည့်လမ်းမကြီး ငါးခုနှင့် နယ်စပ်ပြည်သူများ ကုန်စည်ဖလှယ်ရာ ဈေးကွက် စသည်တို့ပါရှိပါသည်။ လင်ချန်းနယ်စပ်စီးပွားရေးပူးပေါင်းမှုဇုန်သည် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်အဆင့် သတ်မှတ်ခြင်းခံရသည့် ဇုန် ၁၇ ခု အနက်မှ တစ်ခုအပါအဝင်ဖြစ်ပါသည်။ တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်အရ နယ်စပ်စီးပွားရေးဇုန် တည်ဆောက်ဖွင့်လှစ်မည့် အဓိကကျရာဒေသအဖြစ် နိုင်ငံတော်မှ ထောက်ပံ့ပေးမည့်စာရင်းတွင် ပါဝင်ခဲ့ပါသည်။ အဆိုပါဒေသမှာ တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်သို့သွားရာ အဓိကကျသည့် နေရာတစ်နေရာဖြစ်ပြီး မြန်မာနိုင်ငံရှိ ကျောက်ဖြူဆိပ်ကမ်းနှင့် ဆက်သွယ်ရာ အနီးဆုံးကုန်းလမ်းခရီးလမ်းကြောင်းလည်းဖြစ်ပါသည်။

လင်ချန်းမြို့ကိုဖြတ်သန်း၍ ကုန်းလမ်းခရီးဖြင့် မြန်မာနိုင်ငံကျောက်ဖြူဆိပ်ကမ်းမှတစ်ဆင့် တောင်အာရှဒေသ၊ အရှေ့အလယ်ပိုင်းဒေသ၊ ဥရောပနှင့် အာဖရိကဒေသများသို့ တရုတ်နိုင်ငံမှ ကုန်စည်များအား တင်ပို့ရာတွင် ခရီးလမ်းကြောင်းအနေဖြင့် တရုတ်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမှ သွားသည့် ခရီးထက် ၂၀၀၀-၆၀၀၀ ကီလိုမီတာခရီး တိုတောင်းသွားမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံ၊ ကူမင်းမှ လင်ချန်းစီးပွားရေးဇုန် (မိန်းတိန်-ချင်းရွှေဟော်) နယ်စပ်မှ မြန်မာနိုင်ငံကျောက်ဖြူဆိပ်ကမ်းအထိ ၁၆၃၃ ကီလိုမီတာရှိပြီး၊ ရွှေလီနယ်စပ်လမ်းကြောင်းထက် ၁၂၀ ကီလိုမီတာ၊ တာလော့နယ်စပ်လမ်းကြောင်းထက် ၂၂၃ ကီလိုမီတာ အသီးသီး လမ်းခရီးသက်သာစေပါ သည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်က တရုတ်နိုင်ငံတော်အကြီးအကဲများက မိန်းတိန်ကို ဗဟိုပြုပြီး နမ်စန်နှင့် ယုံဟော်ကို တောင်ပံသဖွယ် တည်ဆောက်ကာ လင်ချန်းနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ကို ရေးဆွဲခဲ့ရာ စီမံကိန်းဧရိယာ ၂၀၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ လင်ချန်းဒေသအား တရုတ်-မြန်မာ နိုင်ငံတကာလမ်းကြောင်း၏ အချက်အချာဒေသ၊ တရုတ်-မြန်မာ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်သည့် စံပြဒေသ၊ တရုတ်နိုင်ငံမှ အိန္ဒိယသမုဒ္ဒရာရှိ စီးပွားရေးနယ်ပယ်သို့ ထိုးဖောက်မည့် ကုန်စည်စီးဆင်းဖလှယ်ရာ ဗဟိုချက်၊ ယူနန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ရေး၏ တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသများသို့ ဖြာထွက်မည့် အဓိကတံခါးပေါက်အဖြစ် တရုတ်နိုင်ငံက မျှော်မှန်းထားရာ လင်ချန်းခရိုင် နယ်စပ်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအခြေပြုရာဒေသအဖြစ် တည်ထောင်သွားရန် မျှော်မှန်းထားပါသည်။

နယ်မြေတစ်ခုဆိုသည်မှာ နယ်စပ်တစ်လျှောက်ရှိ စီးပွားရေးနယ်မြေအား နယ်နိမိတ်ဖြတ်ကျော်ပြီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်းဖြစ်ပြီး၊ မြို့ကြီးတစ်မြို့ဆိုသည်မှာ မိန်းတိန်အားယူနန်ပြည်နယ်၏ ပြည်ပနှင့် ဆက်သွယ်/ဆက်ဆံရမည့် နယ်စပ်မြို့တော်သစ်၊ နိုင်ငံတကာအဆင့်မီမြို့ကြီးအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီးကဏ္ဍသုံးပိုင်းဆိုသည်မှာ မိန်းတိန်ဗဟိုချက်အား ကုန်စည်စီးဆင်းမှုအချက်အချာကျရာနေရာနှင့် လွတ်လပ်သည့် ကုန်သွယ်မှုနယ်မြေ (Free Trade Area) ဖြစ်အောင် တည်ဆောက်မည်ဖြစ်၍ (ကျိန်းစန်-နမ်စန်)အား နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းမှုဇုန်နှင့် ထုတ်ကုန်၊ သွင်းကုန်များကို အဓိကကုန်ချောထုတ်လုပ်ရာနေရာအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ (ချန်းယွင်-ယုံဟော်) ဇုန်အား သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးလုပ်ငန်းများ အဓိကထားသည့် နယ်စပ်ခရီးသွားလုပ်ငန်းလုပ်ကိုင်နိုင်မည့် စမ်းသပ်ဇုန်အဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

လင်ချန်းဒေသဖွံ့ဖြိုးမှုပုံစံကို စနစ်တကျရေးဆွဲ၍ အခြေခံအုတ်မြစ်ခိုင်မာအောင် တည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ လွတ်လပ်သည့် တံခါးဖွင့်မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။ ဒေသတွင်း ပြိုင်တူတိုးတက်ဖွံ့ဖြိုးစေမည်။ အဆင့်အတန်းတူညီစွာ ဆောင်ရွက်သွားမည်။ ၂၀၂၀ ခုနှစ်တွင် ကုန်စည်စီးဆင်းရာဒေသ၊ အကောက်ခွန်ကင်းလွတ်ရာဒေသ၊ နယ်စပ်ဖြတ်ကျော်ဘဏ်လုပ်ငန်း၊ နယ်နိမိတ်ဖြတ်ကျော်ခရီးသွားလာရေးလုပ်ငန်း၊ နိုင်ငံတကာထုတ်လုပ်မှုစွမ်းရည်နှင့်အညီ အသုံးအဆောင်ပစ္စည်းပူးပေါင်းထုတ်လုပ်ရေး၊ သွင်းကုန်၊ ထုတ်ကုန်ကုန်ချောထုတ်လုပ်ရေး စသည်တို့ပါဝင်သည့် စီးပွားရေးဇုန်အဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

နှစ်စဉ် ရင်းနှီးမြှုပ်နှံမှုနှင့်သွင်းကုန်၊ ထုတ်ကုန်ပမာဏ ၂၀ ရာခိုင်နှုန်းအထက် တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ လွတ်လပ်သည့် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်နှင့် ခရီးသွားလာရေး လုပ်ငန်းစမ်းသပ်ဇုန်တို့သည် ဒေသတွင်းပြည်သူတို့ ၏ အားဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ၂၀၃၀ ခုနှစ်တွင် လင်ချန်းနယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ဗဟိုအဝန်းအဝိုင်း၏ လုပ်ဆောင်ချက်တို့ပေါ်လွင်ထင်ရှားလာပြီး ဇုန်၏စီးပွားရေးဦးဆောင်မှုနှင့်ပတ်ဝန်းကျင်ဒေသများအပေါ် အကျိုးသက်ရောက်မှုရှိကာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်များ စုဝေးရာဒေသများ၊ ကုန်သွယ်မှုစနစ်များ ဦးဆောင်ပြောင်းလဲကျင့်သုံး မည့်ဒေသ ပူးပေါင်း၍ တိုးတက်ဖွံ့ဖြိုးစေမည့် ဦးဆောင်ရာဒေသ၊ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက် ပြီး လွတ်လပ်၍ ဘက်စုံစီးပွားရေးလုပ်ငန်းများ ပါဝင်သည့်ဇုန်ဖြစ်ပေါ်လာစေမည်ဟု ရည်မှန်းထားရှိပါကြောင်း တရုတ်နိုင်ငံ၏ မဟာဗျူဟာ ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်အား မိတ်ဆက်လိုက်ပါသည်။

# ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေရန် ကားပါကင်ထောက်ခံချက်ရယူရန် မလိုဘဲ မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုသွားမည်

ကုန်စည်ပို့ဆောင်ရေးနှင့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ကားပါကင်ခွင့်ပြုချက်ရယူရန် မလိုဘဲ မော်တော်ယာဉ်များကို တင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့၏ ညှိနှိုင်းချက်များအရ သိရသည်။

ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရာတွင် အသုံးပြုသော ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံးယာဉ်ယန္တရားများ၊ လယ်ယာလုပ်ငန်းခွင်သုံးယာဉ်ယန္တရား များတင်သွင်းရာတွင် လုပ်ငန်းလုပ်ကိုင်သောကုမ္ပဏီအများစုမှာ စီးပွားရေး အချက်အခြာကျသော ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားခြင်းကြောင့် ကုမ္ပဏီ၏လိပ်စာမှာ ရန်ကုန်လိပ်စာဖြစ်သော်လည်း လုပ်ငန်းသုံးယာဉ်ယန္တရားနှင့် ခရီးသည်တင်ယာဉ်အများစု၏လုပ်ငန်းများမှာ နိုင်ငံတစ်ဝန်းနေရာဒေသအသီးသီးတွင် သွားလာဆောင်ရွက်ခြင်း၊ ကုန်စည် နှင့်ခရီးသည်ပို့ဆောင်ခြင်းများဆောင်ရွက်နေသည့်အတွက် ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများနှင့် တိုက်ရိုက် ပတ်သက်မှုနည်းပါးသည့်အပြင် ကုန်တင်ယာဉ်နည်းပါးခြင်း၊ ခရီးသည်တင် ယာဉ်မလုံလောက်ခြင်းများကြောင့် မလိုလားအပ်သော သယ်ယူပို့ဆောင်ခများ ကြီးမြင့်ခြင်းများရှိလာ



ကြောင်း တင်ပြချက်များအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေ ဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းလုပ်ငန်းများနှင့်စီးပွားရေးလုပ်ငန်းများဆောင် ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန်တို့အတွက် ရန်ကုန် မြို့တွင် ယာဉ်အသုံးပြုမှုနည်းပါးသည့် သုံးတန်နှင့်အထက် Truck ကားများ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်သုံး ယာဉ်ယန္တရားများ၊ City Bus, Express Bus များ၊ ရေသယ်ယာဉ်များ၊ မီးသတ်ရေယာဉ်များ၊ လယ်ယာလုပ်ငန်းခွင်သုံး ယာဉ်ယန္တရားများအပြင် ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍတို့တွင် အသုံးပြုရန် အတွက် လှူဒါန်းသည့် လူစီးယာဉ်များဖြစ်သော ကျန်းမာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် တင်သွင်းသည့် လူနာတင်ယာဉ်များ၊ လူမှုရေးအသင်း အဖွဲ့များအတွက် လှူဒါန်းသည့် နိဗ္ဗာန်ယာဉ်များ၊ သာသနာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် တင်သွင်းသည့် သာ သနာရေးဆိုင်ရာယာဉ်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကားပါကင် ထောက်ခံချက်ရယူရန်မလိုဘဲ တင်သွင်းခွင့်စီစဉ်ဆောင်ရွက်လိုသည့်ကိစ္စအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါ ရန်နှင့်ကျန်မော်တော်ယာဉ်များတင်သွင်းခြင်းအတွက် ကားပါကင်ထောက်ခံချက် ရယူရန်လိုအပ်သည့်ကိစ္စအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ် အတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြီးခဲ့သည့် မေလ ၂၇ ရက်က မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီနှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ညှိနှိုင်းထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

➲စာမျက်နှာ- ၂၁ သို့

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ်အတွင်း ဒီဇယ်၊ ဓာတ်ဆီ တန် ခုနစ်ရာ ကျော်ဝင်

ဇွန် ၅ရက်မှ ၁၁ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၃၄၃၁၇၇၇၂ တန်ဖိုးရှိ ဓာတ်ဆီ ၄၇၀ဒသမ ၈၆၈ တန်နဲ့ ကန်ဒေါ်လာ ၁၂၀၀၈၁၃၈ တန်ဖိုးရှိ ဒီဇယ် ၂၇၅ ဒသမ၉၁၃ တန်၊ စုစုပေါင်း၇၄၆ ဒသမ ၇၈၁ ကို တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ 92 နဲ့ 95 များ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ယခင်သီတင်းပတ် ဓာတ်ဆီအဝင်မှာ၆၄၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင်၁၇၉ တန်ကျော် တင်သွင်းမှုလျော့ခဲ့သလို ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ ၁၅၁၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၁၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်ရော ဓာတ်ဆီပါအဝင်လျော့ ခဲ့ပါတယ်။

ဒီတစ်ပတ်နယ်စပ် စခန်းများဖြစ်တဲ့ မြိတ်စခန်းမှ ကန်ဒေါ်လာ ၅၀၀၄၃၆ တန်ဖိုးရှိ ဒီဇယ် ၁၀၈၃ တန်၊ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ၉၁၆၀၅ တန်ဖိုးရှိ ဒီဇယ် ၂၀၅ ဒသမ ၃၁ တန်၊ မြဝတီစခန်းမှ ကန်ဒေါ်လာ၄၄၀၃၈ တန်ဖိုးရှိဓာတ်ဆီ ၇၉ တန်နဲ့ ကန်ဒေါ်လာ၁၀၄၇၆ တန်ဖိုးရှိ ဒီဇယ် တန်ချိန်၃၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊ဒီဇယ်၊ အဆင်မြင့် ဒီဇယ်နဲ့ အောက်တိန်း(95)မှာ ဈေးငြိမ်နေပြီး ဒီဇယ်က ဈေးနည်းနည်းတက်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာဒီဇယ် ၅၄၅ ကျပ်၊အောက်တိန်း (92) ၅၇၀ ကျပ်၊ အောက်တိန်း(95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၇၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဇွန် ၁၃ ရက် ဒီဇယ်ဝယ်ဈေး ၁၁၅၀၀၀ ကျပ်၊ ရောင်း ဈေး ၁၁၇၀၀၀ ကျပ်ဈေးရှိခဲ့ပြီး၊ ဇွန် ၁၅ ရက်တွင် ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၃၀၀၀ ကျပ် ဈေးပြန်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဓာတ်ဆီပီပါ ဈေးမှာ ဇွန် ၁၃ ရက်တွင် ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၀၀ကျပ်၊ ဒီဇယ် ၅၇၅ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၆၂၅ ကျပ်၊ အောက်တိန်း (92) ၆၄၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၁၃ ရက် ဒီဇယ်ဝယ်ဈေး ၁၁၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၁၆ ရက်တွင် ဝယ်ဈေး ၁၁၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇွန် ၁၃ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ဓာတ်ဆီ ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေပြီး ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၃၅ ကျပ်၊ အောက်တိန်း ၂၇၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန်၂၇၀၀ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ဓာတ်ဆီနဲ့ ဒီဇယ်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ကျဆင်းခဲ့ရာမှ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်အတွင်း မငြိမ်မသက်ဖြစ်နေပြီး နေ့စဉ် အတက်အကျများ ရှိနေကြောင်း၊ ဈေးမငြိမ်သက်မှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ အေးစက်နေကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဈေးအတက်အကျများရှိနေသကဲ့သို့ ယခုတစ်ပတ်တွင်လည်း ဈေးအတက်အကျများ ရှိနေခဲ့သည်။

"ပြီးခဲ့တဲ့ရက်သတ္တပတ်ကတည်းက အတက်အကျတွေ ဖြစ်ပေါ်ခဲ့သလို ဒီတစ်ပတ်မှာလည်း အတက်အကျတွေဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်ခဲ့တဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းအဝယ်က သိပ်မကောင်းဘူး။ နိုင်ငံ တကာရဲ့ငွေလဲနှုန်းကလည်း ကျလိုက် တက်လိုက်နဲ့ဖြစ်နေတော့ ဒီမှာလည်း အတက်အကျဖြစ်နေတာ မဆန်းပေမယ့် ကျွန်တော်တို့ဆီမှာဖြစ်တဲ့ ဈေးအတက်အကျဟာ ကုန်သည်တွေကိုရော၊ ပြည်သူတွေကိုပါ ထိခိုက်နိုင်ပါတယ်"ဟု ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဇွန် ၁၃ရက်က ရောင်းဈေး ၁၁၉၃ ကျပ်၊ ဝယ်ဈေး ၁၁၉၀ ကျပ်ရှိခဲ့ရာမှ ဇွန် ၁၅ ရက်တွင် ရောင်းဈေး ၁၁၉၂ ကျပ်၊ ဝယ်ဈေး ၁၁၈၈ ကျပ်သို့ ကျဆင်းသွားခဲ့သည်။ ဇွန် ၁၆ ရက်တွင် ရောင်းဈေး ၁၁၈၅ ကျပ်၊ ဝယ်ဈေး ၁၁၈၀ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သော်လည်း ဇွန် ၁၇ရက်တွင် ရောင်းဈေး ၁၁၈၈ ကျပ်၊ ဝယ်ဈေး ၁၁၈၄ ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး ကျပ်ရှစ်သိန်းကျော်အထိ မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးသည် ကျပ်ရှစ်သိန်းကျော်အထိမြင့်တက်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးမြင့်တက်လာရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရွှေဈေး မြင့်တက်လာရခြင်းမှာ အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းများမတိုး၍ဖြစ်ကြောင်း၊ ရွှေဈေးတက်မတက်မှာ အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းပေါ်တွင် မူတည်နေကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

"ကမ္ဘာ့ရွှေဈေး မြင့်တက်လာလို့ ပြည်တွင်းရွှေဈေးလည်း မြင့်တက်လာခဲ့ပါတယ်။ ကမ္ဘာ့ရွှေဈေးက အမေရိကန်ဗဟိုဘဏ်ရဲ့အတိုးနှုန်းပေါ်မှာမူတည်ပါတယ်။ ဗဟိုဘဏ်ရဲ့အတိုးနှုန်းမတိုးတော့ဘူးဆိုရင် ရွှေဈေးက မြင့်တက်လာနိုင်ပါတယ်။ အခုဆိုရင်နှစ်နှစ်အတွင်း အမြင့်ဆုံးဈေးကိုရောက်လာခဲ့တာပါ။ ကမ္ဘာ့ရွှေဈေးက ဒီတစ်ပတ်ဆို ရင် အမေရိကန်ဒေါ်လာ ၁၃၀၀ အထိ မြင့်တက်လာတယ်။ ဒီလိုမြင့်တက်လာတာဟာ ပြန်ကျဖို့အလားအလာတွေ အများကြီးရှိလာပြီ။ ပြည်တွင်းဈေးကွက်မှာတော့ ဈေးမြင့်တက်လာတဲ့အတွက် ပြန်ရောင်းတဲ့သူတွေ များလာတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးသည် ဇွန် ၁၄ ရက်က ကျပ် ၇၉၇၀၀၀ရှိခဲ့ရာမှ ဇွန် ၁၆ ရက်တွင် ကျပ် ၈၀၉၀၀၀ သို့ မြင့်တက်ခဲ့ပြီး ဇွန် ၁၇ ရက်တွင် ကျပ် ၈၀၄၀၀၀သို့ ပြန်လည်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဇွန် ၁၃ ရက်တွင် ၁၂၇၄ ဒေါ်လာ ရှိခဲ့ရာမှ ဇွန် ၁၆ ရက်တွင် ၁၃၀၀ ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဇွန် ၁၇ ရက်တွင် ၁၂၈၀ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ **မယ်သီတာ**

## MTSH အစုရှယ်ယာဈေး တစ်ပတ်အတွင်း ကျပ်ငါးထောင် ကျဆင်း

ယခုတစ်ပတ်အတွင်း MTSH ၏ အစုရှယ်ယာဈေးများသည် ကျပ်ငါးထောင်ကျဆင်းသွားခဲ့ကြောင်း YSX၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ယခုတစ်ပတ်တွင် FMI ရှယ်ယာဈေးများမှာ အတက်အကျနည်းခဲ့သော်လည်း MTSH ၏ ရှယ်ယာဈေးများမှာ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ဇွန် ၁၆ရက်က ကျပ် ၄၉၀၀၀ အထိ ကျဆင်းသွားခဲ့ပြီး ရုံးဖွင့်ရက်၏နောက်ဆုံးရက်ဖြစ်သည့် သောကြာနေ့တွင် ကျပ် ၅၀၀၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ သို့သော် တစ်ပတ်အတွင်း ခြုံငုံကြည့်ပါက ကျပ် ၅၀၀၀ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

YSX ဈေးကွက် စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ရှယ်ယာဝယ်ယူသူများအနေဖြင့်ရှယ်ယာရောင်းချသည့်ကုမ္ပဏီများ၏ လက်ရှိအခြေအနေများကို စုံစမ်းခြင်းမပြုဘဲ ဈေးအတက်အကျပေါ်တွင်သာ ကစားနေကြကြောင်း၊ ဈေးကျလျှင် လိုက်ဝယ်ကြသလိုဈေးပြန်တက်လာပါက အဝယ်ရပ်သွားလေ့ရှိကို တွေ့ရကြောင်း၊ ဈေးကွက်အတွင်း သုံးသပ်လျက်ရှိသည်။

FMI ရှယ်ယာများသည် ဇွန် ၁၄ ရက်က ကျပ် ၂၅၅၀၀ ရှိခဲ့ပြီး ဇွန် ၁၇ ရက်တွင် ကျပ် ၂၅၀၀၀ သို့ ကျဆင်းခဲ့သည်။MTSH ရှယ်ယာများသည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ကျပ် ၅၆၀၀၀ ရှိခဲ့ရာမှ နေ့လယ်ပိုင်းတွင် ကျပ် ၅၅၀၀၀ သို့ ကျဆင်းခဲ့သည်။ ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ကျပ် ၅၂၀၀၀ ရှိခဲ့ရာမှ ညနေပိုင်းတွင် ကျပ် ၄၉၀၀၀ သို့ကျဆင်းခဲ့သည်။ ထို့ပြင် ဇွန် ၁၇ ရက်တွင် ကျပ် ၅၀၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

June 17, 2016
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.35 |
| BDT | Bangladesh Taka | 78.23 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.58 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 67.15 |
| I DR | Indonesia Rupiahs | 13366.50 |
| JPY | Japan Yen | 104.13 |
| MYR | Malaysia | 4.10 |
| PKR | Pakistan Rupees | 104.66 |
| PHP | Philippines Pesos | 46.42 |
| RUB | Russia Rubles | 65.49 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1172.84 |
| LKR | Sri Lanka Rupe | 144.52 |
| THB | Thailand Baht | 35.29 |
| GBP | United Kingdom Pounds | 0.70 |
| VND | VietnamDon | 22301.52 |

Source : xe.com

## World Gold Price

June, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 13 | 1278 | 1280 | 1279 |
| 14 | 1277 | 1280 | 1281 |
| 15 | 1286 | 1284 | 1285 |
| 16 | 1307 | 1308 | 1308 |
| 17 | 1280 | 1281 | 1283 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 13-6- 2016 | 799.50 | 800.00 |
| 14-6- 2016 | 800.00 | 799. 50 |
| 15- 6-2016 | 802.50 | 803.00 |
| 16-6- 2016 | 809.00 | 810.00 |
| 17-6- 2016 | 802.50 | 802.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 13 | 6 .59 | 35.18 | 78.96 | 67.18 |
| 14 | 6. 59 | 35.17 | 78.61 | 67.24 |
| 15 | 6 59 | 35.29 | 78.32 | 67.12 |
| 16 | 6 .57 | 35.18 | 78.28 | 67.25 |
| 17 | 6.58 | 35.29 | 78.23 | 67.15 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 13 - June | 17.25 | 2101.34 | 1609.66 | 4653.60 | 991.00 |
| 14 - June | 17.31 | 2067.30 | 1621.31 | 4577.66 | 986.00 |
| 15 - June | 17.39 | 2040.86 | 1629.15 | 4604.54 | 980.00 |
| 16 - June | 17.39 | 2034.37 | 1627.14 | 4638.82 | 980.00 |
| 17- June | 17.27 | 2033.47 | 1631.17 | 4636.80 | 974.00 |

Source:kitco.com

## Energy NYMEX

17-6-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.57 | 0.36 | 0.78 |
| Brent Crude Futr (USD/bbl) | 47.75 | 0.56 | 1.90 |
| Gasoline Rbob Fut (Cent/gal) | 148.22 | 1.69 | 1.15 |
| Natural Gas Futr (USD/MMBtu) | 2.58 | 0.00 | 0.08 |
| Heating Oil Futr (Cent/gal) | 143.81 | 1.52 | 1.07 |

## ဘိလပ်မြေ

### ထိုင်း၊ စင်ကာပူနဲ့ တရုတ်မှ ဘိလပ်မြေ တန်ချိန် လေးသောင်းကျော်ဝင်

ဇွန် ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၈၀၈၀၇၆ တန်ဖိုးရှိ ဘိလပ်မြေ ၄၆၁၀၇ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ သုည ဒသမ ၄၀ တန်၊ စင်ကာပူမှ ၁၆၈ တန်နဲ့ ထိုင်းမှ ၄၅၉၃၉ ဒသမ ၁၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါ တယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ အများဆုံးဝင်လာတာတွေ့ရပါတယ်။ဝင်လာခဲ့တဲ့ တံဆိပ်များမှာ ဆင်၊ စိန်၊ မောင်းတိန်းတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၄၄၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၁၆၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် မိုးများပေမယ့် အရောင်းအဝယ်ဖြစ်

ဇွန် ၅ ရက်မှ ၁၁ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၄၆၁၀၇ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၂၄၄၂၀ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၁၆၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၁၈၈၂၄ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၈၀၆၃ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၉၂၃၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရ ပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ယခင်တစ်ပတ်က မိုးများလို့ အရောင်းအဝယ်အေးခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပြန်ကောင်းလာတယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ အရောင်းအဝယ် အေးလိုက် ပြန်ကောင်းလိုက် ပုံမှန်ဖြစ်လိုက် သွားနေပေမယ့် ဘိလပ်မြေဈေးကတော့ ငြိမ်နေသေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၃၂၅ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်၊ စိန်(ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်က ယခင်တစ်ပတ်ထက်ပို ကောင်းလာတယ်။ ဈေးကွက်ထဲမှာ ပြည်တွင်းဘိလပ်မြေဈေးများ ငြိမ်နေပြီး ဆင်(ထိုင်း) က၅၀၀ကျပ်၊ စိန်(ထိုင်း)က ၂၀၀ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၀၀၀ ကျပ်၊ မြန်မာဆင် ၄၆၀၀ ကျပ် ၊ ဆင်မင်း ၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၈၀၀ ကျပ်၊ စိန်(ထိုင်း) ၇၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ယခင်တစ်ပတ်က အရောင်းအဝယ်အေးနေပေမယ့် ဒီတစ်ပတ်မှာ ပုံမှန်ပြန်ဖြစ်လာတယ်။ ဒါပေမဲ့ ဈေးကတော့ ငြိမ်နေသေးတယ်လို့ အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၆၀၀ကျပ်၊ စိန် ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၃၀၀ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း)၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေပြီး ဆိုင်ဈေးအနေနဲ့ ဆင် (ထိုင်း) ၆၁၀၀ ကျပ်၊ စိန် ၆၀၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၄၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အစိမ်း) ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ် မြေဆီ တန်ချိန်တစ်သောင်းကျော်ဝင်

ဇွန် ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၂၉၃၂၄၃ တန်ဖိုးရှိ မြေသြဇာ ၁၀၄၉၈ ဒသမ ၇၄၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၄၂၅၄ ဒသမ ၀၄ တန်၊ စင်ကာပူမှ ၁၄၆၄ ဒသမ ၃၀တန်၊ ထိုင်းနိုင်ငံမှ ၃၅၁၈ ဒသမ ၉၀တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၂၅၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ မြေသြဇာများမှာ အမိုးနီးယား ဆာလဖိတ်၊နိုက်တြိုဂျင်၊ ယူရီးယား ၊ ကွန်ပေါင်း၊ ဓာတ်ဆား ၊ သြဂဲနစ်စတဲ့ မြေသြဇာများဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေသြဇာအဝင်မှာ တန်ချိန်၈၉၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၁၅၀၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်း အနည်းငယ်တက်

ဇွန် ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ တန်ချိန် ၁၀၄၉၈ ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၈၉၉၀ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၀၀ ကျော် အဝင်ပို ခဲ့တယ် လို့ သိရပါတယ်။ နယ်စပ်လမ်းမှယခုတစ်ပတ် မြေသြဇာအဝင်မှာ ၃၁၄၉၈ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၃၃၉၇၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၄၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာတော့ မိုးသီးနှံအတွက် နယ်ဘက်မှ အဆွဲရှိလို့ အရောင်းအဝယ် ကောင်းခဲ့တယ်။ ခုတော့နယ်ဆွဲအားနည်း သွားတာကြောင့် အရောင်းနည်းနည်း လျော့လာခဲ့ကြောင်း စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ယခင်တစ်ပတ်ထက် အရောင်းပါးပေမယ့် ဈေးကတော့ ပြောင်းလဲမှု မရှိသေးဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း(အစိမ်း) ၁၅ ပတ်လည်(ထိုင်း) ၃၅၀၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၂၉၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၀၅၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအေးပေမယ့် ဈေးတွေကတော့ နည်းနည်းအတက်အကျ ရှိနေတယ်လို့ သိရပါတယ်။ အာမို ၁၀း၁၀း၅ က ၂၀၀ ကျပ်၊ အာမို ၁၅ ပတ်လည်က ၁၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ က ၁၅၀၀ ကျပ်၊ တီစူပါ က ၂၅၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ယူရီးယားက(ပန်းဖူး)၁၄၀၀ ကျပ်၊ ယူရီးယား(ရွှေတောင်)က ၆၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက် ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၅၀၀ ကျပ်၊ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အစိမ်း) ၁၆၅၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၆၂၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၅၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၀၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား ၁၇၈၀၀ ကျပ်၊ မြားကမ္ဘာ ၁၅း၇း၈ ၂၃၀၀၀ ကျပ်၊တီစူပါ ၂၃၀၀၀ ကျပ်၊ တောင်သူမ ၁၆၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ်အေးပြီး ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၁၉၆၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၀၀၀၀ကျပ်၊ တီစူပါ(**GTSP** ၄၆%-တရုတ်)၁၈၈၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက အရောင်းအေးပြီး ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ မိုးများလာတာကြောင့် မြေဆီပက်တာလည်း နားလာကြတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား -ပုလဲ(ရွှေတောင်-တရုတ်) ၁၉၇၀၀ ကျပ်၊ယူရီးယား -ပုလဲ(ပန်းဖူး-တရုတ်)၂၁၂၀၀ ကျပ်၊ တီစူပါ ၂၀% ၁၃၂၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၇၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ကျပ်၊ ပိုတက်(တရုတ်) ၂၄၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၃၀၀ နီးပါးနဲ့ နို့မှုန့်တန်ချိန် ၉၀ ကျော်ဝင်

ဇွန် ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၁၄၉၃၃ တန်ဖိုးရှိ နို့ဆီ ၂၉၆ ဒသမ ၁၆၈ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိုကေနို့ဆီ တစ်မျိုးတည်းသာ အဝင်ရှိခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၅၇၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၄၅၁၆၅၆ တန်ဖိုးရှိ နို့မှုန့် ၉၇ ဒသမ ၃၅၂တန်ကိုတင်သွင်းခဲ့ပါတယ်။ မလေးရှားမှ ၂၀ ဒသမ ၁၆ တန်နဲ့ စင်ကာပူမှ ၇၇ ဒသမ၁၉၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့မှုန့်အဝင်မှာ တန်ချိန် ၂၈၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၆ မှ ၁၀/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၅ မှ ၃/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၄၂.၃၀ | ၆၂၅.၀၀ | (+) | ၃၁၇.၃၀ |
| ၂။ | လွယ်ဂျယ် | ၇၁၆.၀၀ | ၁၁၆၆.၀၀ | (-) | ၄၅၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၇၀.၅၀ | (-) | ၇၀.၅၀ |
| ၄။ | ကန်ပိုက်တီး | ၃၆၀၀.၅၀ | ၃၈၄၂.၀၀ | (-) | ၂၄၁.၅၀ |
| ၅။ | တာချီလိတ် | - | ၅၂၀၀.၀၀ | (-) | ၅၂၀၀.၀၀ |
| ၆။ | မြဝတီ | ၇၅၁.၀၀ | ၁၁၃၄.၅၀ | (-) | ၃၈၃.၅၀ |
| ၇။ | ကော့သောင်း | ၉၄၈၀.၀၀ | ၁၅၉၂၅.၀၀ | (-) | ၆၄၄၅.၀၀ |
| ၈။ | မြိတ် | ၃၃၃၅.၀၀ | ၁၀၀.၀၀ | (+) | ၃၂၃၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၈၈၂၄.၈၀ | ၂၈၀၆၃.၀၀ | (-) | ၉၂၃၈.၂၀ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၆ မှ ၁၀/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၅ မှ ၃/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၉၂၄.၂၀၀ | ၂၇၅၄၆.၃၁၀ | (+) | ၃၇၇.၈၉၀ |
| ၂။ | လွယ်ဂျယ် | ၅၃၅.၀၀၀ | ၂၆၁.၀၀၀ | (+) | ၂၇၄.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၆၁၆.၆၀၀ | ၃၂၀၂.၇၅၀ | (-) | ၁၅၈၆.၁၅ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၇၉၂.၅၅၀ | ၈၁၅.၈၉၇ | (-) | ၂၃.၃၄၇ |
| ၆။ | ကော့သောင်း | ၁၈၀.၀၀၀ | ၂၅၀.၀၀၀ | (-) | ၇၀.၀၀၀ |
| ၇။ | မြိတ် | ၁၅၀.၀၀၀ | ၁၀၀.၀၀၀ | (+) | ၅၀.၀၀၀ |
| ၈။ | ရိဒ် | ၃၀၀.၀၀၀ | ၁၈၀၀.၀၀၀ | (-) | ၁၅၀၀.၀၀၀ |
| | စုစုပေါင်း | ၃၁၄၉၈.၃၅ | ၃၃၉၇၅.၉၅၇ | (-) | ၂၄၇၇.၆၀၇ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ပြည်နှမ်းဈေးကွက်မှာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီ၊ နှမ်းနက်ဈေး အနည်းငယ်ကျပြီး စမုံနက်နှမ်းဈေးမြင့်နေတာ တွေ့ရပါတယ်။ ဝယ်လက်များက စမုံနက်နှမ်းဈေးမြင့်နေသဖြင့် ရိုးရိုးနှမ်းနက်ကို စမုံနက်နှမ်းနှင့်ရောချ၍ ရောင်းနေသဖြင့် နှမ်းနက်ရိုးရိုးဈေးနိမ့်ပြီး စမုံနက်နှမ်းဈေးမြင့်နေတာတွေ့ရပါတယ်။

နှမ်းနီကိုဆီစက်များက အဝယ်ရှိသဖြင့် တစ်နေ့လျှင် အိတ် ၈၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက်အသန့်နဲ့ စမုံနက်နှမ်းတို့ကို ရောစပ်၍ရောင်းချရန် အဝယ်ရှိသဖြင့် တစ်နေ့လျှင် အိတ် ၆၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၃၀၀၀၊ နှမ်းနက်ရိုးရိုးတစ်တင်းလျှင် ကျပ် ၃၀၀၀၀ နှင့်စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဈေးဖြင့် ယခုတစ်ပတ် ပြည်ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

### ပြည်ဈေးကွက်မှာ ဆီဆန်နှင့်လုံးဆန်(အဖြူ) ဈေးငြိမ်နေပြီး လုံးဆန်(အနီ)ဈေး အနည်းငယ်မြင့်တက်

ပြည်ဈေးကွက်မှာ မြေပဲဆန်ဈေးက ယခင်တစ်ပတ်အတိုင်းငြိမ်နေပေမယ့် လုံးဆန်(အနီ) ဈေးကတော့ အနည်းငယ်မြင့်လာတာတွေ့ရပါတယ်။ မင်းတုန်းနှင့်ရခိုင်ပြည်နယ် ရမ်းဗြဲ၊ မာန်အောင်မြို့များမှ မြေပဲဆန် တစ်နေ့လျှင် အိတ် ၈၀၀ ခန့် ဝင်ရောက်လာပြီး ဆီဆန်ကို မြို့တွင်းဆီစက်များက အဝယ်ရှိသလို လုံးဆန်(အဖြူ) ကို ရန်ကုန်ဝယ်လက်နှင့် လုံးဆန်(အနီ) ကို မန္တလေးဝယ်လက်များက အဝယ်ရှိနေတာတွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၃၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၈၀၀ နှင့်လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၈၅၀ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် လုံးဆန်(အနီ)မှာ တစ်ပိဿာ ကျပ် ၅၀ ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

### ချင်းရွှေဟော်စခန်းမှသာ နှမ်းတင်ပို့မှုရှိ

ဇွန် ၄ ရက်မှ ၁၀ ရက်တာ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၂၅၁၉၀ တန်ဖိုးရှိတဲ့ နှမ်းနက် ၁၆၀ တန်ကျော်နဲ့ ကန်ဒေါ်လာ ၁၉၈၆၀၀ တန်ဖိုးရှိ နှမ်းဖြူ ၁၆၄ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ ၃၀၅ တန်နဲ့ မြဝတီမှ တန် ၆၀ ကျော် တင်ပို့ခဲ့တာကြောင့် ယခု တစ်ပတ်ရဲ့ နှမ်းတင်ပို့မှုမှာ ချင်းရွှေဟော်စခန်းတစ်ခုတည်းသာ ရှိခဲ့ပါတယ်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ မေလဆန်းပိုင်းကသာ နှမ်းတင်ပို့ခဲ့ပြီး မူဆယ်ကုန်စည်ဒိုင် ဇွန် ၁၀ ရက်ရဲ့ နှမ်းဖြူ တစ်တန်ပေါက်ဈေးဟာ မိမိဘက်ပေါက်ဈေးက ၁၄၂၅၀၀၀ ကျပ်၊ တစ်ဖက်နိုင်ငံဈေး ၈၀၀ ယွမ်နဲ့ နှမ်းနက်ဈေးမှာတော့ မိမိဘက်ပေါက်ဈေး ၂၁၄၁၈၄၆ ကျပ်၊ တစ်ဖက်နိုင်ငံဈေး ၁၂၀၀၀ ယွမ်ရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### မလေးရှားနိုင်ငံက စားအုန်းဆီကြမ်း ပို့ကုန်ခွန်တိုးမြှင့်မှုကြောင့် လေးလခွဲအတွင်း စားအုန်းဆီဈေးနှုန်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိ

အခြားဟင်းရွက်ဆီဈေးနှုန်းများ ကျဆင်းမှုနဲ့ စားအုန်းဆီကြမ်းပို့ကုန်ခွန် တိုးမြှင့်မှုတို့ကြောင့် မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးက ဇွန် ၁၅ ရက်မှာ ရှစ်ရက်မြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။ လက်ရှိစားအုန်းဆီဈေးက လေးလခွဲအတွင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဩဂုတ်အတွက် စားအုန်းဆီကြိုရောင်းဈေးရဲ့အခြေခံစံထားဈေးနှုန်းက သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၄၆၈ ရင်းဂစ် (အမေရိကန် ဒေါ်လာ ၆၀၂) နှုန်းရှိခဲ့ပါတယ်။ စောစောပိုင်းကမူ အနိမ့်ဆုံးဈေးအဖြစ် တစ်တန်ကို ၂၄၃၇ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ ဇန်နဝါရီ ၂၉ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

ယခုရက်သတ္တပတ်အတွင်း စားအုန်းဆီဈေးက ၄ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ၂၀၁၅ ခုနှစ်အောက်တိုဘာနောက်ပိုင်း ရက်သတ္တပတ်အတွင်း ကျဆင်းမှုနှုန်းအမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါ တယ်။ ဇွန် ၆ ရက်က တစ်နေ့တာ စားအုန်းဆီရောင်းချမှုပမာဏမှာ ၂၅ တန်ရှိ အတွဲ ၆၂၆၇၀ တွဲ ရှိခဲ့ပါတယ်။

"စားအုန်းဆီကြမ်း (Crude Palm Oil-CPO) ကို မလေးရှားအစိုးရက ၆ ရာခိုင်နှုန်းအထိ မြှင့်တင်ပေးခဲ့တဲ့အတွက် မလေးရှားစားအုန်းဆီရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ကျဆင်းစေခဲ့ပါတယ်"လို့ ကွာလာလမ်ပူအခြေစိုက် စားအုန်းဆီကုန်သည်တစ်ဦးက မလေးရှားနဲ့ အင်ဒိုနီးရှားပို့ကုန်များကို နှိုင်းယှဉ်ပြီး ပြောကြားပါတယ်။

"ဇွန်လ ပထမ ၁၀ ရက်မှာ ပို့ကုန်ကိန်းဂဏန်းတွေအရ တိုးတက်မှုရှိလာတာကို တွေ့ရပေမယ့် ပင်လယ်ရပ်ခြားဈေးကွက်တွေမှာ စားအုန်းဆီအပေါ် ယုံကြည်မှု ကျဆင်းနေတာကို မြှင့်တင်ပေးနိုင်ခြင်း မရှိခဲ့ပါဘူး"လို့ သူကပြောပါတယ်။

မလေးရှားစားအုန်းဆီရဲ့ ဇွန်ပထမ လဝက်တင်ပို့မှုကို မေကာလတူနဲ့ နှိုင်းယှဉ်ကြည့်ပါက သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Services က ဇွန် ၁၅ ရက်မှာ ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

ရာမန်ဥပုသ်လနောက်ပိုင်း စားအုန်းဆီစားသုံးမှုအများဆုံးဖြစ်တဲ့ အိန္ဒိယနိုင်ငံသို့ စားအုန်းဆီရေကြောင်းမှ တင်ပို့မှုကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ဇွန် ပထမရက်သတ္တပတ်နှစ်ပတ်မှာ မလေးရှားနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ စားအုန်းဆီတင်ပို့မှုက ၃ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အခြားကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ဖြစ်တဲ့ Societe Generalede Survei llance က ထုတ်ပြန်တဲ့ကိန်းဂဏန်းများ အရ သိရပါတယ်။ မလေးရှားနိုင်ငံက စားအုန်းဆီကြမ်း တင်ပို့ခွန်ကို ဇွန်လအတွင်း ၅ ဒသမ ၅ ရာခိုင်နှုန်း ကောက်ခံခဲ့ရာမှ ဇူလိုင်လကစပြီး ၆ ရာခိုင်နှုန်းအထိ ကောက်ခံတော့မှာဖြစ်ကြောင်း စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်နေတဲ့ မလေးရှားနိုင်ငံက ဇွန် ၁၅ ရက်မှာ ကြေညာခဲ့ပါတယ်။

အခြားဟင်းသီးဟင်းရွက်စားသုံးဆီ ဈေးကွက်ဖြစ်တဲ့ အမေရိကန်နိုင်ငံချီကာဂို ကုန်သွယ်မှုဘုတ်အဖွဲ့ရဲ့ ပဲပုပ်ဆီရဲ့ ဇူလိုင်အတွက် ကြိုရောင်းဈေးက သုည ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ တရုတ်ဈေးကွက်ဖြစ်တဲ့ ဒါလီယံကုန်စည်ဒိုင်မှာ စက်တင်ဘာအတွက် စားအုန်းဆီ ကြိုရောင်းဈေးက ၁ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၇-၆-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၅၀ | ၁၈၀၀ | △ |
| ရန်ကုန် | ၅၁၀၀ | ၅၄၀၀ | △ | ၄၆၀၀ | ၄၆၀၀ | □ | ၁၅၇၅ | ၁၅၂၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၆၈၀ | ၁၆၁၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၅၂၀၀ | ၅၂၀၀ | □ | ၁၆၃၀ | ၁၆၅၀ | △ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၈၀ | ၁၇၀၀ | △ |
| မုံရွာ | ၄၇၀၀ | ၄၇၀၀ | □ | ၃၆၀၀ | ၃၅၀၀ | ▽ | ၁၆၉၀ | ၁၆၅၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၁၉၀၀ | ▽ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၇-၆-၂၀၁၆ US$/Ton

| အမျိုးအစား | ဇွန်လပထမပတ် | ဇွန်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၆၄.၀၀ | ၆၅၇.၅၀ | ▽ |
| RBD P.Olein | ၆၇၁.၀၀ | ၆၆၄.၀၀ | ▽ |
| RBD P.Strarin | ၆၂၂.၀၀ | ၆၁၅.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၇- ၆ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၃၇.၁၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၂၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၅၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၇.၃၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၈၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၈၇.၀၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၇- ၆-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာနှင့် USD ဈေး ၁၁၈၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၇-၆-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၈၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ဂျောက်ဂျက်ခေတ်အလွန်

|nDDtmif|

ယခုတလော ဖေ့စ်ဘုတ်စာမျက်နှာများတွင် သင်တန်းဆင်းလက်မှတ်များပလူပျံနေအောင် တွေ့မြင်နေရသည်။ တချို့စာမျက်နှာများတွင် Certificate ဘေးကွက်လပ်၌လည်းကောင်း ဂုဏ်ယူစွာဖြင့် လက်ခံရရှိပါသည်။ ပေးဆပ်ရသောတန်ဖိုးရှိသော အချိန်တွေနှင့် ညီမျှသောလက်မှတ်ကလေးများဟူ၍လည်းကောင်း၊ လှေကားတစ်ထစ်တော့ဖြတ်ကျော်ခဲ့ပါပြီဟူ၍ လည်းကောင်း၊ "ဘဝအမောတွေ ပြေသွားပြီ" ဟူ၍လည်းကောင်း၊ စာတမ်းကလေးတွေ ရေးထားတတ်သည်။ သင်တန်းဆင်းလက်မှတ်ကို ကြည့်ပြန်တော့ အကောက်ခွန်ဦးစီးဌာန၊ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲ (MACCS Division)မှချီးမြှင့်သော Training Course for MACCS Users သင်တန်းပြီးမြောက်အောင်မြင်ကြောင်းလက်မှတ်ကလေးတစ်စောင်ဖြစ်နေကြောင်း တွေ့ရသည်။

**မားစ်ယူစာ(MACCS User)ဆိုတာဘာလဲ။**

ဘယ်စာတွေကို ခေါ်တာလဲဆိုတာသိလိုလှသူများလည်း ရှိကောင်းရှိမည်။ MACCS (Myanmar Automated Cargo Clearance System) ဆိုသည်မှာ ကုန်ပစ္စည်းများ ရှင်းလင်းထုတ်ယူရာတွင် အလိုအလျောက် ရှင်းလင်းထုတ်ယူနိုင်အောင် စီမံရေးဆွဲထားသည့် စနစ်ကိုခေါ်သည်။အကောက်ခွန်ဦးစီးဌာနသည် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး၏အဓိကမဏ္ဍိုင်ကြီးဖြစ်သော ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးအတွက် ထိရောက်မှုအပြည့်အဝရရှိစေသော Risk Management လုပ်ငန်းစဉ်ကို ၂၀၁၂ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင် ရွက်လာခဲ့ရာထိုက်သင့်သည့် အောင်မြင်မှုများရရှိထားပြီးဖြစ်သည်။ သို့သော် အဆိုပါ Risk Management မှာ ဆိပ်ကမ်းအတွက်သာဖြစ်သဖြင့် နောက်ထပ် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးကို အဟန့်အတားဖြစ်စေမည့် ခေတ်မမီတော့သော အကောက်ခွန်ရုံးပိုင်း လုပ်ထုံးလုပ်နည်းစနစ်များကို ပြင်ဆင်ရန် ကျန်သေးသည်ကို အကောက်ခွန်ဦးစီးဌာနက သိရှိထားသည်။

ပြင်ဆင်ပြန်လျှင် အသုံးပြုကုန်ကျမည့်စရိတ်ကလည်းမသေးလှ။ နိုင်ငံတော်၏ဘတ်ဂျက်အင်အားနှင့် တည်ဆောက်၍မလွယ်ကူသဖြင့် မြန်မာ့နည်းမြန်မာ့ဟန် မြန်မာ့ကွန်ပျူတာပညာရှင်များအကူညီဖြင့် e.Customsကို ၂၀၀၉ခုနှစ်တွင် သန္ဓေချခဲ့ကြသည်။ တစ်နိုင်တစ်ပိုင် Server ကလေးထူထောင်၍ အကောက်ခွန် ဝန်ဆောင်မှုကိုယ်စားလှယ်များအား အကောက်ခွန်ရုံး အရိပ်အာဝါသအောက်တွင်နေရာပေးကာOn Line Declaration System ကိုအလေ့အကျင့်ရအောင်မွေးမြူပေးခဲ့သည်။ Dual System ဟုခေါ်သော One Line Declarationကတစ်ဝက်၊ Manual Declaration ကတစ်ဝက် ဖြင့် ငါးနှစ်ခန့်ချီတက်ခဲ့ကြရသည်။ ၂၀၁၃ခုနှစ် အောက်တိုဘာလတွင် ပန္နက်ချမွေးဖွားခဲ့သော သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းက မြန်မာ့အကောက်ခွန်၏ လိုအပ်ချက်ကိုပါ သိနေသည့်အလား၊ လက်တွဲခေါ်ယူသွားသည်ဟု ဆိုရမည်။ အကြောင်းမူ MACCS System တည်ဆောက်ရန်အတွက် ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအကူအညီ (GrandAid)ကိုပါ ရရှိခဲ့သောကြောင့်ဖြစ်သည်။ မိမိတို့မှာ အလိုအလျောက်ခေတ်ကိုမရောက်မီ ဖြတ်သန်းခဲ့ရသောခေတ်သုံးခေတ်ကိုလည်း ပြန်လည်ငဲ့ကြည့်ရန် လိုပေလိမ့်မည်။

## သနပ်ခါးခေတ်(၁၉၇၅-၁၉၉၃)

တင်စား၍ ပြောဆိုခြင်းဖြစ်ပါသည်။ အမှန်တကယ် ထိုခေတ်ထိုကာလက မြန်မာ့အကောက်ခွန်ဝန်ဆောင်မှုလောကတွင် ကွန်ပျူတာမပြောနှင့်၊ လက်နှိပ်စက်ပင် မှုးလို့ ရှာစရာမရှိအောင် နည်းပါသည်။ ထုတ်ကုန်သွင်းကုန်ကြေညာလွှာ တင်သွင်းလျှင် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော ပုံစံဇယားကွက် ကလေးများတွင် လက်ရေးဖြင့် ဖြည့်စွက်ရေးသား တင်ပြကြရသည်။ မိမိတို့ အခက်အခဲကိစ္စ အဝဝကိုတင်ပြကြရသည့်အခါ လက်ရေးလှလှကလေးဖြင့် ညွှန်ကြားရေးမှူး(ထုတ်/သွင်း)ထံလိပ်မူ၍ တင်ပြလျှောက်ထားကြရသည်။ မိမိတို့ တင်သွင်းလာသည့် ကုန်ပစ္စည်းများ ရွှေးယူဒင်္ဂါငွေဖြင့်ထုတ်ယူလျှင် ညွှန်ကြားရေးမှူး(ထုတ်/သွင်း) ထံ အသနားခံတင်ပြလျှောက်ထားကြရ၏။ ရေးရလွန်းသဖြင့် နောက်ဆုံးတွင် အသနားခံစာမှာ သနပ်ခါးခံစာပင် ဖြစ်သွားလေသည်။ လက်ရေးခေတ်ဟု ဆိုသော်လည်း ထိုခေတ်ကယခုပြည်ပနိုင်ငံများတွင် ခေတ်စားနေသည့် ကိုယ်တိုင်ဂျူတီစည်းကြပ် (Self-assessment) ကြေညာခြင်းကို လိုင်စင်ရအကောက်ခွန်ကျွမ်းကျင်သူ(Customs Specialist)များက ဆောင်ရွက်ခွင့်ရကြသည်။ ယခုခေတ်တွင်မူအဆိုပါအေးဂျင့်ကြီးများ မှာပျောက်ကွယ်သွားကြလေပြီ။ ထိုခေတ်အခါက ထုတ်ကုန်သွင်းကုန်ကြေညာလွှာတစ်စောင်တင်သွင်းလျှင် နေ့ချင်းပြီးရန် မလွယ်ကူပေ။ အကြောင်းမှာ အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်အများစုမှာ အကောက်ခွန်နှင့် ပတ်သက်သော သင်တန်းများတက်ရောက်ခွင့်မရကြသဖြင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ဗဟုသုတနည်းပါးကြသောကြောင့် ဖြစ်၏။

## ဂျောက်ဂျက်ခေတ်(၁၉၉၃-၂၀၀၉)

၁၉၉၃ခုနှစ် ဇန်နဝါရီလတွင် အကောက်ခွန် ဝန်ဆောင်မှုသင်တန်း အပတ်စဉ် (၁) ကို ရန်ကုန်မြို့ ဝါးတန်း သိုလှောင်ရုံ အပေါ်ဆုံးထပ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။အကောက်ခွန်ဝန်ဆောင်မှု လုပ်ကိုင်နေကြရသော အေးဂျင့်များအနက် တချို့မှာမတက်လိုကြ။တချို့မှာ နိုင်ငံတကာအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများကို လေ့လာလိုကြသဖြင့် တက်ရောက်ခဲ့ကြ၏။HS စာအုပ်ကိုစတင်မိတ်ဆက်ပေးခဲ့သည်။ Classification, Valuation, Tariffication စသည် တို့ကို သင်ကြားပေးခဲ့သည့်အပြင် လုပ်ထုံးလုပ်နည်းများကိုပါ စနစ်တကျပို့ချပေးခဲ့သည်။ ထုတ်ကုန်ကြေညာလွှာ(CUSDES2) သွင်းကုန်ကြေညာလွှာ(CUSDES1)ဖြတ်သန်းကုန်စည် (CUSDES3) စသည်တို့ကို လက်နှိပ်စက်ဖြင့် စနစ်တကျ ဖြည့်စွက်ရန် လမ်းညွှန်ခဲ့သည်။ ဤသို့ဖြင့် အေးဂျင့်တချို့မှာ သိမ်ဖြူလမ်းရှိ BSC ကောလိပ် လက်နှိပ်စက် သင်တန်းကျောင်းသို့ ပြေးတက်ကြကုန်၏။ လက်နှိပ်စက်မဝယ်လိုသော အေးဂျင့်များမှာ Passwriter အခန်းသို့ သွား၍ ထုတ် ကုန်/သွင်းကုန်ကြေညာလွှာများ ရိုက်ကြသည်။ အလုပ်များသော အေးဂျင့်တချို့မှာ ကိုယ်ပိုင်လက်နှိပ်စက်များ ဝယ်ယူ၍ ကိုယ်တိုင်ရိုက်ကြရသဖြင့် ဘားလမ်းအောက်ဆုံးဘလောက်တစ်လမ်းလုံးတွင် လက်နှိပ်စက်သံများဖြင့် သောသောညံနေတော့သည်။ Item များသောကုန် ပစ္စည်းများဆိုလျှင် နှစ်ရက်ခန့်ရိုက်ယူရပြီး လက်နှိပ်စက်ဆိုင်အပ်ရလျှင် တစ်ပတ်ခန့်စောင့်ရသည်။ ဆိပ်ကမ်းအတွင်း ကုန်သေတ္တာများထုတ်လျှင် Risk Management မသုံးသေးသဖြင့်၊ ကုန်သေတ္တာတစ်လုံး ထုတ်လျှင် အေးဂျင့်လုပ်ငန်းကျွမ်းကျင်ပါက နာရီဝက်ခန့်ကြာတတ်ပြီး လုပ်ငန်းမကျွမ်းကျင်ပါက ခြောက်နာရီခန့်ပင်ကြာလေ့ရှိသည်။ ထိုစဉ်က အေးဂျင့်သူငယ်ချင်းတစ်ဦးမှာ ထုတ်ကုန်သွင်းကုန်ကြေညာလွှာများ လက်နှိပ်စက်ရိုက်ရလွန်း သဖြင့် ထိုင်နေရင်းပင်ပုခုံးများမှာ ပဲပြားပင်လို ဟိုဘက်သည်ဘက် ယိမ်းနေသကဲ့သို့ အကျင့်ပါနေလေတော့သည်။





## အီးတင်သည့်ခေတ် (၂၀၁၀-၂၀၁၆)

၂၀၀၉ခုနှစ် နှစ်ဝက်လောက်တွင် Training for E.Customs Software သင်တန်းများကို အကောက်ခွန်ဦးစီးဌာနက ဆက်တိုက်ဖွင့်လှစ်ပေးလာသည်။ ထုတ်ကုန်/သွင်းကုန် ကြေညာလွှာများ စာရွက်ပေါ်တွင် လက်နှိပ်စက်ဖြင့် နှစ်ပေါင်း ၂၀ နီးပါးဖြည့်စွက်နေရာမှ ရုတ်တရက် အွန်လိုင်းမှ တင်ကြရတော့မည် ဆိုတော့ အေးဂျင့်များ မျက်လုံးပြူးလာကြသည်။ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် လက်ပိုက်ကြည့်နေသူများလည်း ရှိသည်။ အေးဂျင့်တစ်ယောက် Laptop တစ်လုံး၊ မဖြစ်မနေကိုင်ကြရတော့မည့်အရေးကုန်ကျ စရိတ်မတတ်နိုင်သူများကတွေးပူလာကြသည်။ ဤသို့ဖြင့်မိမိတို့ ဖြတ်သန်းခဲ့ကြရသောE.Customsမှာနေ့စဉ်တင်သွင်းလျက်ရှိသော ထုတ်ကုန်သွင်းကုန်ကြေညာလွှာများ(Work Load Volume) အပေါ် မနည်းအလျဉ်မီအောင် လိုက်နေကြရသဖြင့်လည်းကောင်း၊ ကောင်းမွန်မြန်ဆန်သောအင်တာနက်စွမ်းရည် မရရှိခြင်း၊ နောက်ဆုံး ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးဦးစားပေးလိုက်ရသည့်အတွက် စက်အင်အား(On Line)တစ်ဝက်၊ လူအင်အား(Manual) တစ်ဝက် တွဲဖက်လုပ်ကိုင်ရသော DualSystemဖြင့်ဆက်လက် လည်ပတ်ခဲ့ရ၏။ ဆိပ်ကမ်းပိုင်းတွင်မူ တစ်ချိန်က ခြောက်နာရီကြာမြင့်ခဲ့သော ကုန်သေတ္တာ စစ်ဆေးချိန်မှာ ဝါစိမ်းနီလမ်းကြောင်းများဖြင့်ခွင့်ပြုသောRiskManagement က ကယ်တင်လိုက်သဖြင့် ကုန်သေတ္တာထုတ်ယူချိန် ကြာမြင့်မှုမှာ အံ့မခန်းဖွယ် ပျောက်ကွယ်သွားတော့သည်။

## မားစ် (MACCS) စနစ် (၂၀၁၆ခုနှစ်မှ - )

မြန်မာကုန်ပစ္စည်း အလိုအလျောက် ရှင်းလင်းရေးစနစ် (MACCS) (Myanmar Automated Cargo Clearance System)ကို ၂၀၁၃ ခုနှစ်ဇူလိုင်လမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့၏။ စနစ်၏အခြေခံဖြစ်သည့် Brief Design Version I(BD I) ကို ၂၀၁၃ခုနှစ် စက်တင်ဘာလကုန်တွင်လည်းကောင်း၊ Brief Design VersionII( BD II)ကို၂၀၁၃ခုနှစ် ဒီဇင်ဘာလကုန်တွင် လည်းကောင်း၊ Digital Design ကို၂၀၁၅ခုနှစ် မတ်လကုန်တွင်လည်းကောင်း အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပေပြီ။ ယခု ၂၀၁၆ခုနှစ်မေလမှ ဩဂုတ်လအထိ Training for MACCS Users သင်တန်းနှင့် Terminal Software Training သင်တန်းများ ဆက်တိုက် လေ့ကျင့်ပေးနေပြီဖြစ်သည်။ ၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် စတင်ကျင့်သုံးပေတော့မည်။ သို့အတွက် အကောက်ခွန်ဦးစီးဌာနက Terminal Software Training များ UMFCCI တွင် ဖွင့်လှစ်ပေး၍ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်နေကြခြင်းဖြစ်ပေသည်။ အဆိုပါ သင်တန်းဆင်းလက်မှတ်ကိုင်ဆောင်သူများမှာ နောင်တစ်ချိန်တွင် Authorized Digital Declarant များဖြစ်လာကြတော့မည်ဖြစ်သဖြင့် နိုင်ငံတကာအများနှင့်အညီ လုပ်ကိုင်နိုင်ကြတော့မည်ကို တွေးမိ၍ ဂုဏ်ယူနေကြခြင်းပင်ဖြစ်ပါသည်။ ကုန်သေတ္တာတစ်လုံးသုံးစက္ကန့်အတွင်း အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းပိုင်း(Delivery Order) ပြီးစီးမည်ဖြစ်သော MACCS စနစ်ကြီး အောင်မြင်စွာထွက်ပေါ်လာရေးမှာ အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်တို့၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အဓိကကျသည်ဟု သုံးသပ်မိသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ပုံမှန် တိုးတက်မှုမျိုးမဟုတ်ဟု ပညာရှင်အချို့သုံးသပ်

ထိုင်းနိုင်ငံ၌ ပြည်တွင်းစားသုံးမှုနှင့်ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်ခြင်းနှင့်အတူ လောလောဆယ်တွင် စီးပွားရေးတိုးတက်မှုရှိခဲ့သော်လည်း ကဏ္ဍအသီးသီး၌ တိုးတက်မှုမရရှိခဲ့သဖြင့် ပုံမှန်မဟုတ်သော တိုးတက်မှုသာဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားပါသည်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံစီးပွားရေးတိုးတက်မည်ဟု ကမ္ဘာ့ဘဏ် အပါအဝင် ပြည်တွင်းပြည်ပအဖွဲ့ အစည်းများကမျှော်မှန်းထားပါသည်။ သို့သော် ကျေးလက်စီးပွားရေးသည် ဆိုးရွားသော မိုးခေါင်မှုကြောင့် ထိခိုက်ခဲ့သည့်အပြင် ကဏ္ဍတိုင်း၌ ပုံမှန်တိုးတက်မှုမရရှိသေးသဖြင့် ကျန်ရှိသည့် ကာလများ၌ စီးပွားရေး ဆက်လက် ကောင်းမွန်စေရန် ဂရုတစိုက် ထိန်းကျောင်းရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

သုံးလပတ်အလိုက် စီးပွားရေးတိုးတက်မှုကို ၂ ဒသမ ၈ ရာခိုင်နှုန်း - ၂ ဒသမ ၉ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားပါသည်။ ပို့ကုန်ကို အလေးပေးသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒကို ကျင့်သုံးမည်မဟုတ်ဘဲ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒကို ကျင့်သုံး ရန်ရှိပါသည်။ ဗဟိုဘဏ်၏ အတိုးနှုန်းကိုလည်း ခန့်မှန်းထားသည့် စီးပွားရေးတိုးတက်မှု သုံးရာခိုင်နှုန်းကိုအခြေခံ၍ လက်ရှိအတိုးနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းအား ပြင်ဆင်ပြောင်းလဲခြင်းမပြုခဲ့ပါ။ ပြည်တွင်းစားသုံးမှုနှင့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနိုင်သည့် အခြေအနေများကို အလေးထားရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံအပေါ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ဖော်ပြသည့်နိုင်ငံအလိုက် အညွှန်းကိန်းသည် ယခုနှစ်တွင် အဆင့် ၂၀ သို့ မြင့်တက်ခဲ့ရာ နှစ်နှစ်အတွင်း ယုံကြည်မှုအဆင့် ကောင်းမွန်သည့် ၂၅ နိုင်ငံ အတွင်း ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်ပါသည်။ ထိုင်းနိုင်ငံ၏နိုင်ငံရေး မတည်ငြိမ်မှုများအပေါ် စိုးရိမ်မကင်း ရှိကြသော်လည်း နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများ၏ ယုံကြည်မှုအညွှန်းကိန်း သည် တိုးတက်ခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကိုလည်း တိုးချဲ့လျက်ရှိပါသည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ကမ္ဘာ့စီးပွားရေးမတည်ငြိမ်ခြင်း၊ ပို့ကုန်ကျဆင်းခြင်းနှင့် မိုးခေါင်ခြောက်သွေ့ခြင်းများကြောင့် တိုးတက်နှုန်း နှေးကွေးမည်ဟုလည်း ခန့်မှန်းကြပါသည်။ ယခုနောက်ဆုံး စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်သည် ငွေလဲလှယ်နှုန်း တစ် ဒေါ်လာလျှင် ၃၄ ဒသမ ၉၉ ဘတ်၊ ဒူဘိုင်း ရေနံစိမ်းဈေး အမေရိကန် တစ်စည် လျှင် ၃၉ ဒသမ ၀၅ ဒေါ်လာ နှုန်းနှင့် နိုင်ငံခြားဧည့်သည် ဝင်ရောက်မှု ဦးရေ ၃၂ ဒသမ ၈၇ သန်းပေါ်တွင် အခြေခံ၍ သုံးရာခိုင်နှုန်း တိုးတက်မှုရရှိမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအရှိန်အဟုန်ကို အဟန့်အတားဖြစ်စေနိုင်သည့် အဓိကအချက်များမှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှေးကွေး၍ ထိုင်းနိုင်ငံ၏ပို့ကုန်ကိုကျဆင်းစေနိုင်ခြင်း၊ ဆိုးရွားသော မိုးခေါင်မှုကြောင့် ပြည်တွင်းစားသုံးမှုကျဆင်းစေနိုင်ခြင်းနှင့် တောင်သူများ၏ ဝင်ငွေသိသိသာသာ ကျဆင်းခြင်းတို့ဖြစ်ကြပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**

# AIIB က Belt & Road Projects များကို ဦးဆောင်ထောက်ပံ့မှု ပြုလုပ်မည်

AIIB ၏ ပထမအကြိမ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို လာမည့် ဇွန် ၂၄-၂၅ ရက်၌ ကျင်းပမည့် ဒုတိယ အကြိမ် ဘုတ်အဖွဲ့အစည်းအဝေး၌ ထုတ်ပြန်မည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းများ၌ AIIB တစ်ဦးတည်း ဆောင်ရွက်မည့် လုပ်ငန်းများအပါအဝင် ကမ္ဘာ့ဘဏ်၊ အေဒီဘီနှင့် အတူ ငွေကြေးပူးပေါင်း ထောက်ပံ့မှု ပြုလုပ်မည့် စီမံချက်များ လည်း ပါဝင်မည်ဖြစ်ကြောင်း AIIB ဥက္ကဋ္ဌက ပြောကြားခဲ့ပါသည်။

ရင်းနှီးငွေပမာဏကို အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ခွင့်ပြုသတ်မှတ်ထားပြီး အခြေခံအဆောက်အအုံ လုပ်ငန်းများဖြစ်သည့် စွမ်းအင်၊ ပို့ဆောင်ရေးစနစ်ဖွံ့ဖြိုးမှု၊ မြို့ပြဆောက်လုပ်ရေး လုပ်ငန်းများ၊ ရေပေးဝေမှုစနစ်နှင့် အခြားထောက်ပံ့ပို့ဆောင်ရေး ကိစ္စရပ်များ ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ့ဘဏ်၏ ပြောကြားချက်အရ AIIB သည် ယခုနှစ်အတွင်း ၎င်းတို့နှင့်ငွေကြေးပူးပေါင်းထောက်ပံ့မှု ပြုလုပ်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့် သတ်မှတ်မည်ဟု ယူဆကြောင်း သိရှိရပါသည်။

AIIB ဘဏ်ခွဲများကို နိုင်ငံတကာနှင့် ဒေသတွင်းငွေကြေးစင်တာများဖြစ်သည့် လန်ဒန်၊ နယူးယောက်နှင့်ဖရန့်ဖတ်တို့၌ ဖွင့်လှစ်၍ ငွေကြေးအရင်းအနှီးတိုးမြှင့်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ AIIB သည် Belt & Road လမ်းကြောင်းတစ်လျှောက် နိုင်ငံများ (ဥပမာ ပါကစ္စတန်နှင့် အင်ဒိုနီးရှား) ၏ အခြေခံအဆောက် အအုံလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်သော်လည်း လမ်းကြောင်းတစ်လျှောက်၌ မပါဝင်သည့် ထွန်းသစ်စ နိုင်ငံများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု လုပ်ငန်းကိုလည်း ထည့်သွင်း စဉ်းစား ဆောင်ရွက်မည်ဖြစ်ကြောင်း AIIB ဥက္ကဋ္ဌက ဆက်လက်ပြောကြားခဲ့ပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# သကြားပါဝင်မှုနှုန်းများသည့် အချိုရည်များကို ထိုင်းနိုင်ငံ အခွန်စည်းကြပ်မည်

ထိုင်းနိုင်ငံတွင် သကြားပါဝင်မှု မြင့်မားသည့် အချိုရည်များကို အခွန်စည်းကြပ်ရန်အတွက် ယစ်မျိုးခွန်ဦးစီးဌာနမှ လေ့လာလျက်ရှိကြောင်းဖော်ပြထားပါသည်။ သကြားပါဝင်မှုနှုန်းများသည့် အချိုရည်များကို သောက်သုံးခြင်းဖြင့် ကျန်းမာရေးထိခိုက်ပျက်စီးမှု အခြေအနေများကိုသိရှိရန် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးအဖွဲ့သို့ တင်ပြတောင်းခံထားပါသည်။ သကြားပါဝင်မှု မြင့်မားသည့် အချိုရည်များကို အခွန်စည်းကြပ်ရာ၌ စားသုံးသူများ၏ ကျန်းမာရေးထိခိုက်ပျက်စီးမှုပေါ်တွင် အခြေခံ၍ စည်းကြပ်မည်ဖြစ်ပြီး အချိုရည်လုပ်ငန်းကဏ္ဍအပေါ် ထိခိုက်မှုရှိမည့်အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ပါသည်။

ယခုကဲ့သို့ သကြားပါဝင်မှုများသည့် အချိုရည်များကို အခွန်စည်းကြပ်မှုများပြုလုပ်မည်ဆိုပါက နောက်ဆက်တွဲဥပဒေများ ထုတ်ပြန်ရန်လိုအပ်ပါသည်။ လက်ရှိအချိန်တွင် ထုတ်လုပ်မှုပမာဏနှင့်ထုတ်လုပ်မှုတန်ဖိုးများကို အခြေခံ၍ ကာဗွန်ဟိုက်ဒရိတ်အချိုရည်များနှင့်သစ်သီးဖျော်ရည်များကို အခွန်စည်းကြပ်လျက်ရှိရာ လက်ရှိဥပဒေများအရ သကြားပါဝင်သည့်အချိုရည်များကို အခွန်ကောက်ခံခွင့်မရှိသဖြင့်နောက်ဆက်တွဲဥပဒေပြဋ္ဌာန်းရန် လိုအပ်ခြင်းဖြစ်ကြောင်း သိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ ပူးပေါင်းဆောင်ရွက်ရန် G20 နိုင်ငံများ ကတိပြု

ဇွန်လ ၃ ရက်က ရှန်ဇီပြည်နယ် ရှီအန်းမြို့၌ ကျင်းပသည့် ဂျီ ၂၀ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးတွင် ကမ္ဘာ့စိုက်ပျိုးရေးကဏ္ဍကို စွမ်းရည်ပြည့်ဝစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်နှင့်လယ်သမားများ အကျိုးစီးပွားကို ရှေ့ရှု၍ ဂျီ ၂၀ နိုင်ငံများ၏ လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များအချင်းချင်း ဝေမျှဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ တီထွင်ဆန်းသစ်မှု ခေတ်မီနည်းပညာများ၊ ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ နည်းလမ်းသစ်များနှင့်မူဝါဒများကို နိုင်ငံအချင်းချင်းဝေမျှနိုင်မည့် ပလက်ဖောင်း (platform) တစ်ခုထူထောင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီးက အင်တာနက်သည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုကိုများစွာ အထောက်အကူပြုကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မိမိတို့၏အတွေ့အကြုံနှင့်နည်းဗျူဟာများကို နိုင်ငံအချင်းချင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ အမေရိကန်စိုက်ပျိုးရေးဝန်ကြီးက ထိုသို့စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို ဝေမျှခြင်းဖြင့် လယ်သမားများ၏ ဈေးကွက်အခွင့်အလမ်းပိုမိုရရှိလာပြီး စီးပွားရေးအခွင့်အလမ်းကို အထောက်အကူဖြစ်စေသည့်အပြင် စားသုံးသူများအတွက် အစားအစာဘေးကင်းစိတ်ချရမှုလည်း ပို၍ ရရှိနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ နိုင်ငံတကာအစားအစာမူဝါဒဆိုင်ရာ သုတေသနတက္ကသိုလ်မှ ဒါရိုက်တာ Mr. Fan Shenggen က နည်းပညာများမျှဝေခြင်းသည် လယ်သမားများ၏ တစ်ဦးချင်းတီထွင်ဆန်းသစ်မှုကို အားပေးရာရောက်ကြောင်း၊ ယခုကြုံတွေ့နေရသည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖြည့်ဆည်းမှုကို ထိခိုက်လာပြီး အချို့ဒေသများ၌ ကောက်ပဲသီးနှံထုတ်လုပ်မှုမှာ ထက်ဝက်ခန့်ကျဆင်းနေသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်ရာ စိုက်ပျိုးရေးခေတ်မီနည်းပညာများ ကမ္ဘာတစ်ဝန်းတိုးတက်ပျံ့ပွားရေးမှာ အလွန်အရေးပါလာကြောင်း သုံးသပ်ထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# အိန္ဒိယနိုင်ငံ၏ အလုပ်အကိုင် ရရှိရေးအစီအစဉ်အရ ပြည်သူ ခုနစ်သိန်းနီးပါး အလုပ်အကိုင်များရရှိ

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် နှစ်နှစ်အတွင်း ဝန်ကြီးချုပ်၏ အလုပ်အကိုင်ရရှိရေး အစီအစဉ် (Prime Minister's Employment Generation Programme- PMEGP) အရ ပြည်သူပေါင်းခြောက်သိန်းရှစ်သောင်းကျော်မှ ခုနစ်သိန်းနီးပါးခန့်အထိ အလုပ်အကိုင်ရရှိခဲ့ကြကြောင်း၊ ၎င်းတို့အနက် ဂျမူးနှင့်ကက်ရှ်မီးယားပြည်နယ်အတွင်း စက်ရုံပေါင်း ၃၇၇၂ ရုံတွင် အလုပ်အကိုင် ရရှိခဲ့သည့်ပြည်သူပေါင်း ၂၃၁၄၀ ဦးခန့်လည်း အပါအဝင်ဖြစ်ကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဝန်ကြီး Kalraj Mishra ကပြောကြားထားကြောင်း သိရပါသည်။

ပြည်ထောင်စုဝန်ကြီးက အဆိုပါ ပြည်နယ်အတွင်းရှိ စက်ရုံပေါင်း ၂၂၀၀ ကျော်ကို ထောက်ပံ့ရန်အတွက် ပြီးခဲ့သည့် နှစ်နှစ်အတွင်း ရူပီး၃၈ ကုဋေနီးပါးကို အသုံးပြုခဲ့ကြောင်း၊ သို့ရာတွင် ဂျမူးနှင့်ကက်ရှ်မီးယားပြည်နယ်သည် ဝန်ကြီးဌာန၏ အမျိုးမျိုးသော အစီအစဉ်များကို အများအပြားအသုံးပြုခဲ့ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ဗဟိုအစိုးရက ပိုမိုထောက်ပံ့ပေးနိုင်ရန်အတွက် ပြည်နယ်အစိုးရအနေဖြင့် အဆိုပြုတင်ပြချက်များ ပိုမိုဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလက်မှု မြေယာအဆောက်အအုံများ၌ ပိုမိုထောက်ပံ့ပေးနိုင်ရန် ပြင်ဆင်ထားကြောင်း၊ ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်သော Technology Centre System အစီအစဉ်အရ နိုင်ငံတစ်ဝန်းလုံး၌ နည်းပညာ ဗဟိုဌာနသစ် ၁၅ ခု တည်ထောင်မည် ဟု ပြောကြားထားကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၀–၆–၂၀၁၆)

ဇော်ဝင်း

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေး တက်ရိပ်ပြ ပဲတီစိမ်းဈေး အနည်းငယ် ကျသော်လည်း အရောင်းအဝယ် ပုံမှန်ရှိ

ဒီတစ်ပတ်မန္တလေးဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ် တက်ခဲ့ပြီး ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၇၆၇ ကျပ် (တစ်တန်ကို ၁၆၉၄၄၈၃ ကျပ်)နဲ့ ဈေးမြင့်အဝယ်ဖွင့်ခဲ့ပေမယ့် တစ်နေ့အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ပဲတီစိမ်းဈေးနှုန်းကတော့ ယခင်တစ်ပတ် ထက်အနည်းငယ်ကျပြီး ပဲတီစိမ်းကြီးတစ်ပိဿာကို ၁၆၇၁ ကျပ် (တစ်တန်ကို ၁၀၂၃၃၀၃ ကျပ်) နဲ့ တရုတ်ဝယ်လက်က အဝယ်ရှိပြီး တစ်နေ့ကို အိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ပဲတီစိမ်း ရွှေဝါကတော့ တစ်ပိဿာကို ၁၈၆၇ ကျပ် (တစ်တန်ကို ၁၁၄၃၃၃၂ ကျပ်) နဲ့ တရုတ်ဝယ်လက်နဲ့ ဒေသတွင်းပဲခွဲစက်တွေ က ပုံမှန်အဝယ်ရှိပြီး တစ်နေ့ကို အိတ် ၄၀၀ ခန့်အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရပါတယ်။

×××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်အေးနေ

ဒီတစ်ပတ်လားရှိုးဈေးကွက်မှာ ပြောင်းဈေးနှုန်းအပြောင်းအလဲမရှိဘဲတစ်ပိဿာ ၄၀၀ ကျပ် (တစ်တန်ကို ၂၄၄၉၅၆ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဝယ်လက်အနေနဲ့ တရုတ်ဝယ်လက်နဲ့ တိရစ္ဆာန်အစာစပ်စက်ရုံများမှ ဝယ်ယူပါတယ်။ လှောင်လက်များမှာ ပြောင်းလက်ကျန် နည်းပါးနေတာကြောင့်လည်း အရောင်းအဝယ်ပါးကြောင်းနဲ့ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ကတော့တစ်ပတ်အတွင်း ပိဿာ ၆၀၀၀၀ ခန့်သာရှိသောကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် နည်းသွားကြောင်း သိရပါတယ်။

×××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတက်ရိပ်ပြ အရောင်းအဝယ်ပုံမှန်ဖြစ်

ဒီတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲရော ပဲစင်းငုံနီ၊ ဈေးအနည်းငယ်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို အိန္ဒိယအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၈၀၀ ကျပ် (တစ်တန်ကို ၁၇၁၄၆၉၂ ကျပ်) နဲ့ အရင်တစ်ပတ်ထက် ဈေးနှုန်းမြင့်ပြီးအရောင်းအဝယ်ဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို အိတ် ၃၀၀ မှ အိတ် ၅၀၀ ကြား ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ ပဲစင်းငုံနီလည်း ယခင်တစ်ပတ် ထက် ဈေးမြင့်ပြီး တစ်ပိဿာ ၂၄၆၅ ကျပ် (တစ်တန်ကို ၁၅၀၉၅၄ ကျပ်) နဲ့ အရောင်းအဝယ်ဖွင့်ခဲ့ပေမယ့် လှောင်လက်တွေမှာ လက်ကျန်နည်းနေတာကြောင့် တစ်ပတ်အတွင်းမှာ အိတ် ၅၀၀ ခန့်သာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေး တက်ရိပ်ပြသော်လည်း အရောင်းအဝယ်အေး

ဒီတစ်ပတ်ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးက ယခင်တစ်ပတ်ထက်အနည်းငယ်မြင့်ခဲ့ပေမယ့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၅၀ ကျပ် (တစ်တန်ကို ၁၅၀၀၃၅၅ ကျပ်) နဲ့ ဈေးမြင့်အဝယ်ရှိပေမယ့် တစ်နေ့ကို အိတ် ၅၀ ခန့်သာ အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ယခင်တစ်ပတ်ထက်ဈေး အနည်းငယ်ကျပြီး တစ်ပိဿာကို ၁၄၇၅ ကျပ် (တစ်တန်ကို ၉၀၃၂၇၅ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ပြီး တစ်နေ့ကိုအိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ်တက်ခဲ့ပြီး ပြည်ပဝယ်လက်ဖြစ်တဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၂၈၁၀ ကျပ် (တစ်တန်ကို ၁၇၂၀၈၁၅ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့တန် ၁၅၀ ခန့်ရှိတာကြောင့် ယခင်တစ်ပတ်ထက် အရောင်းအဝယ်များခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို ၂၅ တန်ခန့်ရှိကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်ကပုံမှန်အဝယ်ရှိနေတဲ့ ဒေသထွက် အစေ့ထုတ်ပြောင်းအနေနဲ့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၄၀၀ ကျပ် (တစ်တန်ကို ၂၄၄၉၅၆ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီးတစ်နေ့ကို အိတ် ၂၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××



## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံနဲ့ ပဲစင်းငုံနီ အရောင်းအဝယ်အေး

ယခုတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းနီနဲ့ နှမ်းဖြူ ယခင်တစ်ပတ်ဈေးအတိုင်းတန့်နေပေမယ့် နှမ်းနက်နဲ့ စမုံနက်နှမ်းတို့ကတော့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ မန္တလေးဝယ်လက်နဲ့ဆီစက်များက နှမ်းနီ တစ်ပိဿာ ၂၀၀၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၀၉၀ ကျပ်နဲ့ နှမ်းနက် တစ်ပိဿာ ၂၄၄၅ ကျပ်၊ စမုံနက်နှမ်းတစ်ပိဿာ ၃၅၅၅ ကျပ်နဲ့ဈေးဖွင့်ခဲ့ပြီး တစ်ပတ်ကိုနှမ်းမျိုးစုံ အိတ် ၅၀၀ မှ အိတ်၈၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ပဲစင်းငုံနီကို တစ်ပိဿာ ၂၄၆၅ ကျပ် (တစ်တန်ကို ၁၅၀၉၅၄၁ ကျပ်)နဲ့ ယခင်တစ်ပတ်ထက်ဈေးမြင့်ပြီး အဝယ်ဖွင့်ခဲ့ပေမယ့် အရောင်းအဝယ်အေးနေပြီး တစ်ပတ်အတွင်း ၃၀၀ အိတ်ခန့်သာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပုံမှန်ရှိ

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ CP ပြောင်းကို မန္တလေးဝယ်လက်က ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၄၃၅ ကျပ် (တစ်တန်ကို ၂၆၆၃၈၉ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့တစ်နေ့ကို အိတ် ၁၀၀၀ ခန့် ရှိတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင်အနည်းငယ်အရောင်းအဝယ်ပိုမိုခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေး တက်ရိပ်ပြသော်လည်း အရောင်းအဝယ်အေး

အောင်လံဈေးကွက်မှာ ပဲစင်းငုံနီကို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၆၅ ကျပ်နဲ့ (တစ်တန်ကို ၁၅၀၉၅၄၁ ကျပ်) နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့တာကြောင့် ယခင်တစ်ပတ်ထက်ဈေးနှုန်းမြင့်ခဲ့ပေမယ့် တစ်နေ့အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ထက် နှမ်းနီနဲ့ နှမ်းနက် ဈေးအနည်းငယ်ကျခဲ့ပြီး သိပ္ပံနှမ်းကတော့ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ နှမ်းမျိုးစုံတစ်နေ့ အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေး တက်ရိပ်ပြ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီဈေးတက်ရိပ်ပြခဲ့ပြီး ပဲတီစိမ်းကြီးကတော့ အနည်းငယ်ဈေးကျခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်က ပဲတီစိမ်းကြီးကို တစ်ပိဿာ ၁၅၇၈ ကျပ် (တစ်တန်ကို ၉၆၆၃၅၁ ကျပ်) နဲ့ ပဲစင်းငုံနီကို တစ်ပိဿာ ၂၄၈၅ ကျပ် (တစ်တန်ကို ၁၅၂၁၇၅၉ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ပြီး အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရပါတယ်။ ဒေသနဲ့ ပြည်တွင်းဝယ်လိုအား ပုံမှန်ရှိနေတဲ့ ကုလားပဲဖြူလုံးကြီးကတော့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်ခဲ့ပြီး တစ်ပိဿာကို ၂၀၆၈ ကျပ် (တစ်တန်ကို ၁၂၆၆၄၂၂ ကျပ်) နဲ့ ဝယ်လိုအား ပုံမှန်ရှိနေကြောင်းလည်း သိရပါတယ်။

×××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး တက်ရိပ်ပြ

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ အိန္ဒိယကဝယ်လိုအားများတဲ့အတွက် မတ်ပဲနဲ့ ပဲစင်းငုံနီဈေး အရင်တစ်ပတ်ထက် မြင့်တက်လာကြောင်း သိရပါတယ်။ မတ်ပဲ RAQ တစ်တန်ကို ၁၈၃၂၀၀၀ ကျပ်၊ မတ်ပဲ SQ တစ်တန်ကို ၁၈၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံနီ RC တစ်တန်ကို ၁၅၅၅၀၀၀ ကျပ်တို့နဲ့ အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။

×××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်အေး

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၄၂၀ ကျပ် (တစ်တန်ကို ၂၅၇၂၀၃ ကျပ်) နဲ့ ဈေးဖွင့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဝယ်လက်အနေနဲ့ ရန်ကုန်ဝယ်လက်နဲ့ ဒေသတွင်း တိရစ္ဆာန်အစာစပ်စက်ရုံများကသာ အဝယ်ရှိပြီး မန္တလေးနဲ့ မူဆယ်မှ အဝယ်မရှိကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုပမာဏအနေနဲ့ ယခင်တစ်ပတ်မှ ပိဿာချိန် ၄၀၀၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်အတွင်းမှာ ပိဿာချိန် ၂၅၀၀၀၀ ခန့်သာရှိသောကြောင့် အရောင်းအဝယ်အေးနေကြောင်းသိရပါတယ်။

×××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပုံမှန်ဖြစ် ဈေးနှုန်း အနည်းငယ်တက်ရိပ်ပြ

မူဆယ်ဈေးကွက်မှာ ယခုတစ်ပတ် ပြောင်းဈေးအနည်းငယ် တက်ခဲ့ပြီး အဝင်တန်ချိန် (၉၇၄၄) တန်ခန့်ရှိခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် ဈေးနှုန်းတက်ရိပ်ပြသလို အဝင်များခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ အရည်အသွေးပေါ် မူတည်ပြီး ၅၀ ကီလိုတစ်အိတ်ကို ၈၆ ယွမ်မှ ၉၀ ယွမ်မှ တစ်တန်ကို ၁၇၂၀ ယွမ်မှ ၁၈၀၀ ယွမ်ဈေးအထိ အရောင်းဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

# Re-export မှသည် ပို့ကုန်မြှင့်တင်ရေးသို့

■နန္ဒ (မြိတ်)



ယခုတလော မြန်မာ့ကုန်သွယ်ရေးလောကမှာ ခေတ်စားလာတာတစ်ခုကတော့ Re-export လုပ်ငန်းတစ်ခုပါ။ Re-export ဆိုတာ ပြည်ပက ကုန်ပစ္စည်းများကိုမှာယူတင်သွင်းပြီး မူလအတိုင်းသော်လည်းကောင်း၊ ပြည်တွင်းမှာ ပြုပြင်ထုတ်လုပ်ပြီး (မူလပင်ရင်းနိုင်ငံ မပြောင်းလဲစေဘဲ)သော်လည်းကောင်း၊ အခြားနိုင်ငံတစ်နိုင်ငံကို ပြန်လည်တင်ပို့တာကို ခေါ်ဆိုတာဖြစ်ပါတယ်။

Re-export ဆောင်ရွက်ခြင်းအားဖြင့် မိမိနိုင်ငံက ပို့ကုန်မရှိရင်တောင် အခြားနိုင်ငံက ပို့ကုန်ပစ္စည်းတွေနဲ့ ဈေးကွက်ဝယ်လိုအားရှိတဲ့ အခြားနိုင်ငံတစ်နိုင်ငံကို တင်ပို့နိုင်မှာဖြစ်သလို နိုင်ငံတော်အတွက် ထိုက်သင့်တဲ့ အခွန်အခတွေ ရရှိစေနိုင်ပြီး လုပ်ငန်းလုပ်ကိုင်သူတွေအတွက်ပါ အကျိုးအမြတ်ဖြစ်ထွန်းစေကာ ကုန်သွယ်မှုပမာဏတွေလည်း တိုးတက်စေနိုင်တာလည်းဖြစ်ပါတယ်။

ဒီလို အခွင့်အရေးတွေ ရရှိနိုင်ဖို့ဆိုရင် လုပ်ငန်းလုပ်ကိုင်သူတွေအနေနဲ့ နှစ်နိုင်ငံရဲ့ ဈေးကွက်အခြေအနေတွေကို နှံ့စပ်စွာ သိရှိထားရုံမက ဝယ်လိုအားရှိတဲ့ကုန်ပစ္စည်းတွေကို ကောင်းမွန်စွာ ချိတ်ဆက် ဆောင်ရွက်နိုင်ပြီး ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူတွေနဲ့ SMEs လုပ်ငန်းတွေကိုလည်း မထိခိုက်စေဘဲ လုပ်ငန်းများ အဆင်ပြေအောင် ဆောင်ရွက်နိုင်ဖို့လည်း အရေးကြီးတာ တွေ့ရပါတယ်။

ဒီလိုမှ မဟုတ်ရင် Re-export တင်ပို့တဲ့ ကုန်ပစ္စည်းက တစ်ဖက်နိုင်ငံရဲ့ Sensitive List (အထူးကုန်စည်)အဖြစ် သတ်မှတ်ထားတဲ့ ကုန်မျိုးဖြစ်နေရင် ဒါမှမဟုတ် Quota သတ်မှတ်ထားတဲ့ ကုန်ပစ္စည်းမျိုးဖြစ်နေရင် ဈေးကွက်အရ ဝယ်လိုအားရှိနေသော်လည်း ဒေသခံ စိုက်ပျိုး/ထုတ်လုပ်သူတွေနဲ့ အသင်းအဖွဲ့တွေရဲ့ ကန့်ကွက်မှုတွေနဲ့ ၎င်းတို့ရဲ့အမျိုးသားအကျိုးစီးပွား ကာကွယ်ရေးဆိုင်ရာ ဥပဒေတွေအရ ကန့်သတ်တားဆီးပိတ်ပင်မှုတွေနဲ့ ရင်ဆိုင်ရနိုင်သလို လုပ်ကိုင်သူတွေအတွက်လည်း လုပ်ငန်းဆိုင်ရာ အခက်အခဲတွေ၊ ထိခိုက်နစ်နာမှုတွေပါ ဖြစ်လာတတ်ပါတယ်။ ဒ့ါအပြင် တစ်ဖက်ကလည်း ပြည်တွင်းကို ကုန်ပစ္စည်းတွေမှာယူတင်သွင်းတဲ့အခါ ဈေးကွက်ထိခိုက်နစ်နာမှုတွေ ဖြစ်ပေါ်လာနိုင်တာကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူတွေနဲ့ SMEs တွေရဲ့ ကန့်ကွက်အရေးဆိုမှုတွေနဲ့လည်း ကြုံတွေ့ရနိုင်ပါတယ်။

ဒ့ါကြောင့် Re-export လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့ဆိုရင် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအပေါ် ဌာနဆိုင်ရာများရဲ့ ပေါင်းစပ်ညှိနှိုင်းပေးမှု၊ နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုများနဲ့အတူ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံတွေ ပြည့်စုံကောင်းမွန်မှု၊ နယ်မြေတည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်ရဲ့ တည်နေရာ အနေအထားအရ အရေးပါမှု၊ တစ်ဖက်နိုင်ငံတွေနဲ့ ဈေးကွက်အခိုင်အမာ တည်ဆောက်ထားနိုင်မှုစတဲ့ အင်အားစုတွေနဲ့ပါ ပေါင်းစပ်ဆောင်ရွက်နိုင်မှ ပိုမိုထိရောက်အောင်မြင်နိုင်မှာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ Re-export လုပ်ငန်းတွေကို ယခင်က တွင်ကျယ်စွာ မဆောင်ရွက်နိုင်ဘဲတုံ့နှေးနေခဲ့ရတဲ့ အကြောင်းရင်းတွေထဲမှာ အထူးသဖြင့် နယ်စပ်ဒေသတွေမှာ အခြေခံအဆောက်အအုံများ (လမ်းပန်းဆက်သွယ်မှု၊ လျှပ်စစ်စွမ်းအား) အားနည်းချက်တွေကြောင့်ဖြစ်ပြီး အဲ့ဒီအားနည်းချက်တွေကို အခွင့်ကောင်းရယူပြီး အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ ထိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ မြန်မာ့ထွက်ကုန်တွေအပေါ်မှာ ၎င်းတို့ဒေသသုံးအဖြစ် တင်သွင်းရုံမက Re-export ပြန်လည်တင်ပို့ပြီး အမြတ်အစွန်းများစွာ ရရှိနေခဲ့တာလည်း တွေ့ရပါတယ်။

ဥပမာအနေဖြင့် တင်ပြရမည်ဆိုလျှင် မြန်မာ့ပင်လယ်ပြင် တနင်္သာရီတိုင်း ဒေသကြီးမှထွက်ရှိတဲ့ ရေထွက်ပစ္စည်းများကို ထိုင်းနိုင်ငံ၊ ရနောင်းဒေသက လက်ခံတင်သွင်းပြီး ၎င်းတို့ရဲ့ အအေးခန်းသိုလှောင်ရုံ တွေမှာတင်ပဲ နိုင်ငံတကာ ငါးဈေးကွက်ကို လေလံစနစ်နဲ့ နေ့စဉ်ရောင်းချ အမြတ်ရရှိနေသလို အချို့ကို မဟာချိုင်ဒေသမှာ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချ၍ လည်းကောင်း၊ ရခိုင်ကမ်းမြောင်ဒေသ စစ်တွေ၊ မောင်တောထွက် ရေငန်ပုဇွန်တွေကို တက္ကနဖ်က ဝယ်ယူပြီး အနောက်ဥရောပနိုင်ငံတွေကို ပြန်လည်တင်ပို့ရောင်းချ၍လည်းကောင်း၊ အလားတူ မြန်မာ့ လယ်ယာထွက်ကုန်၊ သစ်တောထွက်နှင့် သတ္တုတွင်းထွက်ပစ္စည်းများကို တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းပြီး အချို့ကို ဒေသသုံးနှင့် အချို့ကို Re-export ပြန်လည်တင်ပို့ဆောင်ရွက်၍ အကျိုးအမြတ်များစွာရရှိခဲ့တာလည်း တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာတော့ ၂၀၁၅ ခုနှစ်၊ မိုးတွင်းကာလမှာ ရက်ရှည်မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်/တိုင်းဒေသကြီး အတော်များများမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ပြီး စိုက်ဧကတွေ ရေနစ်မြုပ်ပျက်စီးခဲ့ခြင်းနှင့်အတူ အခြေခံကုန်ဈေးနှုန်းတွေပါ တက်လာခဲ့ပါတယ်။ ဒါကြောင့် အရန်ဆန် ထားရှိရေးကိုပါ တွက်ချက်လာရပြီး ပြည်ပဆန်တင်ပို့မှုကိုပါ ခေတ္တဆိုင်းငံ့လိုက်ရတဲ့အချိန်မှာ ပို့ကုန်ကဏ္ဍများ ကျဆင်းမှုမရှိစေရေးအတွက် Re-export လုပ်ငန်းနဲ့ ကုစားဆောင်ရွက်ဖို့ အားပေးဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။

အစပြုအနေနဲ့ နှစ်ဖက်ဈေးကွက်ကရောင်းလိုအား ဝယ်လိုအားရှိတဲ့ စက်သုံးဆီကို ပင်လယ်ရေကြောင်းနဲ့ ထိုင်းနိုင်ငံတို့မှတင်သွင်းပြီး တရုတ်ဈေးကွက်သို့ တင်ပို့၍ လည်းကောင်း၊ သကြားကို ထိုင်းနဲ့အိန္ဒိယတို့က တင်သွင်းပြီး တရုတ်သို့လည်းကောင်း၊ ကွမ်းသီးကို ထိုင်းနှင့်အင်ဒိုနီးရှားတို့က တင်သွင်းပြီး အိန္ဒိယဈေးကွက်သို့ Re-export တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ရာမှာ

➲ စာမျက်နှာ- ၁၆ သို့

## ကယားပြည်နယ်ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန (Trade Center)သို့ လာရောက်လေ့လာသူများ များပြားလာ

ကယားပြည်နယ်ရဲ့ ကုန်သွယ်မှုလုပ်ငန်းကဏ္ဍများတိုးတက်စေရန်အတွက် အထောက်အကူပြုသည့် ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန (Kandaryawaddy Trade Center )ကို ၂၀၁၆ ခုနှစ်ဧပြီ ၂၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ကယားပြည်နယ်မှထွက်ရှိတဲ့ ကုန်ပစ္စည်းများရဲ့ သတင်းအချက်အလက်များကို တစ်နေရာထဲမှာ စုစည်းထားရှိပြီး ယင်းကုန်ပစ္စည်းများရဲ့ သတင်းအချက်အလက်များကို ကမ္ဘာအရပ်ရပ်မှ ကုန်သည်များဆီသို့ ကြော်ငြာပေးမည့်နေရာဖြစ်သလို ဒေသခံကုန်သည်များရဲ့လုပ်ငန်း အောင်မြင်စေရေးအတွက် လိုအပ်တဲ့ သတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးသွားရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေနဲ့ Trade Center များကို ယခုလိုပြည်နယ်နဲ့ တိုင်းများမှာ ဖွင့်လှစ်ရခြင်းက ပို့ကုန်ဦးဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ကျင့်သုံးပြီး မြန်မာ့စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးခြင်းဖြင့် မြန်မာနိုင်ငံအား ဒေသတွင်းကုန်သွယ်မှု၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် မျှော်မှန်းချက်ဖြင့် ဆောင်ရွက်နေသလို ရည်မှန်းချက် (Mission) အဖြစ် ဒေသတွင်းနဲ့ ကမ္ဘာ့ဈေးကွက်များတွင် ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ပြည်တွင်းကုမ္ပဏီများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် မြန်မာ့ကုန်သွယ်မှုနဲ့ ပို့ကုန်များကို တိုးမြှင့်ရန်၊ ကုန်စည်များနှင့် ဝန်ဆောင်မှုများကို "မြန်မာပြည်တွင်ပြုလုပ်သည်" Made in Myanmar ဟူသော တံဆိပ် တပ်ဆင်နိုင်ရေးကို အဓိကရည်မှန်းကာ အကောင်ထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါ တယ်။

ယခုအခါမှာဆိုရင် ကယားပြည်နယ်မှာရှိတဲ့ ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန (Kandaryawaddy Trade Center) ကို စိတ်ဝင်တစားဝင်ရောက်လေ့လာသူများ တစ်နေ့ထက်တစ်နေ့ များပြားလာပါတယ်။ အဲဒီစင်တာမှ တာဝန်ရှိသူတွေအနေနဲ့ ဝင်ရောက်လေ့လာသူများရဲ့ သိလိုသည့် မေးခွန်းများနဲ့ ဈေးကွက်သတင်းအချက်အလက်များကို ပြန်လည်ဖြေကြား ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လာရောက်လေ့လာသူများအနက် လုပ်ငန်းရှင်တစ်ဦးက မိမိတို့ရဲ့ ထုတ်ကုန်ပစ္စည်း နမူနာများကို (Kandaryawaddy Trade Center ) တွင် လာရောက်ပြသကြော်ငြာခွင့်ရှိမရှိ မေးမြန်းခဲ့ပါတယ်။ Trade Center တွေဟာ စီးပွားရေးလုပ်ငန်းရှင်များ၊ ရောင်းသူ/ဝယ်သူများ ဆုံဆည်းရာနေရာဖြစ်သလို လူကြီးမင်းတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ အမှတ်တရ လက်ဆောင်ပစ္စည်းတွေကို လာရောက်ပြသရောင်းချနိုင်ပါကြောင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်လိုပါကလည်း လိုအပ်သည့် သတင်းအချက်အလက်များ၊ လုပ်ထုံးလုပ်နည်း ဥပဒေများ၊ နိုင်ငံတကာမှ သတ်မှတ်ထားသောစံချိန်စံညွှန်းများ၊ ဈေးနှုန်း၊ ဈေးကွက်သတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးနေတဲ့ စင်တာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဒါတင်မက လူကြီးမင်းတို့ရဲ့ ကုန်ပစ္စည်းများကို ပြည်တွင်းမှာဖြစ်ဖြစ် ပြည်ပမှာပဲဖြစ်ဖြစ် ကုန်စည်ပြပွဲတွေမှာ ဝင်ရောက်ပြသလိုပါကလည်း ချိတ်ဆက်ဆောင်ရွက်ပေးသလို တစ်နည်းအားဖြင့်ဆိုရရင်တော့ စူပါမားကက်ကြီးများသဖွယ် ဒေသထွက်ကုန်များကို တစ်နေရာတည်းမှာ စုံလင်စွာတွေ့မြင်ရပြီးမိမိအလိုရှိရာကို ချိတ်ဆက်ဝယ်ယူရောင်းချနိုင်အောင် ဝန်ဆောင်မှုပေးတဲ့ စင်တာဖြစ်ကြောင်း ရှင်းပြဆွေးနွေးခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ Trade Center တွေနဲ့ ချိတ်ဆက်ဆောင်ရွက်မယ် ဆိုရင် အချိန်တိုအတွင်းမှာမိမိသိလိုတဲ့သတင်းအချက်အလက်တွေ ကို သိရှိရမှာ ဖြစ်ပါတယ်။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရဲ့ Trade Center တွေဟာမြန်မာနိုင်ငံရဲ့ ပို့ကုန်ကိုမြှင့်တင်ပြီး နိုင်ငံရဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေရန်ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အခက်အခဲများကိုပြေလည်အောင်ကူညီဖြေရှင်းဆောင်ရွက်ပြီး စီးပွားရေးလုပ်ငန်းရှင်တွေရဲ့အားထားရာ Center များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဗညားထက်၊လှိုင်ကော်**

# တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ ဆိုင်ကယ်များ ဇွန်လ ဒုတိယပတ်အတွင်းမှာ စီးရေ ၉၀၀၀ ကျော် ဝင်ရောက်

တရုတ်ဆိုင်ကယ်များကို မူဆယ် နယ်စပ်မှတစ်ဆင့် တရားဝင်သတ်မှတ်ထားတဲ့ ဈေးနှုန်းများအတိုင်း မေလ နှောင်းပိုင်းမှစ၍ တင်သွင်းခွင့်ပြုလိုက်တဲ့အတွက် ဇွန် ၄ ရက်မှ ၁၀ရက် တာကာလအတွင်းမှာ မူဆယ်ကုန် သွယ်ရေးဇုန်မှ ၇၄၈၀ စီး၊ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ ၁၆၀ စီး ဝင်ရောက်လာတယ်လို့ သိရပါတယ်။

ထိုင်းနယ်စပ်များဖြစ်တဲ့ မြဝတီနယ်စပ်မှလည်း ၁၆၉၃ စီး၊ တာချီလိတ်နယ်စပ်မှ ၅၆ စီးဝင်ရောက် လာတယ်လို့ သိရပါတယ်။ အိန္ဒိယ နယ်စပ်ဖြစ်တဲ့ တမူးစခန်းမှလည်း ၁၀၅ စီး ဝင်ရောက်လာတာတွေ့ရပါတယ်။ ထိုင်းနိုင်ငံထုတ်ဆိုင်ကယ်များနဲ့ အိန္ဒိယနိုင်ငံထုတ် ဆိုင်ကယ်များမှာ ခိုင်ခံ့သော်လည်း ဈေးနှုန်းကြီးမြင့်တာကြောင့် လူတန်းစားအနည်းစုသာဝယ်ယူစီးနင်းနိုင်ပြီး ဆိုင်ကယ်စီးနင်းလိုသူအများစုက ဈေးနှုန်းသက်သာတဲ့ တရုတ်ဆိုင်ကယ်များကိုသာ ဝယ်ယူစီးနင်းလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

**ခင်မိုးသူ**

## မြန်မာ့ပျားရည် ပြည်ပဈေးကွက်သို့ တင်ပို့

ပျားမွေးမြူရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့တွင်အများဆုံး လုပ်ကိုင်လျက်ရှိကြောင်း၊ မြန်မာ့ပျားရည်ကို ပြည်တွင်းသုံးစွဲမှုထက် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နေရကြောင်း၊ ပျားရည်ကို ပြည်တွင်းမှာ ဆေးဝါးအဖြစ်သာ အဓိကထား အသုံးပြုကြပြီး ပြည်ပနိုင်ငံများမှာ သကြားအစား ပျားရည်စားသုံးခြင်းနဲ့ အအေးပိုင်းနိုင်ငံတွေမှာ ပျားရည်ကို အဓိကထားပြီး သုံးစွဲမှုများနေတာကြောင့် ပြည်ပဈေးကွက်သို့ ယခုလိုတင်ပို့နေရတာ ဖြစ်ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဇွန် ၁ ရက်မှ ၁၅ ရက်တာသီတင်းပတ်တွင် ကန်ဒေါ်လာ ၂၅၅၅၀ တန်ဖိုးရှိ ပျားရည် ၃၆ တန်ခွဲတင်ပို့နိုင်ခဲ့ပြီး ပျားရည်တစ်တန်ကိုလိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၇၀၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်နဲ့ တာချီလိတ်စခန်းများမှ ကြက်သွန်နီ၊ ကြက်သွန်ဖြူ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၄ ရက်မှ ၁၀ ရက်အတွင်း ကန်ဒေါ်လာ ၄၅၆၇၆၀ တန်ဖိုးရှိကြက်သွန်နီ ၁၅၂၀ တန်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃၇၀၈၉၁ တန်ဖိုးရှိ ကြက်သွန်ဖြူ ၂၅၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်မှ မူဆယ်၊ မြဝတီနဲ့ တာချီလိတ်စခန်းများမှ ကြက်သွန်နီ ၁၄၄၀ တန်ကျော်နဲ့ တာချီလိတ်မှ ကြက်သွန်ဖြူ ၂၅၈ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်မှ ကြက်သွန်နီ တင်ပို့မှုမှာ ရုံးချုပ်အပြင် နယ်စပ်စခန်းများမှလည်း တိုက်ရိုက် လျှောက်ထားကြကြောင်း၊ တစ်နေ့ကို ပျမ်းမျှကားစီးရေ ၁၂ စီးခန့် ဝင်ရောက်မှုရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

နယ်ကြက်သွန်ဈေးများနဲ့ ရန်ကုန်ကြက်သွန်ဈေးနှုန်းများမှာ ယခင်ထက် တစ်ပိဿာလျှင် ၅၀ ကျပ်ခန့်အထိ မြင့်တက်လာတယ်လို့ ဘုရင့်နောင် ကြက်သွန်ဈေးကွက်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## မြန်မာ-အိန္ဒိယနယ်စပ်မှ ရေချိုငါးမျိုးစုံ ရှစ်တန် ကျော်တင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ဖြစ်တဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ ဇွန် ၄ ရက်မှ ၁၀ ရက်တာ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်း တန်ဖိုးရှိ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိတဲ့ ရေချိုငါးမျိုးစုံ ရှစ်တန်ခွဲ တင်ပို့နိုင်တယ်လို့ သိရပါတယ်။ ရေချိုငါး မျိုးစုံအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၃ သန်း တန်ဖိုးရှိကွမ်းသီး ၄၇၃ တန်၊အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၉ သန်း တန်ဖိုးရှိ ငါးသေတ္တာ ၁၆ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်း တန်ဖိုးရှိ ဆပ်ပြာမှုန့် ၁၇ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ အချိုရည် ၂၅ တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၂၁ သန်းတန်ဖိုးရှိမုန့် မျိုးစုံ ၂၁ တန်ကျော်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၁ သန်းတန်ဖိုးရှိပလတ်စတစ်အိတ် တန် ၆၀ ကျော်ကိုလည်း တင်ပို့နိုင်ခဲ့တယ်လို့ ရိဒ် ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

## ကုန်သွယ်မှု အခက်အခဲများ ဖြေရှင်းရန် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ယခုနှစ် ဈေးကွက်လိုအပ်ချက်အရ သကြားတင်ပို့မှုပါဝင် လာကြောင်း၊ မေ ၁၄ ရက်ညက တစ်ဖက်နိုင်ငံခြမ်း သကြားဖမ်းဆီးမှုဖြစ်စဉ် နောက်ပိုင်း သကြား၊ ဆန်၊ ပြောင်းတင်ပို့မှုများရပ်တန့်သွားကြောင်း၊ ဆက်လက်ဆောင်ရွက်မယ့် အစီအမံများအနေနဲ့ ကုန်သွယ်မှု အခက်အခဲများ အောက်ခြေအဆင့် ညှိနှိုင်းဖြေရှင်းနိုင်ရန် မြန်မာ-တရုတ်နှစ်နိုင်ငံနှင့် ရင်းနှီးစွာ ပူးပေါင်းနိုင်ရန်လိုအပ်၍ အစိုးရချင်း (G to G) လုပ်ငန်းရှင်ချင်း (B to B) ဆက်သွယ်ရမှာ ဖြစ်ကြောင်း၊ မြန်မာ-တရုတ် ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကိုလည်း တစ်လစီ အလှည့်ကျ အပြန်အလှန်ဆောင်ရွက်ရန် ညှိနှိုင်းထားကြောင်း၊ ကြံရာသီတွင်လည်းကြံကားများအား TA (Temporary Customs Admission) ကတ်များဖြင့် ကားတစ်စီးလျှင် တစ်ကတ်နှုန်းဖြင့် ဝင်/ထွက်ခွင့်ပြုထားကြောင်း၊ ယခုကြံရာသီ ကုန်ဆုံးသွားပြီဖြစ်တဲ့အတွက် ပြန်လည်အပ်နှံ ရန်ကျန်သည့် TA ကတ်များပြန်လည် အပ်နှံသွားရန် အကြောင်းကြားဖို့လိုကြောင်း မေ ၂၇ ရက်က ပြုလုပ်တဲ့ ချင်းရွှေဟော်စခန်းရဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ စခန်းတာဝန်ခံက ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

## မူဆယ်နဲ့ စစ်တွေ ကုန်သွယ်ရေးစခန်းမှ ဆီးဆန်နဲ့ ဆီးသီးခြောက် တန် ၁၀၀ ကျော်တင်ပို့

မြန်မာ- တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်များရှိ မူဆယ်နဲ့ စစ်တွေကုန်သွယ်ရေးစခန်းများမှ ဇွန် ၄ ရက်မှ ၁၀ ရက်တာကာလအတွင်း ဆီးဆန်နဲ့ ဆီးသီးခြောက်များကို ယခင်တစ်ပတ်ကထက် ပိုမိုတင်ပို့နိုင်တာကို တွေ့ရပါတယ်။ ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆန် ၁၇ တန်၊ ဆီးသီးခြောက် ၁၁၃၁ တန်ခွဲ တင်ပို့ခဲ့တာမို့ ယခု သီတင်းပတ်မှာ ဆီးသီးခြောက်တန် ၂၀၀ ကျော်နဲ့ ဆီးဆန်တန် ၃၀ ပိုမိုတင်ပို့ နိုင်ခဲ့တာကို တွေ့ရပါတယ်။ စစ်တွေ ကုန်သွယ်ရေး စခန်းကတော့ ယခု သီတင်းပတ်မှာ ဆီးသီးခြောက် ၃၂ တန် တင်ပို့ခဲ့တာမို့ ယခင်တစ်ပတ်ထက် တန် ၂၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စစ်တွေကုန်သွယ် ရေးစခန်းမှ ဆီးသီးခြောက်အပြင် ဆီးယိုထုပ် ၁၂ တန်၊ ဆီးဖတ် ၁၆ တန် နဲ့ မန်ကျည်းစေ့ ၇၂ တန်တင်ပို့နိုင်ခဲ့ တယ်လို့ စစ်တွေကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

➡ စာမျက်နှာ- ၁၅ - Re-export မှ သည် မှ အဆက်

စိုက်ပျိုးထုတ်လုပ်သူတွေ ထိခိုက်မှုမရှိစေရေး၊ ကုန်သည်လုပ်ငန်းရှင်များကလည်း မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေးနဲ့ နိုင်ငံတော်အနေနဲ့လည်း ရသင့်တဲ့အခွန်များ ရရှိစေရေးတို့အတွက် ဌာနဆိုင်ရာ များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနဲ့ ညှိနှိုင်း၍ သဘောထားများရယူကာ Re-export လုပ်ငန်းစဉ် ၁၂ ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒ့်ါအပြင် လုပ်ငန်းစဉ်များမှန်ကန်မှုရှိစေရေး အတွက်လည်း ဌာနဆိုင်ရာများ ပါဝင်သော စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်ခဲ့တာလည်း တွေ့ရပါတယ်။

အစပိုင်းမှာတော့ ပြည်တွင်းဈေးကွက်မှာလည်း ပွတ်တိုက်မှု အချို့ဖြစ်ပေါ်ပြီး ရှင်းလင်းညှိနှိုင်းမှုတွေလည်း လုပ်ခဲ့ရတယ်လို့ကြားသိရပေမယ့် ဈေးကွက်ရဲ့ ဝယ်လိုအားကောင်းခဲ့တာကြောင့် လုပ်ငန်းများတွင်ကျယ်ခဲ့သလို မြန်မာ့ကုန်သွယ်မှုလောကမှာတော့ Re-export လုပ်ငန်းဟာ တစ်ခေတ်ဆန်းလာတာ တွေ့ရပါတယ်။

၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁ ရက်မှ ၂၀၁၆ ခုနှစ်၊ ဇွန် ၃ ရက်အထိ Re-export စနစ်ဖြင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၆၉ သန်းတန်ဖိုးရှိ စက်သုံးဆီ တန်ချိန် ၃၃၂၀၀ တန်၊ အမေရိကန်ဒေါ်လာ ၅၅၆ ဒသမ ၆၈၉ သန်း တန်ဖိုးရှိ သကြားတန်ချိန် ၁၁၁၂၁၆၀ တန်တို့ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ အမေရိကန် ဒေါ်လာ သုည ဒသမ ၆၆၂ သန်းတန်ဖိုးရှိ ကွမ်းသီးတန်ချိန် ၄၁၄ တန်ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း တင်ပို့နိုင်ခဲ့တာကြောင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၇၁ ဒသမ ၃၂ သန်းတန်ဖိုးအထိ တင်ပို့နိုင်ခဲ့ပါတယ်။

ယခုအခါ နှမ်းနှင့် ဝါတို့ကိုပါ ဈေးကွက်ဝယ်လိုအားရှိလာတာကြောင့် Re-export ဆောင်ရွက် လာနိုင်သလို တရုတ်ဈေးကွက် လိုအပ်ချက်အရ အေးခဲအမဲသား၊ ဝက်သားတွေကိုလည်း Re-export နဲ့ ဆောင်ရွက်လိုကြောင်း အဆိုပြုတင်ပြမှုများလည်း ရှိလာကြောင်း ကြားသိရသည့်အတွက် ရှေ့အလားအလာ ကောင်းတွေရှိနေကြောင်း တွေ့မြင်နေရပါတယ်။

သို့ဖြစ်၍ မြန်မာနိုင်ငံသည် ပထဝီအနေအထား တည်နေရာအရ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံ ဈေးကွက်ကြီးနှစ်ခုကြား တည်ရှိနေရုံမက အာဆီယံအသိုက်အဝန်းနဲ့ အဆက်အစပ်နေရာမှာလည်း ရှိနေတာဖြစ်တဲ့အတွက် ကုန်သွယ်မှုဆောင်ရွက်ရာမှာ မိမိတို့ရဲ့ ထွက်ကုန်များအပြင် တစ်ဖက်နိုင်ငံရဲ့ ထွက်ကုန်များနှင့် လည်း Transit Trade အရလည်းကောင်း၊ Re-export စနစ်အရလည်းကောင်း ဆောင်ရွက်ရန် အကောင်းဆုံး အနေအထားမှာ ရှိနေတာ ဖြစ်တာကြောင့် ပြည်တွင်းအခြေခံအဆောက်အအုံ လိုအပ်ချက်များကို အမြန်ဆုံး ဖြည့်ဆည်းပြီး ခေတ်မီ နည်းပညာများနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်မယ်ဆိုရင် ပို့ကုန်မြင့်တက်လာရေး ရည်မှန်းချက်ဟာ မလွဲဧကန်ဖြစ်လာနိုင်မှာဖြစ်ပါတယ်။

## ဝဥခြောက်ပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၄ ရက်မှ ၁၀ ရက်တာ သီတင်းပတ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၆၁ သန်းတန်ဖိုးရှိ ဝဥခြောက် ၃၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က၄၇ တန်ခွဲ တင်ပို့ခဲ့လို့ မူဆယ်မှတစ်ဆင့် တရုတ်ပြည်သို့ ဝဥခြောက် ပုံမှန်တင်ပို့မှုရှိနေတယ်လို့ သိရပါတယ်။

ဝဥကိုပြည်တွင်းမှာ စားသုံးမှုနည်းသော်လည်း ပြည်ပနိုင်ငံတွေမှာ တန်ဖိုးကြီး အစားအသောက်အဖြစ် ပြုလုပ်စားသောက်လေ့ရှိရာ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံသို့ တင်ပို့ကြတယ်လို့ သိရပါတယ်။

ဝဥခြောက်မှာ သွေးအတွင်း အဆီပါဝင်မှုနှုန်းကိုလျှော့ချပေး စေနိုင်တဲ့ စွမ်းအားတွေရှိတာကြောင့် ဆေးဖော်စပ်ရာမှာ အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ထိုင်းနိုင်ငံမှာ ကျင့်သုံးနေတဲ့ သွင်းကုန်လိုင်စင်စနစ်များ

ချိုသက်မူ

■ **ယခင်တစ်ပတ်မှအဆက်**

ပြီးခဲ့တဲ့ တစ်ပတ်က ဓာတ်မြေဩဇာ တင်သွင်းလိုင်စင်နဲ့ ပတ်သက်လို့ လုပ်ထုံးလုပ်နည်းများကို တင်ပြခဲ့ပြီးဖြစ်လို့ ဒီတစ်ပတ်မှာတော့ စိုက်ပျိုးရေးဌာနက စီမံကွပ်ကဲတဲ့ ထိန်းချုပ်အပင်၊ ဘေးအန္တရာယ်ရှိပစ္စည်းများနဲ့ မျိုးစေ့တို့နဲ့ ပတ်သက်လို့ လိုင်စင်လိုအပ်ချက်ကို တင်ပြသွားပါမယ်။ အမှန်တော့ ထိန်းချုပ်အပင် (Conserved Plants) တင်သွင်းပါမစ်ဟာ Convention on International Trade in Endangered Species of Wild Fauna and Flora (CITES) ကို လိုက်နာဖို့နဲ့ အပင်ကုန်သွယ်မှုကို ထိန်းချုပ်တဲ့ အစီအမံများ ခိုင်မာစေဖို့ လိုအပ်တာဖြစ်ပါတယ်။ ဒါပေမယ့် CITES သွင်းကုန်လိုင်စင်ဟာ Plant Quarantine Act B.E. 2507 အရ Phytosanitary Certificate နဲ့ ဆက်စပ်နေပါတယ်။ လိုင်စင်လျှောက်ထားမှုကို စိုက်ပျိုးရေးဌာနမှာ လျှောက်ထားရတာဖြစ်ပေမယ့် Plant Quarantine Act အရ တားမြစ်/ ကန့်သတ်ထားတဲ့ အပင်များအတွက် ခွင့်ပြုချက်ကို တော့ အပင်ရောဂါကင်းရှင်းမှုလျှောက်ထားရမှာ ဖြစ်ပါတယ်။ လိုင်စင်မှာ သတ်မှတ် စံချိန်စံညွှန်းနဲ့ ကိုက်ညီမှုရှိရမှာဖြစ်ပြီး လိုင်စင်လျှောက်ထားဖို့လိုအပ်တဲ့ အထောက်အထားများအနေနဲ့ လျှောက်ထားရာမှာ ထိန်းချုပ်အပင်ရဲ့ သိပ္ပံ အမည်၊ ကန့်သတ်အပင်နဲ့ ပတ်သက်လို့ Phytosanitary Certificate၊ တင်ပို့နိုင်ငံရဲ့ CITES export permit တို့ပါဝင်ရမှာ ဖြစ်ပါတယ်။ လိုင်စင်ကြေးကတော့ ဘတ် ၁၀၀ (ကန်ဒေါ်လာ ၂ ဒသမ ၈၄ ) ဖြစ်ပါတယ်။ လိုင်စင်သက်တမ်းက ခြောက်လဖြစ်ပြီး သက်တမ်းတိုး လို့မရဘူးလို့သိရပါတယ်။ လိုင်စင်လျှောက်ထားပြီး တင်သွင်းမှု မရှိတဲ့ ကိစ္စရပ်တွေမှာ ဒဏ်ကြေးဆောင်ဖို့ မလိုကြောင်းနဲ့ တင်သွင်းသူတွေကြားမှာ လိုင်စင် အလွှဲအပြောင်း လုပ်လို့မရကြောင်း သတ်မှတ်ထားပါတယ်။

Hazardous Substance Act B.E. 2535 အရ ဘေးအန္တရာယ်ရှိပစ္စည်းများ အမျိုးအစား-၃ စာရင်းဝင်ပိုးသတ်ဆေးအားလုံးဟာ စိုက်ပျိုးရေးဌာနမှာ လိုင်စင်ရယူရမှာဖြစ်ပြီး ဒီလိုင်စင်ကိုင်ဆောင်သူမှသာလျှင် တင်သွင်း၊ တင်ပို့ခွင့်ရမှာဖြစ်ပါတယ်။ လိုင်စင်စနစ်နဲ့ဆောင်ရွက်ရခြင်းက မှတ်ပုံတင်ခြင်းမရှိတဲ့ ဘေးအန္တရာယ်ရှိပစ္စည်းများ ဝင်ရောက်မလာစေဖို့နဲ့ တင်သွင်းလာတဲ့ ပစ္စည်းများရဲ့ အမှတ်တံဆိပ်၊ နိုင်ငံနဲ့ ထုပ်ပိုးမှုများကိုလည်း ထိန်းချုပ်ဖို့အတွက် ဖြစ်တယ်လို့ သိရပါတယ်။ ဒီ အမျိုးအစား-၃ မှာပါဝင်တဲ့ ဘေးအန္တရာယ်ရှိပစ္စည်းများအတွက် လိုင်စင်ကို စိုက်ပျိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့က ထုတ်ပေးခြင်းဖြစ်ပါတယ်။ ဒီပစ္စည်းများ တင်သွင်းဖို့ လျှောက်လွှာ လက်ခံရရှိပြီးတာနဲ့ သိုလှောင်မယ့်နေရာနဲ့ အထောက်အထား မှန်ကန်မှု ရှိ၊မရှိကို စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာနဲ့ လိုင်စင်ထုတ်ပေးခြင်းတို့ကို ရက် ၃၀ အတွင်းအပြီး ဆောင်ရွက်ပေးကြောင်း သိရပါတယ်။

ဆိပ်ကမ်းသို့ အဲဒီပစ္စည်း မရောက်မီ တင်သွင်းသူဟာ အနည်းဆုံး ၃ ရက်အတွင်း ပါမစ်ရရှိရမှာဖြစ်ပြီး စည်းကမ်းသတ်မှတ်ချက် လိုက်နာမှုမရှိသူကို Hazardous Substance Act ဥပဒေအရ အပြစ်ပေး အရေးယူတယ်လို့ သိရပါတယ်။ လိုင်စင်လျှောက်ထားမယ်ဆိုရင် လိုအပ်တဲ့ အထောက်အထားများကတော့ မှတ်ပုံတင်/ ပတ်စပို့ မိတ္တူ၊ စီးပွားကူးသန်းဝန်ကြီးဌာနမှ ကုန်သွယ်မှု မှတ်ပုံတင်မိတ္တူ(အကယ်၍ လျှောက်ထားသူအသစ်ဖြစ်ပါက) ဘေးအန္တရာယ်ရှိ ပစ္စည်းမှတ်ပုံတင် လက်မှတ် မိတ္တူ၊ ဘေးအန္တရာယ်ရှိပစ္စည်းသိုလှောင် ရုံနှင့် ယင်းသိုလှောင်ရုံအနီး ဧရိယာ အနေအထား အကျဉ်း၊ ဘေးအန္တရာယ်ရှိပစ္စည်း သိုလှောင်ရုံ အတွင်းပိုင်းမြေပုံ၊ သိုလှောင်ရုံအတွက် တာဝန်ရှိသူ၏ အတွေ့အကြုံဖော်ပြချက်အထောက်အထား၊ ထုပ်ပိုးမှု အထောက်အထား၊ အဓိကကျသောဘေးကင်း လုံခြုံမှုစာရင်း၊အကယ်၍လိုအပ်ပါက အခြားအထောက်အထားများ အမှန်တကယ် တင်သွင်းခြင်းနဲ့ပတ်သက်လို့ လိုအပ်တဲ့ အထောက်အထားများကတော့ စိုက်ပျိုးရေးဌာနမှ ထုတ်ပေးတဲ့ လိုင်စင်၊ စိုက်ပျိုးရေးဌာနမှ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်၊ ပင်ရင်းနိုင်ငံလက်မှတ်၊ သုတေသနပြုလက်မှတ်၊ Pro-forma Invoice နဲ့ Bill of lading တို့ပါဝင်ရမှာဖြစ်ပြီး သွင်းကုန်ပါမစ်ကြေးက ဘတ် ၅၀၀ (ကန်ဒေါ်လာ ၁၄ ဒသမ ၁၈ ) ဖြစ်ပါတယ်။ လိုင်စင်သက်တမ်းက တစ်နှစ်ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်နဲ့ တင်သွင်းမှုမှာပါဝင်တဲ့ ကုမ္ပဏီများအတွက် ဘေးအန္တရာယ်ရှိပစ္စည်း အမျိုးအစားနှစ်နဲ့ သုံးရဲ့မှတ်ပုံတင်စနစ် တစ်မျိုး သီးခြားရှိပြီး မှတ်ပုံတင်ကြေးမှာ ဘတ် ၂၀၀၀ (ကန်ဒေါ်လာ ၅၆ ဒသမ ၇၁ ) ဖြစ်တယ်လို့ သိရပါ တယ်။

မျိုးစေ့နဲ့ပတ်သက်လို့ Plant Act B.E. 2518 အရ အရည်အသွေးနိမ့်တဲ့ ထိန်းချုပ်မျိုးစေ့များ စီးပွားဖြစ် တင်သွင်းခြင်းကို ထိန်းချုပ်ဖို့အတွက် သွင်းကုန်လိုင်စင် လိုအပ်ပါတယ်။ ထိန်းချုပ်ရမယ့် မျိုးစေ့ ၂၈ မျိုး သတ်မှတ်ထားပြီး လိုင်စင်လျှောက်ထားဖို့ အတွက် လိုအပ်တဲ့ အထောက်အထားများကတော့ မှတ်ပုံတင် မိတ္တူ၊ စီးပွားကူးသန်းဝန်ကြီးဌာနမှ ကုန်သွယ်မှု မှတ်ပုံတင်မိတ္တူ သို့မဟုတ် tax invoice၊ ဥပဒေပညာ ရှင်ဖြစ်ပါက ဥပဒေပညာရှင် မှတ်ပုံတင်လက်မှတ် မိတ္တူ၊ မျိုးစေ့သိုလှောင်ရုံနှင့် ယင်းသိုလှောင်ရုံအနီး ဧရိယာအနေအထား၊ ကိုယ်စားလှယ်ခန့်အပ်မှု၊ အကယ်၍လိုအပ်ပါက အမှတ်တံဆိပ်ကဲ့သို့သော အခြားအထောက်အထားများ အမှန်တကယ်တင်သွင်းခြင်းနှင့် ပတ်သက်၍ လိုအပ်သော အထောက်အထားများကတော့ ထိန်းချုပ်မျိုးစေ့တင်သွင်းခြင်းအတွက် လိုင်စင်၊ ပင်ရင်းနိုင်ငံမှ မျိုးစေ့အရည်အသွေး လက်မှတ်၊ Pro-forma invoice နဲ့ တင်သွင်းသည့် မျိုးစေ့စာရင်းတို့ဖြစ်ပါတယ်။ လိုင်စင်ကြေးက ဘတ် ၄၀၀ (ကန်ဒေါ်လာ ၁၁ ဒသမ ၃၄ ) ဖြစ်ပြီး လိုင်စင် သက်တမ်းမှာ တစ်နှစ်သတ်မှတ်ထားကြောင်း သိရပါတယ်။ နောက်တစ်ပတ်မှာတော့ ငါးလုပ်ငန်းဌာနရဲ့ ခွင့်ပြုချက်နဲ့သာ တင်သွင်းခွင့်ရတဲ့ ကုန်စည်တွေရဲ့ လိုင်စင်စနစ်ကို တင်ပြပေးသွားဦးမှာ ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်။)**

# TPP နှင့် EU-Vietnam FTA များကြောင့် တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများနှင့် အာဆီယံအဖွဲ့ဝင် LDC နိုင်ငံများရဲ့ယှဉ်ပြိုင်စွမ်းအား

L Myo Zaw

■ **ယခင်တစ်ပတ်မှအဆက်**

အထည်ချုပ်လုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ အထောက်အကူပြုလုပ်ငန်းစုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ကုန်ကြမ်းပစ္စည်းရရှိနိုင်သော်လည်း နည်းပညာလိုအပ်ချက်၊ ငွေကြေးနဲ့အခြား လိုအပ်ချက်များ ရှိနေမှုအပေါ် ကဏ္ဍခုနစ်ရပ်နဲ့ စိစစ်လေ့လာခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

| စဉ် | သွင်းအားစု | လိုအပ်ချက် |
|---|---|---|
| (၁) | အပ်ချည် | ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်၊ |
| (၂) | ချည်မျှင် | ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်၊ |
| (၃) | ကြယ်သီး | - |
| (၄) | ပန်းထိုးခြင်း | ၅ နှစ်အတွင်း တိုးတက်နိုင်၊ နည်းပညာသင်တန်း၊ ရေးဆွဲရန်လိုအပ်၊ ငွေကြေးထောက်ပံ့မှုလိုအပ်၊ |
| (၅) | ဓာတုပစ္စည်း | - |
| (၆) | ဆေးဆိုးခြင်း | ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်၊ ငွေကြေးထောက်ပံ့ရန်လိုအပ်၊ |
| (၇) | လျှော်ဖွပ်ခြင်း | ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်၊ ငွေကြေးထောက်ပံ့ရန်လိုအပ်၊ |
| (၈) | စက်ပစ္စည်း | ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်၊ ငွေကြေးထောက်ပံ့ရန်လိုအပ်၊ |
| (၉) | ပုံစံစက္ကူချုပ် | နည်းပညာ သင်တန်းပေးရန်လိုအပ်၊ ငွေကြေးထောက်ပံ့ရန်လိုအပ်၊ |
| (၁၀) | ဆေးဆိုးပန်းရိုက်ပုံနှိပ်ခြင်း | ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်၊ နည်းပညာသင်တန်းပေးရန်လိုအပ်၊ |
| (၁၁) | အမည်၊ အမှတ်တံဆိပ် တပ်ဆင်ခြင်း | နည်းပညာသင်တန်းပေးရန်လိုအပ်၊ |
| (၁၂) | ဇစ်ထုတ်လုပ်ခြင်း၊ | တပ်ဆင်ခြင်း |
| (၁၃) | အကျီချိပ် | လက်ရှိပြည်တွင်းထုတ်သည့်နေ့၊ နည်းပညာအဆင့်မြှင့် ရန်လိုအပ်၊ ၅ နှစ်အတွင်း တိုးတက်ရန်လိုအပ်၊ နည်းပညာသင်တန်းပေးရန် လိုအပ်၊ ငွေကြေးထောက်ပံ့ရန်လိုအပ်၊ |
| (၁၄) | အထည်အလိပ် | ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်၊ ယက်လုပ်ခြင်း |
| (၁၅) | ထုပ်ပိုးမှုပစ္စည်း | လက်ရှိပြည်တွင်းထုတ်သည့်နေ့၊ နည်းပညာအဆင့်မြှင့်ရန် လိုအပ်၊ ၅ နှစ်အတွင်းတိုးတက်ရန် လိုအပ်၊ နည်းပညာသင်တန်းပေးရန်လိုအပ်၊ ငွေကြေးထောက်ပံ့ရန်လိုအပ်၊ |

မြန်မာအထည်ချုပ်လုပ်ငန်း CMP နဲ့ပတ်သက်ပြီး လေ့လာသုံးသပ်ချက်များအရ

**အားသာချက်များမှာ**

အလုပ်သမားများ၏ လုပ်ခမှာ ဒေသတွင်းနိုင်ငံများနဲ့ နှိုင်းယှဉ်ပါက နည်းပါးသဖြင့် လုပ်သားအင်အားအနေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းနှင့် အလုပ်သမားများရဲ့ဆန္ဒပြမှုနည်းပါးနေသေးခြင်းတို့ ဖြစ်ပါတယ်။

**အားနည်းချက်များကတော့**

လုပ်သားများနဲ့ ကျွမ်းကျင်မှု Skill Level နိမ့်ကျခြင်း၊ ထုတ်လုပ်မှုစွမ်းအား နိမ့်ကျခြင်း၊ အရည်အသွေးထိန်းသိမ်းမှု အားနည်းခြင်း၊ နည်းပညာပိုင်းအားနည်းခြင်း၊ ကုန်ကြမ်းပစ္စည်း၊ မြေယာကိစ္စပိုင်ဆိုင်မှု၊ ဥပဒေအရ အကာအကွယ်ပေးမှု၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များတွင် အားနည်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နဲ့ ဆက်သွယ်ရေး၊ ဘဏ္ဍာရေးနဲ့ ငွေကြေးကဏ္ဍစသည့် အခြေခံအဆောက်အဦပိုင်း အားနည်းခြင်းပဲဖြစ်ပါတယ်။

**အခွင့်အလမ်းများကတော့**

အပြည်ပြည်ဆိုင်ရာမှ စိတ်ပါဝင်စားမှုရှိခြင်းနဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ နှိုင်းယှဉ်ပါက ထုတ်လုပ်မှု ကုန်ကျစရိတ်နည်းပါးခြင်းတို့ဖြစ်ပါတယ်။

**ခြိမ်းခြောက်မှုများမှာ**

ဒေသတွင်း နိုင်ငံများနဲ့ နှိုင်းယှဉ်ပါက လုပ်ခစရိတ် ယှဉ်ပြိုင်နိုင်မှုရှိခြင်း၊ အရည်အသွေးမီ ကုန်ထုတ်လုပ်မှု၊ အတွေ့အကြုံနဲ့လုပ်အားကျွမ်းကျင်မှု၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်မားမှုရှိခြင်းတို့ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**



Otsuka
ထိရောက်အစွမ်းထက်
ဆီးချိုအတွက်.....
ဂျန်-ဒီအမ်
GEN-DM
Complete and Balanced Nutrition for People with Diabetes
ဆီးချို သွေးချို ရောဂါဝေဒနာရှင်များ
သွေးတွင်းအချိုဓာတ်ပမာဏကို ပုံမှန်ဖြစ်စေရန်ထိန်းသိမ်းလိုသူများ
သွေးတွင်း ကိုလက်စထရောလ်ဓာတ် မြင့်တက်နေသူများ
အစာပိုက်သုံး၍ အာဟာရဖြည့်နေရသူများ သောက်သုံးသင့်ပါသည်။
ဆီးချို သွေးချို ဝေဒနာမရှိသော်လည်း နေ့စဉ် အာဟာရပြည့်ဝ၍ ကျန်းမာစေရန် သောက်သုံးနိုင်ပါသည်။
Fructose
Soy Protein
Chromium
Carnitine
FOS
GEN-DM
Medical Food
DKSH
No.013, Thitsar Road, Yankin Township, yangon, Myanmar.
Tel : (951)565 253, 565 269, 565 270
Lactose free




THILAWUN SERVICES
CAR SALE CENTER
THILAWUN SERVICES CAR SALE CENTER
No.76-78, Baho Street, Sanchaung Township, Yangon, Myanmar.
Tel : 539 993, 518 452 | E-mail : thilawun@gmail.com

ဗုဒ္ဓ ဓမ္မ သံဃ

# ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်


# BHOME YAUNG CHI TRADING CO.,LTD




















ကြေးမုံစိမ်းတိုက်တန်း၊ အခန်း(၅)(ရုံးခွဲ)၊ (၁၀၅)မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

## ပြောင်း



### ပြောင်းတင်ပို့မှု ပိုမိုလာ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေ ဟော်နဲ့ ကန်ပိုက်တီး စခန်းစုံမှ ကန်ဒေါ်လာ ၃ ဒသမ ၀၇၀ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၁၉၆၈ တန်ခွဲကို ဇွန် ၄ ရက် မှ ၁၀ ရက်တာကာလအတွင်း တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တာကတော့ မူဆယ်မှ တန်ချိန် ၉၅၅၀၀၊ လွယ်ဂျယ်မှ ၂၂၀၂ တန်ခွဲ၊ ချင်းရွှေဟော်မှ ၁၀၆ တန်နဲ့ ကန်ပိုက်တီးမှ ၅၅ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ထိုစခန်းလေးခုကနေ ပြောင်းတန်ချိန် ၉၅၇၆ တန်ခွဲသာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ပြောင်းတင်ပို့မှုမှာ ၂၃၃၇ တန်ပိုမိုလာတာတွေ့ရပါတယ်။ သယ်ယူစရိတ်မှာ ယခု တစ်ပတ်အတွင်းပြောင်းတစ်ပိဿာကို ၆၆-၇၀ ကျပ်ရှိပြီး ပြောင်းကားဝင်ရောက်မှု ၃၄၂ စီးရှိတယ်လို့ သိရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ ဇွန် ၃ ရက်ကပြောင်းတစ်တန်ကို မိမိဘက်ပေါက်ဈေး ၂၉၆၄၉၉ ကျပ်ရှိရာမှ ဇွန် ၁၀ ရက်တွင် ၂၉၉၅၅၂ ကျပ်သို့ဈေးမြင့်တက်လာခဲ့တယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## သကြား

### ၂၀၁၅-၂၀၁၆ ခုနှစ် သကြားရာသီတွင် အိန္ဒိယနိုင်ငံမှ သကြားတန်ချိန် တစ်သန်းကျော် တင်ပို့

၂၀၁၅-၂၀၁၆ ခုနှစ် သကြားရာသီတွင် အိန္ဒိယနိုင်ငံမှ ပြည်ပသို့ သကြားတင်ပို့နိုင်မှုမှာ တန်ချိန် ၁ ဒသမ ၆ သန်းတင်ပို့နိုင်ပြီး ယခင်နှစ် သကြားရာသီက တင်ပို့မှုထက် ရာခိုင်နှုန်းအားဖြင့် ၄၆ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ အိန္ဒိယသကြားစက်များ အသင်း (Indian Sugar Mills Association-ISMA)ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး အီကော်နော့မစ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ် သကြားရာသီက ပြည်ပသို့သကြားတန်ချိန် ၁ ဒသမ ၁ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင်သကြား ဒုတိယအများဆုံးတင်ပို့သောနိုင်ငံဖြစ်ပြီး အချိုအများဆုံးစားသုံးသောနိုင်ငံလည်းဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကိုလည်း ပြည့်မီစေရန် ပြည်ပသို့သကြားတင်ပို့မှုကို ကန့်သတ်နိုင်ရန်အတွက် သကြားတင်ပို့ခွန် အဖြစ် ၂၅ ရာခိုင်နှုန်း စည်းကြပ်ရန် သတ်မှတ်ထားပါတယ်။ နိုင်ငံတကာဈေးကွက်မှာ သကြားဈေး ကြီးမြင့်နေတဲ့အတွက် အမြတ်အစွန်းပိုမိုရရှိနိုင်သော ပြည်ပသို့ ပိုမိုတင်ပို့လာနိုင်တဲ့အတွက် သကြားတင်ပို့ခွန်ကို ၂၅ ရာခိုင်နှုန်းသတ်မှတ်ထားခြင်းဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံအနေနဲ့ သကြားတင်ပို့မှုလျော့ကျသွားတဲ့အတွက် လွန်ခဲ့တဲ့ သုံးလခန့်ကစပြီး ကမ္ဘာ့သကြားဈေး ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ပါတယ်။

အိန္ဒိယအစိုးရအနေနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် သကြားရာသီမှာ တန်ချိန် ၂၃ သန်းမှ ၂၄ သန်းခန့်အထိ ထုတ်လုပ်နိုင်မယ်လို့ ခန့်မှန်းထားပြီး ယမန်နှစ် သကြားရာသီမှ လက်ကျန်တန်ချိန် ၇ သန်းကျော်ရှိတဲ့အတွက် သကြားတန်ချိန် ၃၀ မှ ၃၁ သန်းခန့် ထိရှိနိုင်မယ်လို့ တွက်ချက်ထားပါတယ်။ အဲဒီပမာဏဟာ ပြည်တွင်းစားသုံးမှုလိုအပ်ချက်ကို ပြည့်မီနိုင်စွမ်းရှိတယ်လို့ စားနပ်ရိက္ခာဝန်ကြီးက ပြောကြားထားပါတယ်။ **CMK**

➲ စာမျက်နှာ ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျာမနီနိုင်ငံ၊ အလုပ်သမားရေးရာ . . .သတင်းမှ အဆက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားနိုင်ငံ၊ KOTRA မှ Executive Vice-President နှင့် တွေ့ဆုံဆွေးနွေးရာတွင် ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ကိုရီးယားနိုင်ငံသို့ လေ့လာရေးခရီး လာရောက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ် အုပ်ချုပ်ရေးမှူးအား လက်ခံ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက် ရေးအတွက် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့် အတွေ့အကြုံများ မျှဝေနိုင်ရေး၊ လေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ထောက်ပံ့ပေးနိုင်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရေးအတွက် ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်နိုင်ရေးတို့ကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## ရော်ဘာ

### ရက်သတ္တပတ်အတွင်း ရော်ဘာတင်ပို့မှုလျော့ကျ

ဇွန် ၄ ရက်မှ ၁၀ ရက်အတွင်း ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ သုည ဒသမ ၈၄၈ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၈၀၁ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 ၁၂၇ တန်နဲ့ RSS-5 တန် ၃၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 ၂၉ တန်နဲ့ MSR-50 ၄၅ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ RSS-3 တန် ၂၄၀ နဲ့ MSR-20 တန် ၆၀ အသီးသီး တင်ပို့ခဲ့ပါတယ်။ ဒါ့အပြင် တာချီလိတ်ကုန်သွယ်ရေစခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ၁၀၅ သန်းဖိုးရှိ ရော်ဘာစိမ်း တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ် ရော်ဘာတင်ပို့မှုဟာ ယခင်တစ်ပတ်တင်ပို့မှုထက် ၃၇၇ တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၅ ရက်မှ ၁၁ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၃၈ သန်းတန်ဖိုးရှိ ရော်ဘာ ၈၀၃ တန်ကျော်ကို တရုတ်၊ ဂျပန်၊ ကိုရီးယားနဲ့ မလေးရှားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ MSR-20 ၃၃၆ တန်၊ ဂျပန်နိုင်ငံသို့ MSR-20 ၁၉၆ တန် ၊ ကိုရီးယားနိုင်ငံသို့ MSR-20 တန် ၁၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ RSS-3 ၆၆ တန်နဲ့ RSS-2 ၁၀၅ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၇၂၂ တန်လျော့နည်းခဲ့ပါတယ်။

နိုင်ငံတကာရော်ဘာဈေးမှာ ယခုတစ်ပတ်အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်း သိပ်အပြောင်းအလဲမရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၇၀-၁၂၅၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ | ၁၀၀၀-၁၁၀၀ |
| **MSR (3)L** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀-၁၀၅၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၇၀ -၁၂၅၀ |
| **Mixtures of Natural Rubber and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502)** | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀ -၁၅၅၀ |

**ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးပြုလုပ်

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ (၂) တွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အစည်းအဝေးကို ဇွန် ၆ ရက်တွင် ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်၊ စားသုံးသူရေးရာဦးစီး ဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ သက်ဆိုင်ရာဌာန အသီးသီးမှတာဝန်ရှိသူများ၊ ပညာရှင်များ၊ အကြံပေး ပုဂ္ဂိုလ် များနှင့် မြို့မိ/မြို့ဖများ တက်ရောက်ခဲ့ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးလှကျော်က စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်စောင့်ရှောက်ရေးအပိုင်းမှာ အလွန်အရေးကြီးကြောင်း၊ လူတိုင်းကျန်းမာသန်စွမ်းပြီး အသက်ရှည်စွာနေထိုင်နိုင်ရန် စားသုံးသူရေးရာ ကိစ္စရပ်များကိုအဓိကထားဆောင်ရွက်ရမှာဖြစ်လို့အန္တရာယ်ရှိတဲ့ အစားအသောက် အမူအကျင့်များကို ခွဲခြားနားလည်တတ်ရန် လိုအပ်ကြောင်း၊ ၎င်းကိစ္စများကို အစိုးရအဖွဲ့အစည်း တစ်ခုတည်းလုပ်လို့မရဘဲ ဌာနဆိုင်ရာအသင်းအဖွဲ့၊ NGO များ၊ စားသုံးသူများ ပူးပေါင်းပါဝင်ဖို့လိုကြောင်း၊ စားသောက် ကုန်စည်ထုတ်လုပ်သူများအနေဖြင့် အန္တရာယ်ရှိတဲ့ အစားအစာများ ထုတ်လုပ်ခြင်းမပြုရန် အသိပညာပေးခြင်းနှင့် ပြည်သူလူထုကို စားသုံးသူရေးရာကိစ္စရပ်များနှင့်ပတ်သက်၍လမ်းကြောင်းမှန်ပေါ်ရောက်ရှိအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဗဟိုအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ယခုအခါ တိုင်းဒေသကြီးများတွင် ထပ်မံဖွဲ့စည်း၍ ခရိုင်မြို့နယ်များတွင်လည်း ထပ်မံဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဌာနမှ စားသုံးသူရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ၂၀၁၆ ခုနှစ် မေလတွင် သင်တန်းများပြုလုပ်ပေးခြင်း၊ ကွင်းဆင်းလေ့လာစိစစ်ခြင်း၊ ထုတ်လုပ်သူလုပ်ငန်းရှင်များကို အသိပညာပေးခြင်း၊ SMEs လုပ်ငန်းများကို စိစစ်ပညာပေးခြင်း စတာတွေကို စုစုပေါင်း အကြိမ် ၄၅၉ ကြိမ် ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနဲ့ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော ဌာနဆိုင်ရာများကလည်း စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးနှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးအကြံပြုတင်ပြခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# အာရှီဒူးမြန်မာနှင့် Shop.com တို့ပူးပေါင်း၍ အကြီးဆုံးသော အွန်လိုင်းမိုဘိုင်းလ် အရောင်းပွဲတော် ကျင်းပမည်

အာရှီဒူးမြန်မာနှင့် Shop.com တို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော အွန်လိုင်းမိုဘိုင်းလ်အရောင်းပွဲတော် (Mobile Week) ကို ဇွန် ၂၇ ရက်မှ ဇူလိုင် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုဘိုင်းလ်အရောင်းပွဲတော်တွင် မိုဘိုင်းလ်ဖုန်းများအား ၅၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ပြီး Shop.com ၏ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုကိုပါ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ Mobile Week အခမ်းအနားအား ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် မြန်မာပလာဇာ၌ကျင်းပသွားမည်ဖြစ်ပြီး ဝယ်ယူလိုသူများအနေဖြင့် မိမိစိတ်ကြိုက်ဖုန်းများကို သွားရောက်ကြည့်ရှုရွေးချယ်ကာအထူးလျှော့ ဈေးနှုန်းများဖြင့် Shop.com မှတစ်ဆင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

၎င်းအပြင် အာရှီဒူးမြန်မာအနေဖြင့် အဆိုပါပွဲတွင် ၎င်း၏နောက်ဆုံးပေါ် 4G နည်းပညာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး ဆင်းမ်ကတ်များကိုလည်း ဖြန့်ဝေပေးမည်ဖြစ်ရာ မိမိကြိုက်နှစ်သက်ရာနံပါတ်အသီးသီးအား ရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"Mobile Week နဲ့အတူ အာရှီဒူးသုံးစွဲသူတွေဟာ အကောင်းဆုံးသော ဟန်းဆက်တွေကိုအသက်သာဆုံးသော ဈေးနှုန်းနဲ့ ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ အာရှီဒူးဟာ ဆင်းမ်ကတ်နဲ့ အထူးအင်တာနက်အစီအစဉ်တွေကို ကမ်းလှမ်းပေးသွားမှာဖြစ်လို့ သုံးစွဲသူတွေအနေနဲ့ အာရှီဒူးရဲ့အထူးမြန်နှုန်းမြင့် 4G Plus ဝန်ဆောင်မှုကို ကိုယ်တိုင်လက်တွေ့ သုံးစွဲခံစားကြည့်ဖို့ အခွင့်အရေးတွေ ရရှိမှာဖြစ်ပါတယ်"ဟု အာရှီဒူးမြန်မာ၏ဈေးကွက်နှင့် ဆက်သွယ်ရေးဒါရိုက်တာ ဒေါ်ပွင့်ဦးဆွေကပြောကြားခဲ့သည်။

အဆိုပါ Mobile Week ပွဲတော်တွင် Samsung, Sony, Singtech, Lenovo, Motorola, Asus, Intex, Xiaomi, ZTE, SYH နှင့် Cherry Mobile အစရှိသည့် ဟန်းဆက်အမျိုးမျိုးကို ၅၀ ရာခိုင်နှုန်းအထိ ဈေးလျှော့၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Samsung Myanmar မှ IM & Channel Head ဖြစ်သူ ကိုဇာနည်ဝင်းထက်က "ကျွန်တော်တို့ Samsung Myanmar အနေနဲ့ Samsung အမျိုးအစား ဟန်းဆက်တွေကို ၂၅ ရာခိုင်နှုန်းအထိ ဈေးလျှော့ပြီး ရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

Shop.com.mm သည် မြန်မာနိုင်ငံ၏ အကောင်းဆုံးသော အွန်လိုင်းရှော့ပ်ပင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနှံ့အပြားမှ ဝယ်ယူသူများအနေဖြင့် အရည်အသွေးအကောင်းဆုံးသော ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်သည့်အပြင် ပစ္စည်းရောက် ငွေချေစနစ်ကြောင့် လူကြိုက်များသည့်ဈေးဝယ်ဝက်ဘ်ဆိုက်တစ်ခုလည်းဖြစ်သည်။

ထို့ပြင် မိမိဝယ်ယူထားသောပစ္စည်းအား ကြိုက်နှစ်သက်မှုမရှိ၍ဖြစ်စေ၊ စိတ်တိုင်းမကျ၍ဖြစ်စေ ခုနစ်ရက်အတွင်း ပြန်လည်လဲလှယ်ပေးသည့် စနစ်ကြောင့်လည်း မြန်မာနိုင်ငံတစ်ဝန်းတွင် လူကြိုက်များလျက်ရှိသည့် အွန်လိုင်းရှော့ပ်ပင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# Myanmar Property Award 2016 အတွက် နောက်ဆုံးဆန်ကာတင်စာရင်းကို ထုတ်ပြန်ကြေညာ



Myanmar Property Award 2016 အတွက် နောက်ဆုံးဆန်ကာတင်စာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

Myanmar Property Award 2016 ဆုပေးပွဲကို လာမည့် ဇွန် ၃၀ ရက်တွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါဆုပေးပွဲအခမ်းအနား မတိုင်မီ Property Congress Myanmar 2016 ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ အိမ်ခြံမြေကျွမ်းကျင်သူများနှင့် ဒေသတွင်းမှ ထိပ်တန်းအရာရှိများက ယနေ့ အိမ်ခြံမြေဈေးကွက်အတွက် အရေးအကြီးဆုံးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အွန်လိုင်းမှ ဈေးကွက်ရှာဖွေခြင်း၊ ငွေချေးစာချုပ်အတွက် အစီအစဉ်ရေးဆွဲခြင်း၊ အိမ်ခြံမြေစီမံခန့်ခွဲခြင်းဆိုင်ရာ အမှာစကားပြောကြားခြင်းနှင့် ဆွေးနွေးခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Myanmar Property Award 2016 ဆုအမျိုးအစားပေါင်း ၁၆ မျိုးရှိပြီး ကွန်ဒိုမီနီယံ၊ ရုံးခန်း၊လက်လီနှင့် ဟိုတယ်ကဏ္ဍများတွင် Shwe Taung Development Co., Ltd. သည် ဆုရရှိရန် ရေပန်းအစားဆုံးသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

ဒုတိယ ရေပန်းစားနေသည့် ကုမ္ပဏီမှာ Capital Development Ltd. ဖြစ်ပြီး တတိယနှင့် စတုတ္ထနေရာမှ ရေပန်းစားနေသည့်ကုမ္ပဏီမှာ Keppel Land International နှင့် Hoang Anh Gia Lai Myanmar Co., Ltd. တို့ပင် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဟာ အလွန်အရည်အသွေးမြင့်မားတဲ့ပြိုင်ပွဲဝင်တွေကို ရရှိခဲ့ပါတယ်။ များပြားလှတဲ့ကုမ္ပဏီနဲ့ စီမံကိန်းအမျိုးမျိုးပါဝင်လာပါတယ်။ သူတို့အားလုံးဟာ ၂၀၁၆ခုနှစ်မှာ တကယ့်ကို ဖွံ့ဖြိုးလာပြီး အဆင့်အတန်းအလွန်မြင့်မားကြပါတယ်။ ဒါကြောင့် ဆန်ခါတင်စာရင်းဝင်အားလုံးအတွက် အလွန်ကို ပျော်ရွှင်မိပါတယ်"ဟု Savills Myanmar ၏ Country Manager နှင့် လွတ်လပ်သော အကဲဖြတ်အဖွဲ့ဝင်များ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာရစ်ချတ်အီမာဆင်က ပြောကြားခဲ့သည်။ ယခုချီးမြှင့်မည့် Myanmar Property Award 2016 ဆုသည် မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်သည်။

ဆုအမျိုးအစားပေါင်း ၁၆ ဆုအတွက် ဆန်ကာတင်ကုမ္ပဏီများ၏ အသေးစိတ်စာရင်းကို Myanmar Property Award 2016 ၏တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သည့် AsiaPropertyAwards.com/myanmarproperty awards/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# အကယ်ဒမီသက်မွန်မြင့်နှင့် အဆိုတော် အမွန်းတို့ Viber Public Chat အကောင့်များ စတင်ဖွင့်လှစ်




မြန်မာနိုင်ငံတွင် Viber သုံးစွဲသူပေါင်း ၂၆ သန်းအထိ ရောက်ရှိလာသည့် အထိမ်းအမှတ်အဖြစ် အကယ်ဒမီ သက်မွန်မြင့်နှင့် အဆိုတော်အမွန်းတို့အား Public Chat အကောင့်များ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

"တို့တွေက မြန်မာ"အစီအစဉ်အဖြစ် စတင်ဖွင့်လှစ်လိုက်သည့် အကယ်ဒမီသက်မွန်မြင့်နှင့် ပေါ့ပ်ဂီတအဆိုတော်အမွန်းတို့၏ Public Chat အကောင့်များဖြစ်သည့် www.viber.com/thetmonmyint နှင့် www.viber.com/ahmoon တို့တွင် Follow up ပြုလုပ်နိုင်ကြပြီး ၎င်းတို့၏ Public Chat အကောင့်များမှတစ်ဆင့် ဆက်သွယ်စကားပြောနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အကယ်ဒမီသက်မွန်မြင့်က "အခုအချိန်က သက်မွန်အနေနဲ့ ကိုယ်ဝန်ရှိနေတာကြောင့် ဇာတ်ကားတွေလည်း ဆက်ရိုက်ဖို့အဆင်မပြေဘူးလေ။ အိမ်မှာရှိနေတဲ့အချိန်မှာ သားချစ်နဲ့သက်မွန်အတွက် ပရိသတ်တွေ သိချင်နေတဲ့ အကြောင်းအရာလေးတွေကို တင်ပေးသွားမှာပါ။သက်မွန်ရဲ့ပရိသတ်ကလည်း သားချစ်ကို တော်တော်ချစ်ကြပါတယ်။ သက်မွန်ရဲ့တစ်နေ့တာလှုပ်ရှားမှုလေးတွေ၊ သားချစ်ရဲ့ ပုံစံလေးတွေနဲ့ သက်မွန်ပရိသတ်နဲ့ အမြဲထိတွေ့သွားမှာပါ"ဟု ပြောကြားခဲ့သည်။

ပေါ့ပ်အဆိုတော်အမွန်းက"အမွန်းအနေနဲ့လည်း အမွန်းသီချင်းဆိုသွားတဲ့အခါမျိုး၊ ရှူတင်ရိုက်နေတဲ့အခါမျိုး၊ ဒါမှမဟုတ် ခရီးသွားနေတဲ့အခါမျိုးတွေမှာ ပရိသတ်ကိုသိစေချင်တဲ့ အကြောင်းအရာလေးတွေကို ဝေမျှပေးသွားမှာပါ။ ပရိသတ်နဲ့အမြဲထိတွေ့နေရမှာဖြစ်တဲ့အတွက် Public Chat ဖွင့်ပေးတဲ့ Viber ကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

➲ စာမျက်နှာ- ၈ - ကုန်စည် ပို့ဆောင်ရေးနှင့် ခရီးသည် ...မှ အဆက်

ထို့ပြင် ဇွန်လ ၁၀ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်မှုကော်မတီ၏ (၂/၂၀၁၆) ကြိမ်မြောက်အစည်းအဝေးတွင် ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန်မြို့တွင်းအသုံးပြုမှုနည်းပါးသည့် ငါးတန်နှင့်အထက် Truck ကားများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်ယန္တရားများ၊ City Bus, Express Bus များ၊ ရေသယ်ယာဉ်များ၊ မီးသတ်ရေ ယာဉ်များ၊ လယ်ယာလုပ်ငန်းခွင်သုံး ယာဉ်ယန္တရားများအပြင် ကျန်းမာရေးနှင့်လူမှုရေးကဏ္ဍတို့တွင် အသုံးပြုရန်အတွက် လှူဒါန်းသည့် လူစီးယာဉ်များဖြစ်သော ကျန်းမာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် တင်သွင်းသည့် လူနာတင်ယာဉ်များ၊ လူမှုရေးအသင်းအဖွဲ့များအတွက် လှူဒါန်းသည့် နိဗ္ဗာန် ယာဉ်များ၊ သာသနာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့်တင်သွင်းသည့် သာသနာရေးဆိုင်ရာယာဉ်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကားပါကင်ထောက်ခံချက်ရယူရန်မလိုဘဲ တင်သွင်းခွင့်ပြုပေးသွားရန် ညှိနှိုင်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မော်တော်ယာဉ်တင်သွင်းခြင်းလုပ်ငန်းများနှင့် စီးပွားရေးလုပ် ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန်တို့အတွက် အဆိုပါယာဉ်များအား ဇွန် ၁၅ ရက်နောက်ပိုင်းမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ကားပါကင်ထောက်ခံချက်ရယူရန်မလိုဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အကြောင်းကြားထားကြောင်း သိရသည်။



# နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တတိယခြေလှမ်းအဖြစ် ကုန်သည်စက်မှုအသင်းချုပ်နှင့် မွန်ဂိုလီးယား စက်မှုလုပ်ငန်းကောင်စီတို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

မြန်မာ-မွန်ဂိုလီးယားနှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တတိယခြေလှမ်းအဖြစ် ကုန်သည်စက်မှုအသင်းချုပ်နှင့် မွန်ဂိုလီးယား စက်မှုလုပ်ငန်းကောင်စီ (Mongolian National Council of Industry) တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဇွန် ၁၅ရက်တွင် နေပြည်တော်The Lake Garden ဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့ကြပြီး မွန်ဂိုလီးယား-မြန်မာစီးပွားရေးကောင်စီ (Mongolia-Myanmar Business Council) ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြကြောင်း UMFCCI ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မွန်ဂိုလီးယားအစိုးရဖွဲ့စည်းသည့် မွန်ဂိုလီးယားစက်မှုလုပ်ငန်းကောင်စီနှင့် နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများအား ထိရောက်ချောမွေ့စွာ ဆောင်ရွက်ဖော်ဆောင်ပေးရန်နှင့် သတ္တုတူးဖော်ခြင်း၊ သဘာဝဓာတ်ငွေ့၊ ဘဏ္ဍာရေး၊ ဆက်သွယ်ရေး နည်းပညာစသည့် လုပ်ငန်းကဏ္ဍများ၏ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှု သတင်းအချက်အလက်များ အပြန်အလှန်မျှဝေနိုင်ရန်အဓိက ရည်ရွယ်၍ ရေးထိုးခဲ့ခြင်းဖြစ်ပြီး အဆိုပါရည်ရွယ်ချက် အောင်မြင်ရန်အတွက် နှစ်ဖက်အစိုးရများနှင့် လုပ်ငန်းရှင်များအကြား တိုက်ရိုက်ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန် မွန်ဂိုလီးယား-မြန်မာစီးပွားရေးကောင်စီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲသို့ မွန်ဂိုလီးယားသမ္မတ Mr. Elbegdorj Tsakhia တက်ရောက်ခဲ့သည့် Mongolia- Myanmar CEO Conference တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်စီးပွားရေးခေါင်းဆောင်များ တက်ရောက်ခဲ့သည့် အဆိုပါကွန်ဖရင့်တွင် ဗဟိုထိန်းချုပ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲခဲ့သည့် မွန်ဂိုလီးယား၏ အတွေ့အကြုံများ၊ မွန်ဂိုလီးယား၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော သတ္တုတူးဖော်ရေးကဏ္ဍမှသည် အခြားလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့် နည်းပညာများကို ဆွေးနွေးဖလှယ်ခဲ့ကြပြီး စီးပွားရေးပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေညှိနှိုင်းခဲ့ကြသည်။

လူဦးရေ သုံးသန်းကျော်သာရှိသော မွန်ဂိုလီးယားနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းနှင့်ပတ်သက်၍ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က "မွန်ဂိုလီးယားနိုင်ငံက ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်နေပြီး စိုက်ပျိုးရေးထွက်ကုန်တင်သွင်းနေရတဲ့အတွက် ကြိုးစားမယ်ဆို တင်ပို့ရောင်းချဖို့ ဈေးကွက်သစ်တစ်ခု ထိုးဖောက်ရရှိနိုင်မှာဖြစ်ပါတယ်။ ကြီးမားလှတဲ့ ဈေးကွက်မဟုတ်ပေမယ့် ပို့ကုန်အတွက် တိုင်းပြည်တစ်ပြည်ကို မှီခိုနေမယ့်အစား နိုင်ငံစုံ ဖြန့်ကြက်ပူးပေါင်းမယ်ဆိုရင် ဟန်ချက်ညီညီနဲ့စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ တစ်သိန်းကျော်သာ ရှိနေသေးသော်လည်း မြန်မာနှင့် မွန်ဂိုလီးယားတို့ ပူးပေါင်းတည်ထောင်ခဲ့သည့် စီးပွားရေးကောင်စီသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် အထင်ကရ သမိုင်းမှတ်တိုင် တစ်ရပ်ပင်ဖြစ်ကြောင်း၊ နှစ်ဖက်လုပ်ငန်းကုမ္ပဏီများအနေဖြင့် လက်တွဲလုပ်ဆောင်ကြရန် စိတ်အားထက်သန်နေကြသည်ကို တွေ့ရခြင်းကြောင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် ထင်ရှားစွာမြင့်တက်လာမည်ဟု ယုံကြည်ကြောင်း မွန်ဂိုလီးယားစက်မှုလုပ်ငန်းကောင်စီဥက္ကဋ္ဌ Mr. D. Batjavkhlan က မှတ်ချက်ပေးသည်ဟု ဖော်ပြထားသည်။

ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက မွန်ဂိုလီးယားသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း အသင်းချုပ်၌ စီးပွားရေးဖိုရမ်ကျင်းပပေးခဲ့သကဲ့သို့ ၂၀၁၅ ခုနှစ် ဇွန်လအတွင်းကလည်း မွန်ဂိုလီယားနိုင်ငံ၌ မွန်ဂိုလီးယားကုန်သည်များအသင်းနှင့် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာရေးထိုးခဲ့သဖြင့် ယခုတစ်ကြိမ်သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ တတိယခြေလှမ်းဖြစ်ကြောင်း UMFCCI ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | အင်းစိန်အိမ်ရာ၊ မုဒိတာ | ၆၀၀ စ/ပေ | အခန်းဖွဲ့ | ၇၅၀ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |
| ၂။ | တိုက်ခန်း | ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက် | ၆၀၀ စ/ပေ | ဟောတိုက်၊ (၄) လွှာ | ၂၀၀ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |
| ၃။ | အိမ်/မြေ | မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက် | ၂၄၀၀ စ/ပေ | ၁ ထပ်သစ်သားအိမ် | ၆၀၀ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၇၀x၅၀) ပေ | ၁ ထပ်RC(၂)လုံးပါ | ၅၅၀၀ သိန်း | | ၀၀၉/၅၁/၁၇၂၆၂ |
| ၅။ | လုံးချင်းအိမ် | တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာ | ၂၄၀၀ စ/ပေ | RC (၂) ထပ် | ၈၅၀၀ သိန်း | | ၀၉/၉၇/၆၃၁၁၂၃ |
| ၆။ | အဆင့်မြင့်တိုက်ခန်း | ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ | ၉၀၀ စ/ပေ | MB (၂) ခန်း | ၁၇၅၀ သိန်း | | ၀၉/၉၇/၆၃၁၁၂၃ |
| ၇။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | Hall (၇)လွှာ | ၁၅၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၂x၇၀) ပေ | အခန်းဖွဲ့၊ အဆင့်မြင့်ပြင်ဆင်ပြီး | ၁၄ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | လုံးချင်းအိမ်/မြေ | မန္တလေးမြို့ (၂၉) လမ်း | (၂၅x၅၀) ပေ | RC (၂) ထပ် | သိန်း ၁၈၀၀၀ | လမ်းမပေါ် (ညှိနှိုင်း) | ၀၉/၅၁/၁၇၂၆၂ |

# မြန်မာနိုင်ငံတွင် Viber အကောင့်ဖွင့်လှစ်သုံးစွဲသူ ၂၆ သန်းရှိလာ Red Dot နှင့်ပူးပေါင်း၍ Viber Out အစီအစဉ်ကို စတင်လုပ်ဆောင်




မြန်မာနိုင်ငံတွင် Viber ကို စတင်သုံးစွဲခဲ့သည့် ၂၀၁၁ခုနှစ်မှ ယခု ၂၀၁၆ ခုနှစ်အထိ သုံးစွဲသူပေါင်း ၂၆သန်းရှိလာပြီဖြစ်ကြောင်း Viber ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Viber ကို စတင်သုံးစွဲခဲ့သည့် ၂၀၁၁ ခုနှစ်က သုံးစွဲသူ သုံးဦးသာရှိခဲ့သော်လည်း လူသိများလာသည်နှင့်အမျှ သုံးစွဲသူဦးရေလည်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၅ခုနှစ်ဇွန်လက သုံးစွဲသူ ၁၃သန်းသာရှိခဲ့သော်လည်း ယခုနှစ် ဇွန်လတွင် ၂၆ သန်းအထိမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ သုံးစွဲသူ ၂၆သန်းအထိ မြင့်တက်လာသည့် အထိမ်းအမှတ်အဖြစ် "တို့တွေက မြန်မာ"အစီအစဉ်ကို ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာပြည်သူများ၏ နေ့စဉ်ဘဝကို စတေကာများ၊ မြန်မာပြည်နှင့် ကိုက်ညီသည့် အကြောင်းအရာ ဖန်တီးမှုများ ပါဝင်သည့် Public Chat တို့ဖြင့် ပံ့ပိုးပေးနိုင်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရှိViber အသုံးပြုသူများအတွက် "မြန်မာပြည်ကို တို့တွေလွမ်းသည်"ဟူသောစတေကာများကို ဇွန် ၁၇ ရက်တွင် စတင်အသုံးပြုခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဘဏ်များနည်းပါးမှုနှင့် အကြွေးဝယ်ကတ် သုံးစွဲသူနည်းပါးခြင်းကို ဖြေရှင်းနိုင်ရန် Viber သည် Red Dot နှင့်ပူးပေါင်းခဲ့ပြီး ငွေသားလက်ခံခြင်းနှင့် မိုဘိုင်းဖုန်းငွေဖြည့်ခြင်းတို့ကို Viber မှ ကြိုးဖုန်းသို့လည်းကောင်း၊ Viber မှ မိုဘိုင်းခေါ်ဆိုမှုများအတွက်လည်းကောင်း ပြုလုပ်နိုင်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။ Viber အသုံးပြုသူများအနေဖြင့် ဇွန် ၁၃ ရက်မှ ၂၂ ရက်အတွင်း Viber Out ငွေဖြည့်ခြင်းအားလုံးအတွက် အပိုဆုငွေ ၂၀ ရာခိုင်နှုန်းနှင့် နိုင်ငံတစ်ဝန်းရှိ Red Dot အရောင်းဆိုင်များတွင် Viber Out အတွက် ကျပ် ၁၀၀၀၀ ငွေဖြည့်ပါက ၅၀ ရာခိုင်နှုန်းအပိုဆုငွေ ရရှိမည်ဖြစ်ကြောင်း သိရသည်။ Viber Out အတွက် ငွေဖြည့်ကတ်များကို ကျပ် ၁၀၀၀၊ ကျပ် ၂၀၀၀၊ ကျပ် ၃၀၀၀၊ ကျပ် ၅၀၀၀ နှင့် ကျပ် ၁၀၀၀၀ တို့ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | ရက်တစ် (၂၀၁၂) | ယာယီ | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | စီအာဗီ (၂၀၀၃) | ယာယီ | ၂၁၅ သိန်း | 2.0 ဓာတ်ဆီ |
| ၄။ | နွတ်ချ် (၂၀၀၃) | ယာယီ | ၂၁၅ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | အာအေဗီ (၄) (၂၀၀၃) | 9G | ၂၀၀ သိန်း | 1.0 ဓာတ်ဆီ |
| ၆။ | အာဗီအာ (၂၀၁၀) | ယာယီ | ၃၁၅ သိန်း | 1.8 ဓာတ်ဆီ၊ ကားကောင်း |
| ၇။ | ဝှစ်ရှ် (၂၀၀၃) | ယာယီ | ၂၀၀ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၂၃၀ သိန်း | 2.4 ဓာတ်ဆီ |
| ၉။ | ဘယ်(လ်)တာ (၂၀၁၁) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ |

# သာယာဝတီ၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ဇီးကုန်း၊ နတ်တလင်းမြို့နယ်များမှာ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနေပြီ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်းရှိသာယာဝတီမြို့နယ်တွင် တောင်သူလယ်သမားများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးစပါးစိုက်စရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိရာ ဇွန် ၁၄ ရက်အထိ သာယာဝတီမြို့နယ်တွင် ကျေးရွာအုပ်စု ၂၄ အုပ်စုမှ တောင်သူ ၁၆၂၆ ဦး၏ မိုးစပါးစိုက်ဧက ၁၁၉၁၃ အတွက် ငွေကျပ် ၁၇၈၆၉၅၀၀၀၀ ကိုလည်းကောင်း၊ မင်းလှမြို့နယ်တွင် ကျေးရွာအုပ်စု ၂၄ အုပ်စုမှ တောင်သူ ၃၀၉၇ ဦး၏ မိုးစပါးစိုက်ဧက ၂၀၃၅၆ အတွက် ငွေကျပ် ၃၀၅၃၄၀၀၀၀၀ ကို လည်းကောင်း၊ မိုးညိုမြို့နယ် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ တောင်သူ ၁၁၀၈ ဦး၏ မိုးစပါးစိုက်ဧက ၅၆၈၅ အတွက် ငွေကျပ် ၈၅၂၇၄၀၀၀၀ ကိုလည်းကောင်း၊ အုတ်ဖိုမြို့နယ်တွင် ကျေးရွာအုပ်စု ၂၀ အုပ်စုမှ တောင်သူ ၂၆၈၁ ဦး၏ မိုးစပါးစိုက်ဧက ၁၆၇၉၉ အတွက် ငွေကျပ် ၂၅၁၉၈၅၀၀၀၀ ကိုလည်းကောင်း၊ ဇီးကုန်းမြို့နယ်တွင်ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၁၃၆၅ ဦး၏ မိုးစပါးစိုက်ဧက ၇၈၇၄ ဧကအတွက် ငွေကျပ် ၁၁၈၁၁၀၀၀၀၀ ကိုလည်းကောင်း၊ နတ်တလင်း မြို့နယ်တွင် ကျေးရွာအုပ်စု ၂၉ အုပ်စုမှ တောင်သူ ၄၂၁၃ ဦး၏ မိုးစပါးစိုက်ဧက ၂၈၀၈၉ အတွက် ငွေကျပ် ၄၂၁၃၃၅၀၀၀၀ ကို လည်းကောင်း ထုတ်ပေးနိုင်ခဲ့ကြောင်း သိရပြီး သာယာဝတီမြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၄၈ အုပ်စုမှ မိုးစပါးစိုက်ဧက ၁၁၀၇၅၄ အတွက်တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၁၆၆၁၃ ကို လည်းကောင်း၊ မင်းလှမြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၅၆ အုပ်စုမှ မိုးစပါးစိုက်ဧက ၆၂၉၂၄ ဧကအတွက် ငွေကျပ်သိန်းပေါင်း ၉၄၃၈ ကိုလည်းကောင်း၊ မိုးညိုမြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၄၃ အုပ်စုမှစိုက်ဧက ၄၉၀၄၂ ဧက အတွက် ငွေကျပ်သိန်းပေါင်း ၇၃၅၆ ကိုလည်းကောင်း၊ အုတ်ဖိုမြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၅၅ အုပ်စုမှ စိုက်ဧက ၁၀၀၃၇၂ ဧကအတွက် ငွေကျပ်သိန်းပေါင်း ၁၅၀၅၅ ကိုလည်းကောင်း၊ ဇီးကုန်းမြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၂၉ အုပ်စုမှ စိုက်ဧက ၃၈၁၇၆ ဧက အတွက် ငွေကျပ်သိန်းပေါင်း ၅၇၂၆ ကိုလည်းကောင်း၊ နတ်တလင်းမြို့နယ်၌ ကျေးရွာ အုပ်စုပေါင်း ၇၇ အုပ်စုမှ စိုက်ဧက ၁၁၀၁၁၇ အတွက် ငွေကျပ်သိန်းပေါင်း ၁၆၅၁၇ ကိုထုတ်ချေးသွားမည်ဖြစ်ပါသည်။ စိုက်ပျိုးစရိတ် ချေးငွေကို ဇွန်လမှစ၍ စက်တင်ဘာလကုန်အထိ ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရပါတယ်။

**ခင်ခင်ထိုက်-လက်ပံတန်း**

# တောင်ကြီးမြို့တွင် သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် ကုန်စည်ပြပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



တောင်ကြီးမြို့ အားကစားရုံခန်းမတွင် သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် ကုန်စည်ပြပွဲဖွင့်ပွဲကို ဇွန် ၁၁ရက်က ကျင်းပပြုလုပ်ရာလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးဝန်ကြီးတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။

အဆိုပါကုန်စည်ပြပွဲကို သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်း(ဗဟို)ရဲ့ ပံ့ပိုးကူညီမှု၊ ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတို့နှင့် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ရဲ့ ဦးဆောင်မှုတို့နဲ့အတူ ကျင်းပခဲ့တယ်လို့သိရပါတယ်။

အဆိုပါကုန်စည်ပြပွဲသို့ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ ရပ်စောက်၊ ဟိုပုံး၊ ပင်လောင်း၊ ပင်းတယ၊ နောင်တယားနှင့်အင်းလေးဒေသတို့မှ သစ်သီးဝလံ၊ ပန်းမန်နဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ တောင်သူများ၊ ခြံလုပ်ငန်းလုပ်ကိုင်သူများ၊ စိုက်ပျိုးရေးဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်များ၊ ကုမ္ပဏီများလာရောက် လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရပါတယ်။

ကုန်စည်ပြခန်းပေါင်း၇၀ခန့်ရှိသည့်အနက် စိုက်ပျိုးထုတ်လုပ်သူတို့အတွက်စိုက်ပျိုးမှုနည်းစနစ်များ၊ဈေးနှုန်းများ သတင်းအချက်အလက်များကိုဖြန့်ဝေပေးသော အစိမ်းရောင်လမ်းပြခန်း ကော်ဖီပြခန်း၊ ဩဘာ၊ မာလာမြိုင်၊ မြန်မာ့ကောင်းမွန်၊ ဖန်းလင့်၊ မက်ဂါ၊ စူပါရင်းဘိုအိုတက်နဲ့ ရှမ်းမောမြေကဲ့သို့စိုက်ပျိုးရေးဆေးများ၊ စိုက်ပျိုးမှုနည်းစနစ်နဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာအရောင်းဆိုင်များ၊ GIZကဲ့သို့ စိုက်ပျိုးမှု အကျိုးဆောင်ကုမ္ပဏီများ၊ သရဖူစိုးမြင့်၏ယာဉ်နှင့် စက်ပစ္စည်းရောင်းချတဲ့ ကုမ္ပဏီများက လာရောက်ပြသကြပြီး ကုန်စည်ပြပွဲကို ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ ပြသခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**



# တရုတ်(တိုင်ပေ) စီးပွားရေးလုပ်ငန်း လေ့လာရေးအဖွဲ့နှင့် ပုသိမ်မြို့မှတာဝန်ရှိသူများ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ ၂တွင် ဇွန်လ ၁၅ ရက်က တရုတ်(တိုင်ပေ) စီးပွားရေးလုပ်ငန်း လေ့လာရေးအဖွဲ့နဲ့ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်နဲ့ တာဝန်ရှိသူများ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေး၊ စိုက်ပျိုးရေးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည် များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်လှိုင်နဲ့ တာဝန်ရှိသူများ၊ ဆန်စက်ပိုင်ရှင်များနဲ့တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ဆိပ်ကမ်းနှင့်ပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ထိုသို့တွေ့ဆုံရာမှာ တရုတ်(တိုင်ပေ) စီးပွားရေးလုပ်ငန်းရှင်များက ဧရာဝတီ တိုင်းဒေသကြီးအတွင်း ပူးပေါင်းဆောင်ရွက်လိုသည့်ကဏ္ဍများနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါတယ်။ တရုတ်(တိုင်ပေ) လယ်ယာစိုက်ပျိုးရေး ကဏ္ဍနဲ့ ဆက်စပ်၍ စပါးအခြောက်ခံစက်၊ ဆိုင်လိုသိုလှောင်မှုစနစ် အသုံးပြုပုံရဲ့ အားသာချက်များ Solor အသုံးပြုစနစ်နဲ့ လျှပ်စစ်ကဏ္ဍများအကြောင်း ရှင်းလင်းခဲ့ပါတယ်။ ဒါ့အပြင် တရုတ်(တိုင်ပေ) မိတ်ဖက်ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံတွေမှာ ဆောင်ရွက်ပေးနေမှု များကိုလည်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဧရာဝတီကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်ကလည်း ယခင်က တရုတ်(တိုင်ပေ) အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ တဲ့ အခြေအနေများနဲ့ ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၀-၆-၂၀၁၅ မှ ၂၆-၆-၂၀၁၅ ရက်နေ့ထိ
ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** အဆောက်အအုံများနှင့် ပတ်သက်သော စီးပွားရေး တန့်နေတတ်ပါသည်။ ရသမျှငွေများ အလေအလွင့်ရှိ တတ်သည်။ စိတ်ရောကိုယ်ပါ ပင်ပန်းနေမည့် ကာလဖြစ်သည်။ ပညာရေးတွင် လောကဓာတ်စာပေများ လိုက်စားခြင်းဖြင့် အကျိုးရှိနေမည်ဖြစ်သည်။ ကျန်းမာရေးတွင် အဖျားရောဂါရရှိတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အပေါင်းအသင်းများနှင့် အပျော်အပါး ကြိုက်နေတတ်သောသဘောရှိနေလိမ့်မည်။

**ယတြာ။ ။သတ္တုပစ္စည်းများနှင့် ပတ်သက်သော ဒန်ပစ္စည်းလှူပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ဆက်သွယ်ရေးလုပ်ငန်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်း အောင်မြင်မှုများရရှိနေမည်။ ကုန်စည်ပြပွဲဦးဆောင်မှုလုပ်ငန်း ဖြစ်ထွန်းအောင်မြင်မည်။ ပညာရေးဆိုင်ရာ စိတ်ပညာနှင့်ပတ်သက်၍ အကျိုးပေးတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပျော်ရွှင်မှုများနှင့် ကြုံဆုံနေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် လေထိုး၊ လေအောင့်ဝေဒနာခံစားရတတ်သည်ကို သိရှိသင့်ပါသည်။

**ယတြာ။ ။ကုံကော်ပန်းလှူပါ။**




**အင်္ဂါသားသမီးများအတွက်** ဆုံးဖြတ်ချက်မှန်ကန်မှုကြောင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာမည်။ လေလံလုပ်ငန်းများ အဆင်ပြေအကျိုးရှိနေမည်။ တည်ကြည်ဖြောင့်မတ်မှု စိတ်ကောင်းစေတနာ ထားတတ်မှုတို့ကြောင့် အချစ်ရေး၊ အိမ်ထောင်ရေး သာယာဖြောင့်ဖြူးမှုရှိမည်။ ကျန်းမာရေးတွင် ဦးခေါင်းကိုက်၊ ဇက်ကြောတက်ဝေဒနာ ခံစားရမှုရှိနေတတ်ပါသည်။ ပညာရေးကံကောင်းမည်။ **ယတြာ။ ။ဆီးဖျော်ရည်တိုက်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံမှုများမှ ဆုံးရှုံးနစ်နာမှု များရှိနေတတ်သည်။ အစုရှယ်ယာများနှင့် အခြေခိုင်ခန့်လာပြီး လုပ်ငန်းခွင်အောင်မြင်မှုများ ရရှိနေမည်ဖြစ်ပါသည်။ ရေလမ်းဆက်သွယ်မှု သင်္ဘောကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်မည် ဖြစ်ပါသည်။ ပညာရေးကောင်းမွန်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာ ဖြောင့်ဖြူးနေမည်။ ကျန်းမာရေးတွင် စိတ်ဖိစီးမှုရောဂါရတတ်ပါသည်။

**ယတြာ။ ။ဖျော်ရည်လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်း အဆင်ပြေ ချောမွေ့လာမည်။ ဆန်စပါးနှင့် ဆီထွက်သီးနှံများ အကျိုးပေးအား ကောင်းနေမည်။ ငွေကြေးဘဏ္ဍာပြည့်စုံလာမည့်ကာလဖြစ်ပါ သည်။ ပညာရေးထူးချွန်မှုရှိနေမည်။ ကျန်းမာရေးတွင် အာရုံကြောဝေဒနာခံစားရမှု ရှိနေတတ်ပါသည်။ စိုးရိမ်စရာမရှိပါ။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အိမ်ထောင်ရေး သာယာပျော်ရွှင်နေလိမ့်မည်။

**ယတြာ။ ။စပယ်ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** ငွေကြေးပြဿနာဖြေရှင်းရတတ်သည်။ လုပ်ငန်းအဆက်အသွယ်များကောင်းလိမ့်မည်။ ပညာရေးတွင် ပြန်လည်ကြိုးစားနေရတတ်သည်။ မျှော်မှန်းချက် လွဲချော်တတ်သည်ကို သတိရှိသင့်ပါသည်။ ကျန်းမာရေးတွင် အဆုတ်အအေးမိခြင်း၊ နမိုးနီးယားတိုက်ဖို့က်ဖြစ်တတ်သောကြောင့် ကျန်းမာရေး ဂရုစိုက်သင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သင့်တင့်ကောင်းမွန်နေမည်။

**ယတြာ။ ။တန်းဆွမ်းလောင်းလှူပါ။**



**စနေသားသမီးများအတွက်** လယ်ယာဥယျာဥ်ခြံမြေများနှင့် ဆက်သွယ်လုပ်ကိုင်ရသောလုပ်ငန်းများ အဆင်ပြေချောမွေ့လိမ့်မည်။ စီးပွားရေး လုပ်ငန်း ဝင်ငွေကောင်းလာတတ်ပါသည်။ ပညာရေးသင့် တင့်နေမည်။ အချစ်ရေးတွင် အဝေးရောက်ချစ်သူ၏ အခွင့်ရေးဆိုမှုကို ခံရတတ်သည်။ မမျှော်လင့်ဘဲ အိမ်ထောင်ပြုရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ရေချိုးမှားခြင်းကြောင့် ဖျားနာသောရောဂါ ဖြစ်တတ်ပါသည်။ ဂရုစိုက်လျှင် စိုးရိမ်စရာမရှိပါ။

**ယတြာ။ ။သက်သတ်လွတ်ဆွမ်းလှူဒါန်းပါ။**

# ပုသိမ်မြို့တွင် ခေတ်မီဆန်စက်ယူနစ်များ အစားထိုးတပ်ဆင်ရေး သရုပ်ပြပွဲနဲ့ နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

မြန်မာနိုင်ငံတွင် ဆန်စပါးအများဆုံး စိုက်ပျိုးလျက်ရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ခေတ်မီဆန်စက် ယူနစ်များကို အစားထိုးတပ်ဆင်၍ အဆင့်အတန်းပိုမို မြင့်မားလာကာ ပြည်ပဈေးကွက်ဝေစုပိုမိုရရှိစေဖို့လုပ် ဆောင်လျက်ရှိပါတယ်။

တရုတ်နိုင်ငံ Hefei Taihe Optoelectronic Technology Co.,Ltd. ကထုတ်လုပ်တဲ့ Taiho အမျိုးအစား ဆန်အရောင်ရွေးစက် (Color Sorter) နဲ့ ဆန်ပါကင်ပိတ်စက်အားမိတ်ဆက်ရောင်းချခြင်းကို ဇွန် ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံးမှ Royal Altantic Co.,Ltd. နဲ့ ချင်းတွင်း ဧရာဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။

အဆိုပါ မိတ်ဆက်ရောင်းချပွဲမှာ ခေတ်မီဆန်စက်ယူနစ်များ အစားထိုးတပ်ဆင်ရေးသရုပ်ပြပွဲနဲ့ အသိပညာပေးဆွေးနွေးပွဲကိုပါ ထည့်သွင်းကျင်းပခဲ့ပါတယ်။

ယင်းအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးမွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးဘဟိန်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံကုမ္ပဏီမှ တာဝန်ရှိသူများ၊ အုပ်ချုပ်မှုဒါရိုက်တာနဲ့ ချင်းတွင်းဧရာဆန်စပါးရောင်း ဝယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပုသိမ်၊ သာပေါင်း၊ ငပုတော၊ ကန်ကြီးထောင့်၊ ဒါးက၊ ရေကြည်၊ ကျောင်းကုန်း၊ မြောင်းမြမြို့နယ်များမှ ဆန်စက်ပိုင်ရှင် ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဆွေးနွေးပွဲမှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးဦးဘဟိန်းက နိုင်ငံရဲ့ ကုန်သွယ်မှုမြှင့်တင်ရေးပိုင်းတွင် ဆန်စပါးလောက အရှိန်အဟုန် မြင့်မားလာစေရေးအတွက် ထွက်ရှိလာတဲ့ စပါးများကို ခေတ်မီဆန်စက်များနဲ့ ကြိတ်ခွဲထုတ်လုပ်မှသာ ဈေးကွက်ပိုမိုကျယ်ပြန့်လာမှာဖြစ်သည့်အတွက် ခေတ်မီဆန်စက်ယူနစ်များအစားထိုးတပ်ဆင်ရေးမှာ အဓိကကျကြောင်း၊ အဆိုပါသတင်းအချက်အလက်များကို သိမြင် နားလည်စေရန် ယခုလိုပြပွဲနဲ့ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးတာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က ဧရာဝတီတိုင်းဒေသကြီးတွင် မျိုးကောင်းမျိုးသန့်စပါးများကို အဆင့်မီဆန်စက်များနဲ့ ကြိတ်ခွဲထုတ်လုပ် မှသာ ဆန်အဆင့်အတန်းပိုမိုမြင့်မား လာမှာဖြစ်ကြောင်း၊ အနာဂတ်ကာလမှာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကျယ်ပြန့်လာမှာဖြစ်သလို မကြာခင်ကာလ မှာဖြစ်ထွန်း လာမယ့် AFTA (Asean Free Trade Area) အသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံမှလည်း ပါဝင်လာမှာဖြစ်တဲ့အတွက် အိမ်နီး ချင်းနိုင်ငံများနဲ့ ဈေးကွက်ယှဉ်ပြိုင်ရာ မှာ မိမိတို့လုပ်ငန်းရှင်များအနေနဲ့ နည်းပညာတွေကို ယခုကတည်းက ပြောင်းလဲထားမှသာ ဈေးကွက်ယှဉ်ပြိုင်နိုင်မှာဖြစ်ကြောင်း ပြောကြားပါတယ်။

ဆက်လက်၍ တက်ရောက်လာသည့် ဆန်စက်ပိုင်ရှင်များနဲ့ ဧည့်သည်တော်များအား (Color Sorter) နဲ့ ဆန်ပါကင်ပိတ်စက်အသုံးပြုပုံတို့ကို လက်တွေ့သရုပ်ပြပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မင်းမင်းဦး**

# ပြည်ပနိုင်ငံများမှ ကော်ဖီစေ့များ ဝယ်ယူမှုကြောင့် ဈေးနှုန်းများမြင့်တက်



ရှမ်းပြည်နယ်ရွာငံမြို့နယ်မှ ထွက်ရှိတဲ့ကော်ဖီစေ့များ ကို ပြည်ပနိုင်ငံများမှ ဝယ်လိုအားမြင့်တက်လာသဖြင့် ရွာငံဒေသထွက် ကော်ဖီစေ့ ဈေးနှုန်းများ မြင့်တက်နေကြောင်း၊ ရွာငံမြို့မှ ထွက်ရှိတဲ့ကော်ဖီစေ့များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ကိုရီးယားနိုင်ငံများသို့တင်ပို့ပြီး ဂျပန်နိုင်ငံမှလည်းဝယ်ယူရန် ဈေးကွက်ကို စောင့်ကြည့်လေ့လာနေကြောင်း ရွာငံကော်ဖီ အသင်းမှ သိရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ် ရေးဇုန်မှ ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်မှ ၁၅ ရက်အတွင်း ကန်ဒေါ် လာ ၁၀၀၂၁၈ တန်ဖိုးရှိတဲ့ ကော်ဖီစေ့ ၉၈ တန်ကို တရုတ်နိုင်ငံ သို့ တင်ပို့နိုင်ခဲ့ကြောင်း၊ ကော်ဖီစေ့ တစ်တန်ကို မြန်မာငွေကျပ် ၁၂ သိန်းကျော်ဈေး ရရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

၂၀၁၅ ခုနှစ်ကော်ဖီရာသီချိန်တွင် ရွာငံမှ ကော်ဖီစေ့များကို တရုတ်နိုင်ငံသို့ တန် ၂၄၀၊ ထိုင်းနိုင်ငံသို့ တန် ၃၀၊ ပြည်တွင်းဈေးကွက်သို့တန် ၃၀ နဲ့ ဂျပန်နိုင်ငံသို့ ၁၈ တန် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ကသာခရိုင်အတွင်း မှျစ်ပွဲရုံများ လုပ်ငန်းစတင်ချိန် မှျစ်ချိုးရောင်းသူများ မိသားစုဝင်ငွေရ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်း မြို့နယ်များမှာ ဇွန်မှစတင်ပြီး ဝါးမျှစ်များ ဈေးကွက်ထဲမှာ အရောင်းအဝယ်ရှိနေတာတွေ့ရပါတယ်။ ရာသီစာမျှစ်ပေါ်စ နယ်အဝယ်ဒိုင်များ အပြိုင်အဆိုင်ဝယ်ယူမှုရှိနေလို့ ဒေသခံ မျှစ်ချိုးရောင်းသူများ မိသားစုဝင်ငွေရနေတာ တွေ့ရပါတယ်။

“သစ်တောဖုံးလွှမ်းမှု ၈၀ ရာခိုင်နှုန်းကျော် တည်ရှိတဲ့ ကသာခရိုင်မှာ သဘာဝကပေးတဲ့ သစ်တောထွက်ရာသီစာ ခူးဆွတ်ရောင်းချပြီး ဒေသခံတောင်သူများ တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေရကြပါတယ်။ မိုးဦးကာလဝါးမျှစ်များပေါ်ပြီဖြစ်လို့ နယ်စုံကလာတဲ့မျှစ်များကို ဝယ်ယူလျက် ရှိပါတယ်။ “ပြုတ်ထားတဲ့မျှစ်တွေကို တစ်ပိဿာ ၅၀၀ ကျပ်နဲ့ဝယ်ပါတယ်။ တစ်ရက်ပျမ်းမျှ ပိဿာတစ်ထောင်ကျော် အရောင်းအဝယ်ဖြစ်ပါတယ်။ မန္တလေး၊ ရွှေဘို၊ မုံရွာ မျှစ်ပွဲရုံ များကို တင်ပို့ခဲ့ပါတယ်။ ယခင်နှစ်မျှစ်ရာသီအကုန်မှာ ပိဿာချိန်လေးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်ရရှိပြီး မျှစ်ပွဲရုံလုပ်ငန်းတည်ထောင် လုပ်ကိုင်နေပါတယ်”လို့ ပွဲရုံပိုင်ရှင် ဦးခင်သက်က ဆိုပါတယ်။

မျှစ်ကို မြန်မာ့ဟင်းလျာအဖြစ် မျှစ်စို၊ မျှစ်ချဉ်၊ မျှစ်ခြောက်ပြုလုပ်ကာ စားသုံးကြပါတယ်။ လျှောင်ကုန်အတွက် မျှစ်ချဉ်၊ မျှစ်ခြောက်ပြုလုပ်ပြီး နှစ်ပေါက်လှောင်ကြပါတယ်။ မျှစ်ရာသီလေးလအတွင်း နှစ်ပေါက်စာလှောင်နိုင်ဖို့ နယ်အဝယ်ဒိုင်တွေက အပြိုင်အဆိုင် ဝယ်ယူနေကြလို့ မျှစ်ချိုးရောင်းသူများအနေနဲ့ ဝင်ငွေရနေကြတယ်လို့ မျှစ်ဈေးကွက်မှ သိရပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**



# မြို့ကြီးများ၏ ၂၀-၆-၂၀၁၆ မှ ၂၄-၆-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၀-၆-၂၀၁၆) | အင်္ဂါ(၂၁-၆-၂၀၁၆) | ဗုဒ္ဓဟူး(၂၂-၆-၂၀၁၆) | ကြာသပတေး(၂၃-၆-၂၀၁၆) | သောကြာ(၂၄-၆-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F |
| ရန်ကုန်မြို့ | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F |
| မန္တလေးမြို့ | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | ၄၀% ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F | ၅၀% ၃၄˚C/၉၄˚F |
| မြစ်ကြီးနား | ၈၀% ၂၆˚C/၇၉˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F |
| လားရှိုး | ၈၀% ၂၆˚C/၇၈˚F | ၈၀% ၂၆˚C/၇၈˚F | ၈၀% ၂၆˚C/၇၉˚F | ၈၀% ၂၆˚C/၇၉˚F | ၈၀% ၂၆˚C/၇၉˚F |
| ကျိုင်းတုံ | ၄၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၀˚C/၈၆˚F |
| လွိုင်ကော် | ၄၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၇˚C/၈၀˚F |
| တောင်ကြီး | ၅၀% ၂၄˚C/၇၅˚F | ၄၀% ၂၃˚C/၇၄˚F | ၅၀% ၂၄˚C/၇၅˚F | ၈၀% ၂၄˚C/၇၆˚F | ၈၀% ၂၂˚C/၇၁˚F |
| မော်လမြိုင် | ၆၀% ၃၁˚C/၈၈˚F | ၆၀% ၃၂˚C/၈၉˚F | ၆၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F |
| ဘားအံ | ၅၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F | ၅၀% ၃၁˚C/၈၈˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F |
| ထားဝယ် | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F |
| မုံရွာ | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | ၅၀% ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | ၈၀% ၃၃˚C/၉၂˚F |
| ပုသိမ် | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F |
| မြိတ် | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F | ၆၀% ၃၀˚C/၈၇˚F | ၆၀% ၃၀˚C/၈၆˚F |
| စစ်တွေ | ၆၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၆၀% ၂၉˚C/၈၅˚F | ၅၀% ၂၉˚C/၈၅˚F | ၅၀% ၂၉˚C/၈၄˚F |
| မကွေး | ၅၀% ၃၁˚C/၈၈˚F | ၅၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၂˚C/၉၀˚F | ၅၀% ၃၂˚C/၈၉˚F |
| ဖလမ်း | ၇၀% ၂၂˚C/၇၂˚F | ၈၀% ၂၂˚C/၇၂˚F | ၈၀% ၂၃˚C/၇၄˚F | ၈၀% ၂၄˚C/၇၅˚F | ၆၀% ၂၄˚C/၇၅˚F |



# တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွား လူ ၂၅ ဦး သေဆုံး၊ လေးဦးပျောက်ဆုံးနေ

တရုတ်နိုင်ငံတောင်ပိုင်းတွင် ပြီးခဲ့သည့် ဇွန် ၁၃ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်း မိုးမှုများဖြစ်ပွားခဲ့ကာ အနည်းဆုံး၂၅ ဦး သေဆုံးကာ လေးဦးပျောက်ဆုံးနေကြောင်း ချိုင်းနားဒေးလီသတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါတရုတ်နိုင်ငံ တောင်ပိုင်းဒေသသည် လူဦးရေပေါင်း လေးသန်းခန့် နေထိုင်ကြလျက်ရှိသည့် ဒေသဖြစ်သည်။

ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၃၃၀၀၀ ကျော်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မိုးရွာသွန်းမှုသည်တစ်ပတ်အတွင်း ရွာသွန်းခဲ့ခြင်းဖြစ်ပြီး သည်းထန်စွာရွာသွန်းခဲ့သဖြင့် တရုတ်နိုင်ငံတောင်ပိုင်းရှိ ပြည်နယ် ၁၀ ခုတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုများကြောင့် မြေပြိုမှုများလည်း ဖြစ်ပွားလျက်ရှိကြောင်း၊ မိုးသည်းထန်စွာရွာသွန်းသည့်ဒေသများမှာ Guizhou, Hunan, Jiangxi, Zhejiang, Fujian, Guangdong နှင့် Guangxi ဒေသတို့ဖြစ်ကြောင်း ဆောက်သ်ချိုင်းနားမောနင်းပို့စ်တွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုများကြောင့် အဆိုပါဒေသတွင် လယ်မြေဧကပေါင်း ၃၉၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့သည်ဟုဆိုသည်။ ထို့ပြင် မြေဧရိယာတစ်သန်းကီလိုမီတာကိုလည်း ရေများဖုံးလွှမ်းလျက်ရှိကြောင်း အေပီသတင်းဌာနက ရေးသားဖော်ပြထားသည်။

ထို့ပြင် Guangxi Zhaung ဒေသတွင်လည်း ရေလွှမ်းမိုးမှုများကြောင့် လယ်စိုက်ဧကပေါင်း ၄၆၈၀ ပျက်စီးဆုံးရှုံးခဲ့ရပြီး နေအိမ် ၇၂ လုံးမှာ လုံး၀ပြိုကျပျက်စီးခဲ့ရကြောင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေများလျှံတက်ခဲ့ရာ အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ Guangxi Zhaung ဒေသတစ်ခုတည်းတွင်ပင် ယွမ်သန်းပေါင်း ၅၁ သန်း(အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ သန်း) ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းတွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ ငလျင် လှုပ်ခတ်

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းတွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ပြင်းထန်သည့် ငလျင်တစ်ခု ဇွန် ၁၆ ရက်ကလှုပ်ခတ်ခဲ့ကြောင်း ဂျပန်တိုင်းမ်သတင်းစာက ထုတ်ဖော်ရေးသားခဲ့သည်။

အင်အားအနည်းငယ်ပြင်းထန်သော်လည်း ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်သည် ဟိုကိုင်းဒိုး၏ အနောက်တောင်ဘက်ရှိ ယူချီယူရာ ပင်လယ်အော်၏ ရေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ မိုးလေဝသအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် အဆိုပါကျွန်းပေါ်တွင် တည်ဆောက်ထားသည့် ဟာဂါရှိဒိုရီ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည်လည်း ထိခိုက်မှုမရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ဟာဂါရှိဒိုရီနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် တိုဟိုကုအီလက်ထရစ်ပါဝါကုမ္ပဏီနှင့် ဟိုကိုင်းဒိုးအီလက်ထရစ်ပါဝါကုမ္ပဏီတို့ တည်ဆောက်ထားသည့် စက်ရုံတစ်ရုံဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ဟိုကိုင်းဒိုးကျွန်းပေါ်တွင် အာမိုရီစီရင်စု၌ တိုမိုရီ နျူကလီးယားဓာတ်အားပေးစက်ရုံ အမှတ်(၁)မှ အမှတ်(၃)အထိရှိကြောင်း၊ ယင်းစက်ရုံများမှာလည်း ပုံမှန်လည်ပတ်လျက်ရှိနေကြောင်း၊ မည်သည့် နျူကလီးယားဓာတ်အားပေးစက်ရုံမှ ထိခိုက်မှုမရှိကြောင်း Japan Nuclear Fuel Co., မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အင်အားအနည်းငယ်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သော်လည်း ရထားသွားလာမှုများမှာ ပုံမှန်အတိုင်း သွားလာနေကြကြောင်း၊ ဂျပန်နိုင်ငံ သည် အင်အား ရစ်ချ်တာစကေး ၆ အထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများကိုသာ ဆောက်လုပ်ထားပြီး အဆိုပါပမာဏထက်နည်းပါးပါက ပြည်သူများ၏ ငလျင်လှုပ်ခတ်မှုသည် ပြည်သူများ၏ခြေဖဝါးအောက်တွင်သာ ပျောက်ကွယ်သွားကြောင်း၊ အိမ်ထောင် ပရိဘောဂပစ္စည်းအချို့သာ ပြုတ်ကျ ခြင်း၊ လဲကျခြင်းများဖြစ်ပေါ်ခဲ့ကြောင်းအဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

# အစားအစာနှင့် ရေ၏အခန်းကဏ္ဍ

မာမာရီ
CTQM

သက်ရှိအရာခပ်သိမ်းအားလုံးတို့တွင် ကိုယ်အလေးချိန် စုစုပေါင်းအနက် ရေပါဝင်မှုပမာဏမှာ ၆၀ ရာခိုင်နှုန်း မှ ၉၀ ရာခိုင်နှုန်းအထိ များများစားစား ပါဝင်နေရမည်ဖြစ်သည်။ ဆိုလိုသည်မှာရေသည် သက်ရှိခန္ဓာကိုယ်တွင် သုံးပုံနှစ်ပုံ ရှိနေရမည်ဖြစ်သည်။ ကျွန်ုပ်တို့ခန္ဓာကိုယ်မှ ရေဓာတ်ပါဝင်မှုသည်ချွေးများ၊ ဆီးနှင့် အညစ်အကြေးအဖြစ် အဆက်မပြတ်ဆုံးရှုံးနေကြသည်။ အရွယ်ရောက်သော လူ့ခန္ဓာကိုယ်တွင် စားသောက်သုံးစွဲလိုက်သော အစားအစာများကို တစ်နေ့တာ၌ ဆုံးရှုံးသွားသည့်ရေဓါတ် ပမာဏအား အောက်ပါဇယားဖြင့် သိနိုင်ပါသည်-

**လူ့ခန္ဓာကိုယ်တွင် ရေအဝင်နှင့်ဆုံးရှုံးမှု (Water Intake and Loss in Human Body)**

| Source | Intake(1/d) | Source | Loss(1/d) |
|---|---|---|---|
| Food | 1.12 | Urine | 1.30 |
| Drink | 1.18 | Lungs | 0.30 |
| Oxidation of Nutrients | 0.28 | Skin | 0.92 |
| | - | Faecus | 0.06 |
| Total | 2.58 | | 2.58 |

(1/d = per day)

ကျွန်ုပ်တို့စားမြဲအစားအစာဖြစ်သော (Dietary Sources) အစားအသောက်အရင်းအမြစ်များတွင် ရေဓာတ်ပါဝင်မှုအသီးသီးအား အောက်ပါဇယားဖြင့်သိရှိနိုင်ပါသည်။

**Water Content of Various Foods**

| Animal Food | Water Content (%) | Plant Foods | Water Content |
|---|---|---|---|
| Lean meat, raw ကျစ်လျစ်သော/ အဆီနည်းသော အသား၊ ကုန်ကြမ်း | 60 - 65 | Apple Orange and grapefruits | 85 - 90<br>85 - 90<br>85 - 90 |
| Pork Raw မပြုပြင်ရသေးသောဝက်သား | 55 - 60 | Strawberries/ Cherries/berries | 85 - 90 |
| Beef | 50 - 70 | Banana/ Potatoes | 80 - 90 |
| Chicken | 70 - 75 | Beans/Cabbage/ Cauliflower | 90 - 95 |
| Fish | 65 - 80 | Fruit Juices and Beer | 85 - 90 |
| Cheese | 35 - 40 | | |
| Honey | 20 - 25 | | |
| Milk | 85 - 90 | | |
| Butter | 16 - 20 | | |
| Milk Powder | 4 - 5 | | |

အထက်ပါ ဇယားကိုလေ့လာကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ခန္ဓာကိုယ်တွင် လုံလောက်သောရေဓာတ် ရရှိရန်နှင့် ကျန်းမာရေးပြည့်စုံရန်အတွက် သီးနှံအစားအစာကို ရွေးချယ်စားသုံးနိုင်ရန် လိုအပ်ပါသည်။

ဆက်လက်၍ နည်းပညာပိုင်းအနေဖြင့် သီးနှံ၊ သားငါးနှင့် အဆင်သင့်ထုတ်ကုန် အစားအစာများတွင် ရေပါဝင်မှု (Water Content) ကိုလည်းကောင်း၊ ရေငွေ့ပါဝင်မှု (Moisture Content) နှင့် ရေ၏ လုပ်ဆောင်ချက် (Water Activity)တို့၏ အဓိပ္ပါယ်ကို သိရှိသရွေ့ ရှင်းလင်းရေးသားတင်ပြလိုပါသည်။

**ရေပါဝင်မှု** (Water Content) **ဆိုသည်မှာ**

ဟင်းသီးဟင်းရွက်၊ အသီးအနှံများကို အပြီးသတ်အထိ အခြောက်မခံမီရှိနေသော ရေပါဝင်မှု (တစ်နည်း)

(၁) စိုက်ပျိုးထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော သစ်သီးဝလံ၊ သီးနှံ၊ ဟင်းသီးဟင်းရွက်များတွင် လည်းကောင်း

(၂) သက်ရှိအသား၊ ငါးတို့တွင်လည်းကောင်း

(၃) သဘာဝအလေ့ကျပေါက်ပင်မှထွက်ရှိလာသောသီးနှံများတွင်လည်းကောင်း

(၄) ကြိတ်ခွဲထုတ်လုပ်ထားသော အစားအစာ၊ နို့၊ နို့မှုန့်၊ ထောပတ်၊ ယိုတို့တွင် လည်းကောင်း ရေဓာတ်ပါဝင် နေမှုကို ဆိုလိုပါသည်။

ရေဓာတ်ပါဝင်မှုရှာလိုသော် နမူနာကိုအလေးချိန်တစ်ခု သတ်မှတ်ချိန်ယူပြီး၊ ဓာတ်ဆေး (Solvent) အကူအညီဖြင့် (Distillation) ပြုလုပ်ခြင်းဖြင့်ရရှိသောရေဓာတ်ပမာဏအား 100 gm နှင့်နှိုင်းယှဉ်၍ တွက်ချက်သဖြင့် ရာခိုင်နှုန်း(%)ဖြင့်ဖော်ပြပါသည်။

**အစိုဓာတ်ပါဝင်မှု (သို့မဟုတ်) ရေငွေ့ပါဝင်မှု ( Moisture Content) ဆိုသည်မှာ** စားသောက်ကုန်သီးနှံများတွင် ပတ်ဝန်းကျင်၏ အပူချိန်၊ စိုထိုင်းဆ၊ ရာသီဥတုကိုမှီ၍ လည်းကောင်း၊ ကုန်ကြမ်းသီးနှံများအား ကုန်ချောအဖြစ်ထုတ်လုပ်သောအခါ ထိုအစားအစာနှင့် သက်ဆိုင်သော နည်းပညာ၏ အပူချိန်(အတိုး၊ အလျှော့)အသုံးပြုမှု အပေါ်မှီ၍လည်းကောင်း၊သိုလှောင်ထားသောနေရာ၊ ဒေသ ၊ ပတ်ဝန်းကျင်စိုထိုင်းဆ အခြေအနေကိုလိုက်၍ လည်းကောင်း၊ ပြောင်းလဲတည်ရှိသော အစိုဓါတ် (သို့မဟုတ်) ရေငွေ့ပါဝင်မှုကို ဆိုလိုပါသည်။

Moisture Content မများစေရန် အပူချိန်ထိန်းခြင်း၊ ရေငွေ့စုပ်ယူနိုင်သော တခြားပစ္စည်းများ ကပ်၍ထားခြင်း၊ ပြင်ပစိုထိုင်းဆများသည့် လေကိုလုံစေခြင်း၊ အလင်းရောင်အသင့်အတင့်ရှိသော နေရာများ၊ နဂိုရှိရင်းစွဲအစိုဓာတ်ထက်ပိုမများလာစေရန် ထုပ်ပိုးမှုစနစ်သည်လည်း လိုအပ်ပါသည်။ အစိုဓာတ် (Moisture Content) (သို့မဟုတ်) ရေငွေ့ပါဝင်မှုရှာလိုသော သီးနှံနှင့် ထုတ်ကုန်နမူနာ၏ အလေးချိန် တစ်ခုကိုသတ်မှတ်ထားသော အပူချိန်နှင့် အချိန်အတွင်း အပူပေးစေပြီး လျော့သွားသော မပြောင်းလဲသည့် အလေးချိန်အား 100 g နှင့် နှိုင်းယှဉ်၍ တွက်ချက်သဖြင့် ရာခိုင်နှုန်းဖြင့်သာဖော်ပြသည်။

ယခုအခါတိုးတက်ပြောင်းလဲလာသောခေတ်နှင့်အညီ သီးနှံနှင့် စားသောက်ကုန်တို့တွင်-

(၁) သတ်မှတ်အချိန်ကာလအထိ ကြာရှည်အထားမခံခြင်း

(၂) မှိုများကျရောက်ခြင်း

(၃) မျက်စိဖြင့်မမြင်ရသောအဏုဇီဝပိုးမွှားများ (Microorganisms)ပေါက်ပွားလာရခြင်း

(၄) မျက်စိဖြင့်မြင်ရသောဘက်တီးရီးယားများပေါက်ပွားလာခြင်း

ယင်းဖြစ်စဉ်များ၏ အခြေခံကျသော (Moisture content) အပြင် ရေ၏လုပ်ဆောင်ချက် (Water activity) ကိုပါ ထည့်သွင်းစဉ်းစားလာပြီဖြစ်သည်။

အစားအစာများတွင် ရေ၏လုပ်ဆောင်ချက် (Water Activity)ဆိုသည်မှာ- တူညီသော အပူချိန်၌ အစားအစာများတွင်ရှိနေသော ပျော်ဝင်အရည်၏ဖိအား (Pressure (P))နှင့် ရေသန့်၏ ရေငွေ့ဖိအား (po) တို့၏ အချိုးကိုဆိုလိုပါသည်။

$a_w = p/po$ (at the same temperature)

တစ်နည်းအားဖြင့် အစားအစာများတွင် ရေ၏လုပ်ဆောင်ချက်သည် ပတ်ဝန်းကျင် လေထုဖိအား၏ စိုထိုင်းဆ(Relative Humidity) နှင့်တိုက်ရိုက်ဆက်စပ်မှုရှိပါသည်။

ပုံသေနည်းအရ

$a_w = RH/100$

$a_w$ = ရေ၏လုပ်ဆောင်ချက်

RH = စိုထိုင်းဆ

အစားအစာများတွင် ရေပါဝင်မှုနှင့် ရေ၏ လုပ်ဆောင်ချက်ကို နှိုင်းယှဉ်၍ ဆက်လက်ဖော်ပြရမည်ဆိုလျှင်-

**အစားအစာ၏ ရေပါဝင်မှုနှင့် ရေ၏လုပ်ဆောင်ချက်**
**(Water Content and Water Activity of Foods)**

| Food | Water Content (%) | Water Activity (aw) |
|---|---|---|
| Fresh meat | 65 | 0.98 |
| Cheese | 40 | 0.94 |
| Jam | 33 | 0.88 |
| Dried fruits | 18 | 0.76 |
| Honey | 20 | 0.75 |

သီးနှံများနှင့်စားသောက်ကုန်တစ်ခုစီတွင် ယင်းတို့နှင့်သက်ဆိုင်သော အစိုဓာတ်ပါဝင်မှု (MC) နှင့် ရေ၏လုပ်ဆောင်ချက် ($a_w$) ကို စံသတ်မှတ်ပြီးသားဖြစ်ပါသည်။ ထိုစံချိန်စံညွှန်း (specification)နှုန်းထားများထက် မကျော်လွန်စေရန် အထူးအရေးကြီးပါသည်။

သုံးသပ်ချက်အရ သီးနှံနှင့် ထုတ်လုပ်ထားသော အစားအစာများအတွင်းတွင် ပတ်ဝန်းကျင်၏ စိုထိုင်းဆ (RH) များလျှင် အစိုဓာတ်ရေငွေ့(MC) များတတ်ပြီး စိုထိုင်းဆ (RH) နှင့် ရေ၏လုပ်ဆောင်ချက် ($a_w$) သည်လည်း ညီမျှခြေရှိသဖြင့် အစားအစာများအတွင်း ($a_w$) မြင့်တက်ခြေပြနေမည်ဖြစ်သည်။

ထို့ကြောင့်ထုတ်လုပ်ထားသော အစားအစာနှင့် သားငါး၊ သီးနှံတို့အား ရေငွေ့(သို့မဟုတ်) အစိုဓာတ်ကြောင့် အချိန်ကာလစော၍ ပျက်စီးယိုယွင်းခြင်းမဖြစ်စေရန်၊ တစ်နည်းအဏုဇီဝပိုး (Microor ganisms) မပေါက်ပွားစေရန်။

(၁) အစားအစာတစ်ခုချင်းစီ၏ သက်ဆိုင်ရာ အပူချိန်တစ်ခုကို သတ်မှတ်၍ ရေဖယ်ရှားခြင်း (Dehydration) (သို့မဟုတ်) အခြောက်ခံခြင်း

(၂) သီးနှံ၊ စားသောက်ကုန်၊ အသင့်အစားအစာအတွင်း တာရှည်ခံပစ္စည်းများ ပေါင်းထည့်ခြင်း (Addition of Solutes)

(၃) အစားအစာများအတွင်း စေးပျစ်ခြင်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံ (Formation of Jells) (သိပ်သည်းကျစ်လျစ်မှုကြောင့် ရေမဝင်ရောက်နိုင်စေရန်)

(၄) သီးနှံ၊ အသား၊ ငါးနှင့် အစားအစာများ၏ အပူချိန်ကို နှိမ့်ချစေခြင်း (Lowing of Temper-ature) (သို့မဟုတ်) အေးခဲစေခြင်း

တို့အား အထူးထည့်သွင်း စဉ်းစားရန်လိုအပ်ကြောင်းနှင့် သီးနှံနှင့် အသင့်စားသုံးရန် ထုတ်လုပ်ထားသော စားသောက်ကုန်များတွင် ရေငွေ့ပါဝင်မှုသည် အရေးကြီးကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**Reference:Food Processing and Preservation By Sivasankar**

# ရတနာပုံနှင့်ပွဲတွင် ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့် ရန်ကုန်ကစားသမားကြည်လင်းအား ဒဏ်ငွေ နှစ်သိန်းနှင့် နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ကွင်းလယ်ဒိုင်လူကြီးအားလည်း ပြစ်ဒဏ်များ ချမှတ်

ရန်ကုန်နှင့်ရတနာပုံအသင်းတို့၏OMNL ပွဲတွင် ပွဲချိန်နောက်ဆုံးမိနစ်၌ ရဲကိုဦးအား ဥပဒေပ ပြစ်ဒဏ်ကျူးလွန်ခဲ့သည့် ရန်ကုန်ကစားသမားကြည်လင်းအား စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဒဏ်ကြေးငွေနှစ်သိန်းနှင့် အနီးစပ်ဆုံး နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ကြည်လင်းသည် အဆိုပါပွဲတွင် ရန်ကုန်ဂိုးဧရိယာအတွင်း၌ ရဲကိုဦးအား နောက်ဆုံးခံစစ်သမားအဖြစ် ဥပဒေပကျူးလွန်ခဲ့သော်လည်း ကွင်းလယ်ဒိုင် ဦးဝင်းထွဋ်က အနီကတ်ပြသခြင်းမရှိဘဲ ပင်နယ်တီပြစ်ဒဏ်ပေးပြီး အဝါကတ်သာ ပြသခဲ့သည်။

ယင်းပွဲပယ်ပြစ်ဒဏ်ကြောင့် ကြည်လင်းသည် ဇွန် ၁၅ ရက်တွင်ယှဉ်ပြိုင်ကစားမည့် ရန်ကုန်အသင်းနှင့် ဟော်ရီဇွန်အသင်းတို့တွေ့ဆုံမည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ပြိုင်ပွဲနှင့် လိဂ်ပွဲစဉ် ၁၄ ဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ပေ။ ထို့ပြင်ရန်ကုန်နှင့်ရတနာပုံပွဲတွင် တာဝန်ယူကိုင်တွယ်ခဲ့သည့် ကွင်းလယ်ဒိုင်ဦးဝင်းထွဋ်သည်လည်း ကြည်လင်းအား အနီကတ်မပြသဘဲ အဝါကတ်သာ ပြသခဲ့သည့်အတွက် ဒိုင်ကော်မတီမှ ထိုက်သင့်သလို အရေးယူရန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အကြောင်းကြားခဲ့သည်။

အလားတူ အိမ်ရှင် ရန်ကုန်အသင်းအနေဖြင့်လည်း ပြိုင်ပွဲပြီးဆုံးချိန် နှစ်ဖက်ပရိသတ်များ မလိုလားအပ်သောအခြေအနေ မပေါ်ပေါက်စေရန်၊ လုံခြုံရေးအခြေအနေများကို လက်ရှိထက် စီစဉ်ဆောင်ရွက်သွားရန်၊ ကစားသမား၊ ဒိုင်လူကြီးနှင့် ပရိသတ်လုံခြုံရေးအတွက် လက်ရှိအနေအထားထက် ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုများ ဆောင်ရွက်သွားရန်နှင့် နောက်နောင် အလားတူဖြစ်ရပ်မျိုးထပ်မံပေါ်ပေါက်ပါက MNL မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြင်းထန်စွာ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားခဲ့သည်။

ထို့အတူ အဆိုပါပွဲစဉ်တွင် တာဝန်ယူခဲ့သည့် ကွင်းလယ်ဒိုင်လူကြီး ဦးဝင်းထွဋ်ကိုလည်း ပွဲပယ်ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့၏ ပွဲစဉ်ကို ကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူ ကိုင်တွယ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး ဦးဝင်းထွဋ်ကို ပွဲချိန် ၉၀ + ၃ မိနစ်တွင် ကြည်လင်း၏ ရဲကိုဦးအပေါ် ပြစ်ဒဏ်ကျူးလွန်မှုအား အပြစ်ပေးမှု အားနည်းခဲ့သည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီက အရေးယူမှုပြုလုပ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးတစ်ဦးဖြစ်သည့် ဦးဝင်းထွဋ်အား မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၁၄၊ ၁၅နှင့် ဇွန် ၂၂ရက်တွင် ကျင်းပမည့် General Aung San Shield 2016 ပွဲစဉ်များတွင်တာဝန်ပေးအပ်ခြင်းမပြုရန်နှင့် နောက်နောင် ပြိုင်ပွဲများတွင် ပွဲအနေအထားကို သုံးသပ်ပြီး ဘောလုံး ဥပဒေအရ တိကျစွာလိုက်နာဆောင်ရွက်ရန် သတိပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့သည် ၂၀၀၉ ခုနှစ် မြန်မာနေရှင်နယ်လိဂ် စတင်ချိန်မှ စတင်ကာ တစ်သင်းနှင့်တစ်သင်း ပြိုင်ဆိုင်မှုများ ပြင်းထန်ခဲ့ပြီး ယင်းနှစ်သင်းတွေ့ဆုံသည့် ပွဲများတွင် ကစားသမားအချင်းချင်း၊ ပရိသတ်အချင်းချင်း ရုန်းရင်းဆန်ခတ်ဖြစ်ရပ်များ၊ ပွဲပယ်ဖြစ်ရပ်များ အများဆုံးဖြစ်ပေါ်လျက်ရှိသည်။

# ယူကရိန်းနှင့်ပွဲကြည့်နေစဉ် မြောက်အိုင်ယာလန်အသင်းကို အားပေးသည့်ပြင်သစ်ပရိသတ်တစ်ဦး အမောဖောက်၍ သေဆုံး



မြောက်အိုင်ယာလန် အသင်းက ယူကရိန်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ဇွန် ၁၆ရက် ပွဲစဉ်၌ စတိတ်ဒီလီယွန်ကွင်းထဲတွင် လာရောက်ကြည့်ရှုခဲ့သော မြောက်အိုင်ယာလန်ပရိသတ်တစ်ဦး နှလုံးရောဂါဖြင့် ရုတ်တရက် သေဆုံးခဲ့ကြောင်း သိရသည်။

ဘဲဖက်စ်မြို့မှ အသက် ၆၂ နှစ်အရွယ်ရှိ အဆိုပါပရိသတ်သည် ဒေသစံတော်ချိန် ညနေ ၆ နာရီခန့်တွင် ပွဲကြည့်စင်တစ်ခုအတွင်း နှလုံးရောဂါဖောက်သည့် ဝေဒနာကို ခံစားခဲ့ရဖွယ်ရှိပြီး ကစားကွင်းရှိ ဆေးအဖွဲ့များက အရေးပေါ်ကယ်ဆယ်မှုများ ပြုလုပ်ခဲ့သော်လည်း အသက်မမီခဲ့ချေ။

သေဆုံးသူသည် ရောဘတ်ရေနီအမည်ရှိ မြောက်အိုင်ယာလန်အသင်းကို အားပေးသည့် ပြင်သစ်လူမျိုးတစ်ဦးဖြစ်ပြီး မြောက်အိုင်ယာလန်အသင်းမှ တာဝန်ရှိသူများက "ယခုကဲ့သို့ ဖြစ်ရပ်များအတွက် မိသားစုနဲ့အတူ ဝမ်းနည်းမိပါတယ်"ဟု ပြောကြားခဲ့သည်။

ရေနီ၏ မိသားစုများကလည်း "ကျွန်တော့်တို့ရဲ့ဖခင်ကြီး အာချီလို့ လူသိများတဲ့ရေနီဟာ ယူကရိန်းနဲ့မြောက်အိုင်ယာလန်ပွဲကို အားပေးရင်းနဲ့ နှလုံးအမောဖောက်ပြီး ကွယ်လွန်ခဲ့ပါတယ်။ သူဟာ ပြင်သစ်နိုင်ငံသားဖြစ်ပေမယ့် မြောက်အိုင်ယာလန်အသင်းကို အားပေးတဲ့သူတစ်ဦးပါ။ သူ့ရဲ့ပတ်ဝန်းကျင်မှာလည်း မြောက်အိုင်ယာလန်အသင်းကို အားပေးတဲ့သူ့ရဲ့သူငယ်ချင်းတွေနဲ့ သူ့ရဲ့မိသားစုတွေ အားလုံးရောက်နေကြပါပြီ"ဟု ပြောကြားခဲ့သည်။

ဇွန် ၁၃ ရက် နံနက်အစောပိုင်းကလည်း မြောက်အိုင်ယာလန် ပရိသတ်တစ်ဦးဖြစ်သူ အသက် ၂၄ နှစ်အရွယ် ဒါရင်းရော်ဂျာစ်သည် နိုက်စ်မြို့ရှိ ကမ်းခြေအနီး ၂၆ ပေအမြင့်ရှိသည့် လူသွားလမ်းမှ ကျောက်ဆောင်ထူထပ်သည့်အောက်ဘက်ကမ်းခြေသို့ လိမ့်ကျသေဆုံးခဲ့ဖူးသဖြင့် ယခုတစ်ကြိမ်မှာ ဒုတိယမြောက်သေဆုံးမှုဖြစ်ခဲ့သည်။

# ပြိုင်ပွဲများ၌ နှစ်နှစ်တာဝင်ရောက်ကစားခွင့် ပိတ်ပင်ခံထားရခြင်းနှင့်ပတ်သက်၍ ရှာရာပိုဗာ အသနားခံစာတင်သွင်း

တားမြစ်ဆေးသုံးစွဲခဲ့မှုကြောင့် ပြိုင်ပွဲများတွင် နှစ်နှစ်တာ ဝင်ရောက်ကစားခြင်းမပြုရန် ပိတ်ပင်ခံထားရသည့် ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် တင်းနစ်ပြန်လည်ကစားခွင့်ပြုရန် အသနားခံစာ တင်သွင်းခဲ့ကြောင်း သိရသည်။

ရှာရာပိုဗာသည် ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သည့် ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် မယ်လ်ဒိုနီယမ်ဆေးသုံးစွဲသည်ကို စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ၎င်းအား တင်းနစ်ပြိုင်ပွဲများတွင် ဝင်ရောက်ကစားခြင်းမပြုရန် ခေတ္တပိတ်ပင်ထားခဲ့သည်။

ဂရင်းဆလင်းငါးထပ်ကွမ်းချန်ပီယံ အသက်(၂၉)နှစ်အရွယ်ရှိ ရှာရာပိုဗာက မယ်လ်ဒိုနီယမ်ဆေး သုံးစွဲရခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့တားမြစ်ဆေးထိန်းချုပ်ရေးအဖွဲ့ထံသို့ ရှင်းလင်းတင်ပြခဲ့သော်လည်း လက်မခံခဲ့ပေ။ အဆိုပါဆေးသည် အားကစားသမားများအတွက် လုံးဝမသင့်လျော်သည့် ဆေးတစ်မျိုးဖြစ်သဖြင့် တားမြစ်ဆေးတွင် ထည့်သွင်းရခြင်းဖြစ်သည်ဟု အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

သို့သော် အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်သည် အဆိုပါကိစ္စနှင့်ပတ်သက်၍ ကမ္ဘာ့တားမြစ်ဆေးသုံးစွဲမှုထိန်းချုပ်ရေးအဖွဲ့ထံမှ အစီရင်ခံစာများအရ ရှာရာပိုဗာအား တင်းနစ်ပြိုင်ပွဲများတွင် နှစ်နှစ်တာ ဝင်ရောက်ကစားခွင့်မပြုရန် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အမိန့်ချမှတ်ခဲ့သည်။

ယင်းကဲ့သို့အမိန့်ချမှတ်ခဲ့ခြင်းအား ရှာရာပိုဗာက အသနားခံစာပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်သည်။ အသနားခံစာတင်သွင်းရခြင်းမှာ ဥပဒေကို ရှောင်လွှဲလို၍မဟုတ်ဘဲ ရောဂါကြောင့် အမှန်တကယ်သုံးစွဲမှုအား ရှင်းလင်းလို၍သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

# မြန်မာအမျိုးသမီးဖူဆယ်အသင်း WFC အမည်ဖြင့် အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် WFC အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင်အောင်မြင်မှုရရှိရေးအတွက် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ထိုင်းလက်ရွေးစင်ဖူဆယ်အသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို လာမည့်ဇူလိုင် ၁၀ ရက်မှ ၁၆ရက်အထိ နေပြည်တော်ဖူဆယ်ကွင်းတွင် ပြုလုပ်သွားမည်ဖြစ်ပြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် MIC အသင်း၊ အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် WFC အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားပွဲစဉ်တွင် ထိုင်းနိုင်ငံမှ Thaiport FC ၊ အင်ဒိုနီးရှားနိုင်ငံမှ Black Steel ၊ မြန်မာနိုင်ငံမှ MIC FC၊ ဗီယက်နမ်နိုင်ငံမှ Thai Son Nam FC၊ လာအိုနိုင်ငံမှ Lanexang United တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသမီးပွဲစဉ်တွင် ဗီယက်နမ်နိုင်ငံမှ Thai Son Nam Dist.8 FC၊ ထိုင်းနိုင်ငံမှ Na Khonsawan FC ၊ အင်ဒိုနီးရှားနိုင်ငံမှ Jaya Kencana Angles နှင့် မြန်မာနိုင်ငံမှ WFC အသင်းတို့ဖြစ်ကြသည်။

ယင်းပြိုင်ပွဲအား ပြည်တွင်းရုပ်သံလိုင်းများမှ ပြသနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ရုရှားတားမြစ်ဆေးသုံးစွဲမှုထိန်းချုပ်ရေးအဖွဲ့၏တားမြစ်ဆေးသုံးစွဲမှုရှိမရှိ စစ်ဆေးနေမှုများအားရပ်ဆိုင်း

ကမ္ဘာ့တားမြစ်ဆေးဝါးများသုံးစွဲမှုထိန်းချုပ်ရေး အေဂျင်စီသည် ရုရှားတားမြစ်ဆေးဝါးများသုံးစွဲမှု ထိန်းချုပ်ရေးအေဂျင်စီအား တားမြစ်ဆေးဝါးများ သုံးစွဲမှုရှိမရှိစစ်ဆေးနေမှုများကို ရပ်ဆိုင်းလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ရုရှားအားကစားသမားအများအပြားတွင် တားမြစ်ဆေးဝါးများ သုံးစွဲနေသည်ကို တွေ့ရှိနေရသဖြင့် ရုရှားတားမြစ်ဆေးထိန်းချုပ်ရေးအဖွဲ့၏ တားမြစ် ဆေးသုံးစွဲမှုရှိမရှိ စစ်ဆေးနေခြင်းကို ကမ္ဘာ့တားမြစ်ဆေးဝါးများသုံးစွဲမှုထိန်းချုပ်ရေးအေဂျင်စီက သံသယဖြစ်နေသဖြင့် ယခုကဲ့သို့ ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ အဆိုပါစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်များတွင် ရုရှားအားကစားသမားအထူးသဖြင့် ပြေးခုန်ပစ်အားကစားသမား များတွင် အများဆုံးတွေ့ရှိခဲ့ရသဖြင့် ဘရာဇီးနိုင်ငံတွင်ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲတွင် ရုရှားအသင်း ပါဝင်နိုင်ရန်မှာ ခက်ခဲသွားပြီဖြစ်သည်ဟု ဆိုသည်။



# လှိုင်ကော်မြို့တွင် စားသုံးရန်မသင့်တဲ့ စားသောက်ကုန်များနဲ့ ဆေးဝါးများအား မီးရှို့ဖျက်ဆီး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူးရုံးရဲ့ ရက် ၁၀၀စီမံချက်အရ ကယားပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲနဲ့ မုန့်ဆိုင်များ၊ ဈေးများနှင့်ဆေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၃ ရက်က လှိုင်ကော် မြို့ သီရိမင်္ဂလာဈေးအတွင်းမှ သိမ်းဆည်းထားတဲ့ နိုင်ငံတော်မှ တရားဝင် ထုတ်ပြန်တားမြစ်ထားပြီး စားသောက်ရန်မသင့်တဲ့ အစားအသောက်နဲ့ ဆေးဝါးများကို ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ မီးရှို့ ဖျက်ဆီးခဲ့ပါတယ်။

အဆိုပါ စားသောက်ကုန်များတွင် ဆိုးဆေးပါတဲ့ ရွှေဟင်္သာအမှတ်တံဆိပ် ငရုတ်သီး အရောင်တင်မှုန့်၊ မြင်းပျံ အမှတ်တံဆိပ်ဆီတို့ဟူးနဲ့ သက်တမ်းလွန်ဆေးဝါးများ၊ မှတ်ပုံ တင်ထားခြင်းမရှိတဲ့ ဆေးဝါးများ၊ ဆေးဝါး အတုများစသဖြင့် အမျိုးပေါင်း ၉၀ကျော် တန်ဖိုးငွေအားဖြင့် ကျပ်ခြောက်သိန်းခန့်ကို သီရိမင်္ဂလာဈေးကြီးမှာ ပိုင်ရှင်များနဲ့ အများပြည်သူတို့ရဲ့ ရှေ့မှောက်မှာ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပါတယ်။

၎င်းအခမ်းအနားသို့ ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌ ဦးမော်မော်၊ ပြည်နယ် အစိုးရအဖွဲ့နဲ့ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကယားပြည်နယ် စားသုံးသူ ရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ မီဒီယာများ၊ ဈေးသူ/ဈေးသားများ တက်ရောက်ခဲ့ကြပြီး စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဆွေးနွေးပွဲများနဲ့ ကွင်းဆင်းစစ်ဆေးခြင်းများကို မြို့နယ်၊ ရပ်ကွက်၊ ဈေးများနဲ့ ကျေးရွာရှိစာသင်ကျောင်းများတွင် ပြုလုပ်လျက်ရှိကြောင်းသတင်းရရှိပါတယ်။

**လွင်ကိုအောင် - လှိုင်ကော်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဓိက ကန့်သတ်စက်မှု လုပ်ငန်းများအား လိုက်လံစစ်ဆေး

မန္တလေးတိုင်း ဒေသကြီးအတွင်း ရှိ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေနှင့် အညီ မှတ်ပုံတင်ထားရှိတဲ့ အရက်ချက် နဲ့ အရက်ပုလင်းသွင်းလုပ်ငန်း၊ ဘီယာ လုပ်ငန်း၊ ဝိုင်အမျိုးမျိုး ထုတ်လုပ်သည့်လုပ်ငန်း၊ စီးကရက်လုပ်ငန်း၊ ဆေးဝါးလုပ်ငန်းနဲ့ အချိုမှုန့်လုပ်ငန်းများအား မှတ်ပုံတင်ထားသည့် လအလိုက် သက်တမ်းတိုးဆောင်ရွက်ရာတွင် လုပ်ငန်းပိုမိုမြန်ဆန်အောင် ဆောင်ရွက်နိုင်ရန်နှင့် လက်ရှိအခြေအနေမှန်ကို စစ်ဆေးမှုပြုလုပ်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးဆောင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က အဓိကကန့်သတ် စက်မှုလုပ်ငန်း ၁၆ ခု အား ဇွန် ၃ ရက်မှ ၁၄ ရက် အထိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရပါတယ်။

အဆိုပါကွင်းဆင်းစစ်ဆေးရေး အဖွဲ့ကို မန္တလေးတိုင်း ဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ဖြင့် ပူးပေါင်းဖွဲ့စည်းထားကြောင်းသိရသည်။ အဆိုပါအဖွဲ့သည် ဇွန် ၃ ရက်တွင် မတ္တရာမြို့နယ်ရှိ မန္တလေး ရွှေရည် အရက်ချက်လုပ်ငန်း၊ ဒေါ်ထူးထူးတိုင်းရင်းဆေးလုပ်ငန်း၊ ဇွန် ၇ ရက်တွင် ပြင်ဦးလွင်မြို့နယ်ရှိ ငွေနန်းတော်ဝိုင်လုပ်ငန်း၊ Aurora ဝိုင်လုပ်ငန်း၊ အာယုရက္ခိတသွေးဆေး လုပ်ငန်းနှင့် မဟာအောင်မြေမြို့နယ်ရှိ ဦးကျင်ဦး အရက်ပုလင်းသွင်းလုပ်ငန်း၊ ဇွန် ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ နေပြည်တော်ပရဆေးလုပ်ငန်း၊ မော်လမြိုင် ဦးမြင့်အောင် တိုင်းရင်းဆေးလုပ်ငန်းနှင့် အောင်မြေသာ စံမြို့နယ်ရှိ အားသစ်မှန် တိုင်းရင်းဆေးလုပ်ငန်း၊ မိုးပုလဲ တိုင်းရင်းဆေးလုပ်ငန်း၊ ဇွန် ၁၀ ရက်နေ့တွင် ပြည်ကြီး တံခွန်မြို့နယ်ရှိ ရွှေနဂါးတိုင်းရင်းဆေးလုပ်ငန်း၊ ဝုမ်းဝမ် တိုင်းရင်းဆေးလုပ်ငန်းနှင့် ဦးအောင်လွင် အရက်ပုလင်း သွင်းလုပ်ငန်း၊ ဇွန် ၁၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျားမင်းကြီး အရက်ချက်လုပ်ငန်း၊ Myanmar Distiller Co.,Ltd.(MDC) အရက်ချက်လုပ်ငန်းနှင့် မောရိယမန်းဆေး တိုင်းရင်းဆေးလုပ်ငန်းများအား စစ်ဆေးခဲ့ကြောင်း သိရပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူများ အကာအကွယ်ပေးရေးအတွက် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ အသေးစား အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိက ကဏ္ဍ ကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုး တက်ရေးအတွက် ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်စစ်ဆေးခြင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးနှင့် ပတ်သက်၍ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် လက်မှတ်၊ ဆေးဝါးထုတ်လုပ်ခွင့် လက်မှတ်များကိုစစ်ဆေးခြင်း၊ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန မှ အလုပ်သမားနှင့်ပတ်သက်သည့် အကာအကွယ်ပေးမှုများ၊ အလုပ်ချိန်နှင့်ခံစားခွင့်များကို စစ်ဆေးခြင်း၊ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဦးစီးဌာနမှ စက်ရုံတည်ဆောက် လည်ပတ်ခြင်းကြောင့်ဖြစ်ပေါ်လာသည့်လေထုညစ်ညမ်းမှု၊ စွန့်ပစ်ပစ္စည်းနှင့် အနံ့အသက်များကြောင့် ပတ်ဝန်းကျင် ထိခိုက်နစ်နာမှုရှိ/မရှိ စစ်ဆေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံတည်ဆောက်ခွင့်၊ လည်ပတ်ခွင့်နှင့် သက်ဆိုင်ရာဌာန များ၏ ထောက်ခံချက်များအား စစ်ဆေးခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ထမ်းဆောင်မှု အခြေအနေများအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

**စိုးအောင်(မန္တလေး)**

# ကရင်ပြည်နယ် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ် (၁) ရပ်ကွက်ရှိ အ. ထ. က (၁) ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းကို ဇွန် ၉ ရက်နေ့တွင် ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းနဲ့အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ ကျောင်းရှိကျောင်းမုန့်ဈေးတန်းစစ်ဆေးရာတွင် ကျောင်းကျန်းမာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ ပူးပေါင်းပြီး ကျောင်းဈေးသည်များအား လတ်ဆတ်သော၊ သန့်ရှင်းမှုရှိသော၊ အာဟာရပြည့်ဝသော၊ ရက်မလွန်သောမုန့်များရောင်းချပေး ရန်၊ ဆိုးဆေး မသုံးကြရန်၊ သတိပေးခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ပြုလုပ်ခဲ့ပြီး အသိပညာပေးဟောပြောပွဲတွင် ကျောင်းရှိ ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ အားအသိပညာ ဗဟုသုတများရရှိစေရန်၊ ကျန်းမာရေးအသိများ တိုးပွားစေရန် ရှောင်ရန်/ဆောင်ရန်တို့ကိုဟောပြောခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူး ဦးလှဝင်က ဆွေးနွေးရာတွင် စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာများခေါင်းစဉ်ဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန် များအကြောင်း၊ စားသုံးသူတို့လိုက်နာရမည့် အချက်အလက်များအား ရှင်းလင်း ခြင်း၊ ကျောင်းသား/ကျောင်းသူများအနေဖြင့် ရွေးချယ်စားသောက်တတ်ရန်၊ အသိ၊ သတိဖြင့် စားသောက်ကုန်များဝယ်ယူစားသောက်ရန် မှာကြားခြင်းတို့ပြုလုပ်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲ ရေးဦးစီးဌာနမှ ဒေါ်ဖြူရတနာက အစားအသောက်အပိုင်းဆက်လက်ဟောပြောရာတွင် စားသုံးရန်မသင့်/တားမြစ်ထားသောမုန့်များ ဆိုးဆေးများအကြောင်းရှင်းလင်းခြင်း မုန့်တစ်ခုတွင် ပါဝင်ရမည့် အချက်အလက်များအသေးစိတ်ရှင်းပေးခြင်း၊ မိမိတို့မှ သေချာစွာကြည့်ရှုပြီး ဝယ်ယူစားသောက်ကြရန်နှင့် အစားအသောက် ဥပဒေအကြောင်းတို့အား ဆွေးနွေးဟောပြောပြီးနောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ထွန်းမင်းမှ သွေးလွန် တုပ်ကွေးရောဂါ အကြောင်းသိကောင်းစရာများ အသိပညာပေး ဟောပြောခဲ့ကြောင်းသိရှိရပါသည်။

**ခင်ကြည်-ကရင်**

# သာယာဝတီခရိုင် လက်ပံတန်းမြို့ အ• ထ•က (၁) ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး ဆွေးနွေးဟောပြော

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ လက်ပံတန်းမြို့ အ. ထ. က (၁) ကျောင်းတွင် ဇွန် ၁၃ ရက် စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာဆွေးနွေးပွဲ ကျင်းပပြုလုပ်ရာ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးညွန့်သန်း၊ မြို့နယ်တာဝန်ခံ ဦးအောင်ဇော်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာ ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းကျန်းမာရေးအဖွဲ့ဝင်များ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား/သူစုစုပေါင်း အင်အား ၃၁၅ ဦး တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက အဖွင့်အမှာစကားပြောကြားရာတွင်ယခုကဲ့သို့လာရောက် ဟောပြောမှုအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ ကလေးများအနေဖြင့် သေချာနားထောင်၍ မှတ်သားကြရန်၊ မိမိမိသားစုနှင့် မိမိပတ်ဝန်းကျင်ကိုပါ တစ်ဆင့် ပြောပြရန်အမှာစကားပြောကြားခဲ့ပါသည်။ ပထမဦးစွာခရိုင်ဦးစီးမှူး ဦးညွန့်သန်းက စားသုံးသူအကာအကွယ်ပေးရေး စတင်ပေါ်ပေါက်လာပုံနှင့် ဥပဒေဆိုင်ရာ အကြောင်း အရာများ၊ ယခုအချိန်သည် မိုးဦးကျရာသီဖြစ်သောကြောင့် ဝမ်းပျက်စေသည့် လက်သုပ်ချဉ်များ၊ အမှည့်လွန် အသီးများ၊ စတင်ထုတ်လုပ်သည့် ရက်၊ ကုန်ဆုံးရက်မပါသော ပေါင်မုန့်နှင့် ကိတ်မုန့် အမျိုးမျိုးများ၊ ဆိုးဆေးများဖြင့် ပြုလုပ်ထားသော သရက်သီးများ ကို စားသောက်ခြင်း မပြုရန် ဟောပြောခဲ့ပါသည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိုင်း အောင်စိုင်းက လက်သန့် ရှင်ရေးနှင့် ပတ်သက်၍ အစာမစားခင်နှင့် အစာစား ပြီးတိုင်း လက်ကိုစင်ကြယ်စွာ ဆေးရန်နှင့် လက်မသန့်ရှင်းခြင်းကြောင့် လက်မှတစ်ဆင့် ရောဂါပိုးများဝမ်းဗိုက်အတွင်းရောက်ရှိ၍ မလိုလားအပ်သော ရောဂါများရရှိနိုင်ကြောင်း၊ လက်သန့်ရှင်းရေးသည် အရေးကြီး ကြောင်းဆွေးနွေးဟောပြောခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲတွင် ကျောင်းမုန့် ဈေးတန်းဈေးသည်များအား နိုင်ငံပိုင် သတင်း စာများတွင် ကျန်းမာရေး ဌာနမှထုတ်ပြန်ထားသော စားသုံးရန် မသင့်သော အစားအသောက်နှင့် ပတ်သက်သည့်လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်ခိုင်ရီ (စားသုံးသူ)**

# ဘုတလင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူ အသိပညာပေးဆွေးနွေးပွဲကျင်းပ၊ ကျောင်းမုန့်ဈေးတန်းနှင့် မြို့မဈေးအနီး ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးကိုယ်စား မုံရွာမြို့နယ်တာဝန်ခံ ဦးထွန်းလှိုင်၊ ဘုတလင်မြို့နယ် တာဝန်ခံဒေါ်ထိုက်ထိုက်ဝင်း၊ ဘုတလင်မြို့နယ် ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာ ဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ် တိုင်းရင်းဆေး၊ မြဝတီရပ်ကွက်အုပ်ချုပ်ရေးမှူး တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဘုတလင်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းမုန့်ဈေးတန်း၌ ရောင်းချလျက်ရှိသော မုန့်များအား စားသုံးရန်မသင့်သော တားမြစ်ထားသည့် မုန့်များ ရောင်းချခြင်း ရှိ/မရှိကို လည်းကောင်း၊ ဘုတလင်မြို့မဈေးအနီးမှ လက်လီ/လက်ကား ရောင်းချလျက်ရှိသော စားသောက်ကုန်စုံဆိုင် ငါးဆိုင်တို့တွင် စားသုံးရန်မသင့်သော တားမြစ်ထားသည့် မုန့်များရောင်းချနေခြင်း ရှိ/မရှိ ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး စားသုံးသူရေးရာအကာအကွယ်ပေးရေးနှင့် ပတ်သက် ၍ လိုက်နာဆောင်ရွက်သင့်သည်များကို ပညာပေးဆွေးနွေးကာ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော တရားဝင်တားမြစ်ကန့်သတ်ထားသည့် စားသုံးရန် မသင့်သော စားသောက်ကုန်များ စာရင်းကို ဖြန့်ဝေပေးခဲ့ပါသည်။

စစ်ဆေးခံဆိုင်ရှင်များကလည်း ဈေးကွက်တောင်းဆိုမှုအရ ရောင်းချနေရခြင်းဖြစ်ကြောင်းနှင့် ယခုလို သိရှိပြီးနောက် အန္တရာယ်ရှိသော စားသောက်ကုန်များကို ရောင်းချတော့မှာ မဟုတ်ကြောင်း၊ လိုလားစွာ တုံ့ပြန်ပြောကြားပြီး နောင်တွင်လည်း လာရောက် စစ်ဆေးနိုင်ပါကြောင်း ဖိတ်ခေါ်ခဲ့ကြပါသည်။

**ထိုက်ထိုက်ဝင်း (ဘုတလင်)**

# ပခုက္ကူခရိုင်အတွင်းရှိ မြိုင်၊ ရေစကြို၊ ဆိပ်ဖြူမြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေး

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ရုံးမှ ဇွန် ၂ ရက်မှ ၅ ရက်အထိ ပထမပတ်တွင် ပခုက္ကူခရိုင်အတွင်းရှိ မြိုင်၊ ဆိပ်ဖြူ၊ ရေစကြိုမြို့နယ်များသို့ သွားရောက်၍ စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေး ဟောပြောကွင်းဆင်း ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။

ဇွန် ၂ ရက်တွင် ခရိုင်ဦးစီးမှူး ဦးသန်းဦးနဲ့ အဖွဲ့ဝင် ရှစ်ဦးတို့သည် မြိုင်မြို့နယ်ရှိ စိုင်ဂေါင်းကျေးရွာနဲ့ ဒဟတ်ချောက်ကျေးရွာများသို့ လည်းကောင်း၊ ဇွန် ၃ ရက်တွင် ဆိပ်ဖြူမြို့နယ်ရှိမြင်ကဝ၊ ရွာသာအေးရွာရှိ အ. မ. က ကျောင်း၊ ဆူးလေကုန်းရွာရှိ အ. မ. က ကျောင်းတို့တွင်လည်းကောင်း၊ ဇွန် ၄ ရက်တွင် ဦးစီးမှူး ဦးမြင့်ဦးနဲ့ ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းနဲ့ အဖွဲ့ဝင် ၁၀ ဦးတို့က မြိုင်မြို့နယ်ရှိ မကျီးစုရွာနဲ့ ဝါးကန်ရွာတို့တွင် လည်းကောင်း၊ ဇွန် ၅ ရက် တွင် ဦးစီးမှူး ဦးမြင့်ဦး၊ ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းနှင့်အဖွဲ့ဝင် ၁၂ ဦး တို့သည် ရေစကြိုမြို့နယ်ရှိကြူရွာ၊ ဆင်ကြို့ရွာ၊ ဆန်းသစ်ရွာတို့တွင် လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောမှုများကို ပြုလုပ်ဆောင်ရွက်ခဲ့ရာ စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုများရရှိစေရန်၊ ကလေးငယ်များအား မစားသင့်သော အစားအစာများ၊ မုန့်ပဲသရေစာများကို ရှောင်ရှား၍ ဝယ်ယူစားသောက် ကြစေရန် အစရှိသော စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆောင်ရွက်မှုများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ ဆွေးနွေးပွဲသို့ ကျေးရွာသူကျေးရွာသား၊ ကျောင်းသားကျောင်းသူ၊ ကျောင်းသားမိဘများ ဆရာ၊ ဆရာမများ စုစုပေါင်း ၁၁၂၃ ဦး တက်ရောက်၍ လက်ကမ်းစာစောင် ၁၀၆၃ စောင်အား ဖြန့်ဝေခဲ့ပါကြောင်းနဲ့ ဇွန် ပထမပတ်အတွင်း ၁၀ ကြိမ် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**ပပရွှေ(ပခုက္ကူ)**

# ဟားခါးမြို့အတွင်းရှိ ဈေးသစ်ရပ်ကွက်၊ စံပြအဆင့်မြင့်ဘော်ဒါ ဆောင်နေ ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန ချင်းပြည်နယ် ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးဇော်မင်းနှင့် ဝန်ထမ်း ၆ ဦးတို့သည် ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်ရှိ စံပြအဆင့်မြင့်ဘော်ဒါဆောင်နေ ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၁ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ စံပြ အဆင့်မြင့်ဘော်ဒါဆောင်မှ ဆရာ၊ ဆရာမ ၁၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦးခန့်၊ စုစုပေါင်း ၁၆၀ ဦးခန့် တက်ရောက်ခဲ့ပြီး၊ လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များစာရင်း၊ စံမညီမြေပဲဆီများစာရင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်တို့ကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

စားသုံးသူရေးရာဌာနခွဲမှူး ဦးဇော်မင်းက “စားသုံးသူအကာအကွယ်ပေးရေးသမိုင်းကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း” တို့ကို စံပြ အဆင့်မြင့်ဘော်ဒါဆောင်မှဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများအား ပိုမိုရှင်းလင်းနားလည် လွယ်နိုင်အောင် Power Point, Video Clip များဖြင့် ရှင်းလင်းဟောပြောခဲ့ပါသည်။

**ဒေါ်ကြယ် (ဟားခါး)**

# စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ



စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုနှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဇွန်၁၅ရက်တွင် လှိုင်မြို့နယ်၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်းရှိ အော်ဘွန်ဟောနှင့် အော်ဘွန်ပါခမ္မဗိမာန်၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဟောပြောဆွေးနွေးပွဲတွင် ကျောင်းအုပ်ဆရာကြီးဦးလှထွန်းက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံနှင့် လက်ရှိဆောင်ရွက်နေမှု၊ စားသုံးသူ ဆုံးရှုံးမှု၊ နစ်နာမှုများရှိပါက စာ၊ နှုတ်ဖြင့် တိုင်ကြားနိုင်ကြောင်းတို့ကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာကျော့မွန်သန်းက ဌာန၏လုပ်ငန်းဆောင်ရွက်ချက်အဆင့်ဆင့်၊ စားသုံးရန်မသင့်သော အစားအစာများကို ရှောင်ရန်များ၊ စပ်ဆေးများ အလွယ်တကူသုံးစွဲမိပါက ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ လှိုင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ နန်းစုရည်မွန်က မိုးရာသီချိန်တွင် ဖြစ်တတ်သော ဝမ်းပျက်၊ ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့် ရောဂါများ၏ ရောဂါလက္ခဏာများနှင့် ကြိုတင်ကာကွယ်နေထိုင်သင့်ပုံများ၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့မှ ရရှိနိုင်သည့် နောက်ဆက်တွဲရောဂါများနှင့် ကျန်းမာရေး ဆိုင်ရာ အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသည့် ကျောင်းသားများအား မေးခွန်းများမေးမြန်းပြီး ပြန်လည်ဖြေဆိုသည့် ကျောင်းသားများအား ဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ လှိုင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းအုပ်ဆရာကြီးနှင့် အုပ်ချုပ်ရေးမှူးဆရာများ၊ ကျောင်းသားများ စုစုပေါင်းအင်အား ၁၉၉ ဦး တက်ရောက် ခဲ့ကြပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန် ရုံးခွဲ)မှ သန်လျင်မြို့နယ်၊ မြို့မဈေးနှင့် မှော်ဘီမြို့နယ်ရှိမြို့မဈေးတို့တွင် ပြုလုပ်ခဲ့သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးပွဲများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းပါဝင် ဟောပြောဆွေးနွေး ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းများကို ၂၀၁၆ ခုနှစ် ဇွန်လ တတိယပတ်အတွင်း တွံတေးခရိုင်အတွင်း သုံးနေရာ၊ လှည်းကူးခရိုင်အတွင်း လေးနေရာ၊ သန်လျင်ခရိုင်အတွင်း လေးနေရာ၊ အင်းစိန်ခရိုင်အတွင်း ငါးနေရာ စုစုပေါင်း ၁၆ နေရာတို့တွင်လည်း ဆောင်ရွက်ခဲ့ပြီးကြောင်း သတင်းရရှိပါသည်။

**နီလာထွေး (စားသုံးသူ)ရန်ကုန်**

# အေအီးစီနဲ့ တီပီပီတို့မှ ရရှိလာမယ့် အခွင့်အလမ်းများကို ဗီယက်နမ် ပြည်တွင်းဘဏ်များက ကြိုဆို

အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွေမှာ ထိုးဖောက်ဝင်ရောက်ပြီး ဈေးကွက်ချဲ့ထွင်နိုင်ဖို့အတွက် ဗီယက်နမ်ဘဏ်တွေမှာ အခွင့်အလမ်းတွေပိုမို ရရှိလာတယ်လို့ Ernst&Young ရဲ့ အာရှပစိဖိတ်ဒေသအတွက် ဘဏ္ဍာရေး ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုတာဝန်ခံ ဂယ်ရီဟွာကပြောကြောင်း ဗီယက်နမ် နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"ASEAN Economic Community (AEC) and Trans Pacific Partnership: Which Way for Vietnam banks" ဆိုတဲ့ ဆောင်ပုဒ်နဲ့ သတင်းစာရှင်းလင်းပွဲကို ဟန်နွိုင်းမြို့မှာ ယခင်ရက်သတ္တပတ်က ကျင်းပခဲ့ပါတယ်။ ဗီယက်နမ် နိုင်ငံအတွင်းသို့ မတည်ရင်းနှီးငွေများ အမြောက်အမြားစီးဝင်လျက်ရှိရာ ဗီယက်နမ်ဘဏ်များအနေဖြင့် မတည်ငွေများ အမြောက်အမြားကို အသုံးပြုနိုင်မယ့် အခြေအနေကိုရောက်ရှိစေနိုင်ကြောင်း အဆိုပါရှင်းလင်းပွဲမှာ ဟွာကပြောပါတယ်။

"ကမ္ဘာ့တစ်ဝန်းရှိ ဖောက်သည်များရဲ့ လိုအပ်ချက်တွေကိုဖြည့်ဆည်းနိုင်ဖို့အတွက် ပြည်တွင်းဘဏ်တွေက ဝန်ဆောင်မှုအမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းအားဖြင့် ဗီယက်နမ်ဘဏ်တွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးရာမှာ အထောက်အကူဖြစ်စေနိုင်ပါတယ်"လို့ သူကပြောပါတယ်။

ဒါပေမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) နဲ့ ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်မှု (တီပီပီ) သဘောတူစာချုပ်တွေကြောင့် ပြည်တွင်းဘဏ်တွေမှာကြီးမားတဲ့ စိန်ခေါ်မှုတွေဖြစ်လာနိုင်တယ်လို့လည်း သူကပြောပါတယ်။

ဗီယက်နမ်ဘဏ်အများစုမှာ ငွေကြေးရရှိဖို့အခက်အခဲတွေနဲ့ ရင်ဆိုင်နေရကြောင်းနဲ့ ဒေသတွင်းရှိ တခြား နိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်နိုင်ဖို့အတွက် နည်းပညာဆိုင်ရာ ကြံ့ခိုင်မှုရှိဖို့လိုအပ်ကြောင်း သူကပြောပါတယ်။

ထူထောင်စလုပ်ငန်းများအတွက် ကုန်ကျစရိတ်သက်သာတဲ့ ဒစ်ဂျစ်တယ် အစီအစဉ်တွေဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် အသေးစားဘဏ်ကလေးများအနေဖြင့် ဒစ်ဂျစ်တယ်စနစ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ဖို့လိုကြောင်း သူက အကြံပြုပါတယ်။ မကြာသေး မီနှစ်များအတွင်း Fintech လို့ခေါ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာများအရှိန်အဟုန်နဲ့ ထွန်းကားလာတဲ့အတွက် နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို ကုန်ကျစရိတ်သက်သာစွာ ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း သူကပြောပါတယ်။

# အာဆီယံဒေသက တောင်ကိုရီးယားခရီးသည်များကို ဆွဲဆောင်ဖို့ ကြိုးပမ်း

(၁၁)ကြိမ်မြောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းပြပွဲကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ COEX ကွန်ဗင်းရှင်းစင်တာမှာ ဇွန် ၉ ရက်မှ ၁၂ ရက်အထိကျင်းပခဲ့ရာ အဆိုပါ ကုန်စည်ပြပွဲမှာ အာဆီယံ ကိုရီးယားစင်တာရဲ့ ပြပွဲခန်းမဆောင်မှာလည်း ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ခရီးသွားလုပ်ငန်းအစီအစဉ်တွေကို ပြသထားကြောင်း ကိုရီးယားတိုင်းမ်သတင်းမှာ ဖော်ပြထားပါတယ်။




အာဆီယံ-ကိုရီးယားစင်တာက ၂၀၁၃ ခုနှစ်ကစပြီး ပြပွဲမှာ ပါဝင်ပြသခဲ့ပါတယ်။ အာဆီယံဒေသကို ကိုရီးယားလူမျိုးများရဲ့ ခရီးသွားဒေသအဖြစ် မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက ဆိုးလ်မြို့သို့လာရောက်ပြီး ပြပွဲကိုတက်ရောက်ခဲ့ကြပါတယ်။

"၂၀၁၅ ခုနှစ် ဒီဇင်ဘာမှာ အာဆီယံအသိုက်အဝန်းကို ထူထောင်ပြီးချိန်မှစပြီး အာဆီယံနဲ့ ဆက်ဆံရေးက အဓိကဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်လာပါတယ်။ အာဆီယံကို တစ်ခုတည်းသော ခရီးသွားဒေသအဖြစ် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်အောင် ဆောင်ရွက်ရေးနဲ့ နိုင်ငံဖြတ်ကျော် သဘာဝအခြေခံခရီးသွားလုပ်ငန်း အစုအဖွဲ့များဖော်ဆောင်ရေးက အာဆီယံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူပေးလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"လို့ အာဆီယံ-ကိုရီးယားစင်တာရဲ့ အထွေထွေအတွင်းရေးမှူး ကင်ယန်းဆန်က ပြောပါတယ်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းက ရေရှည်တည်တံ့ပြီး ခရီးသွားလုပ်ငန်းအလုံးစုံ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေတဲ့အတွက် ပြည်သူလူထုအခြေခံ ရေရှည်တည်တံ့မယ့်အာဆီယံဒေသဖွံ့ဖြိုးမှုကိုအထောက်အကူ ဖြစ်စေနိုင်ကြောင်း အာဆီယံ-ကိုရီးယားစင်တာက ပြောပါ တယ်။

အာဆီယံ ခရီးသွားလုပ်ငန်းအသင်းက ဦးဆောင်ပြီး "Visit ASEAN@50 Golden Celebration" ဆိုတဲ့ ခရီးသွားလုပ်ငန်းလှုံ့ဆော်မှုတစ်ခုကို ဇွန် ၉ ရက်က ဖွင့်လှစ်ခဲ့ရာ အခမ်း အနားသို့ မလေးရှားခရီးသွားလုပ်ငန်းနဲ့ ယဉ်ကျေးမှုဒုတိယဝန်ကြီး မတ်စ် အာမီယာတီဆမ်ဆူဒင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြန်ကြားရေး ယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန လက်အောက်ရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဆောင်းမန်နီဖောင်တို့ တက်ရောက်ခဲ့ကြပါတယ်။

ကိုရီးယားနိုင်ငံနဲ့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့ ဆက်ဆံရေးမြှင့်တင်ဖို့အတွက် အာဆီယံ-ကိုရီးယားစင်တာကို ၂၀၀၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အစိုးရအချင်းချင်း အပြန်အလှန်ဆက်ဆံရေးကို ဖော်ဆောင်ပေးတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# တောင်တရုတ်ပင်လယ် အငြင်းပွားမှုကြောင့် အာဆီယံ-တရုတ် ဆွေးနွေးပွဲများ ကသောင်းကနင်းဖြစ်

အာဆီယံနဲ့ တရုတ်နိုင်ငံတို့ ဆွေးနွေးဖက်ဆက်ဆံရေး ၂၅ နှစ်မြောက်အဖြစ် ကျင်းပတဲ့ အစည်းအဝေးမှာ နှစ်ဦးနှစ်ဖက်သဘောတူညီမှု မရခဲ့ကြောင်း အင်ကွာရာသတင်းမှာ ဖော်ပြ ပါတယ်။

တရုတ်နိုင်ငံ ကူမင်းမြို့မှာ ဇွန် ၁၄ ရက်က ကျင်းပခဲ့တဲ့ အထူးအစည်းအဝေးမှာ တောင်တရုတ်ပင်လယ် ပိုင်နက် နယ်မြေအငြင်းပွားမှုက ဆွေးနွေးပွဲရဲ့ အဓိကအကြောင်းအရင်းဖြစ်လာပြီး နှစ်ဖက်တင်ပြချက်တွေက ဆန့်ကျင်ကွဲလွဲမှုတွေ ရှိလာပါတယ်။

ဆန့်ကျင်ကွဲလွဲမှုတွေ ကျယ်ပြန့်လာတဲ့အတွက် မူလကစီစဉ်ထားတဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ဆောင်ရွက်နိုင်ခြင်းမရှိတော့ဘဲ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီကသာ သတင်းစာရှင်းလင်းပွဲကို ကျင်းပနိုင်ခဲ့ပါတယ်။ အာဆီယံအတွက် ယခုအစည်းအဝေးက "သံတမန်ရေးအရ ဆုံးရှုံးမှု" (Diplomatic Fiasco) အဖြစ် အဆုံးသတ်ခဲ့ရကြောင်း၊ အိုင်ဆီး-ယူဆွတ်အီရှတ်အင်စတီကျုမှ လေ့လာဆန်းစစ်ရေးမှူး အီယန်စတိုရီက ပြောပါတယ်။

အစည်းအဝေးရဲ့ ရလဒ်များနဲ့ ပတ်သက်ပြီး အာဆီယံကြေညာချက်ကို မလေးရှားနိုင်ငံက ဇွန် ၁၄ ရက်ညနေပိုင်းက ထုတ်ပြန်ခဲ့ပါတယ်။သို့သော် တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ အကူအညီကို မှီခိုနေရတဲ့ လာအိုနဲ့ ကမ္ဘောဒီးယားတို့က အဆိုပါကြေညာချက်ကို ကန့်ကွက်မှုရှိခဲ့တယ်လို့ ခန့်မှန်းကြပါ တယ်။

မီဒီယာများ သို့ပေးခဲ့တဲ့ အချက်အလက်များမှာ "Media Guideline" သာဖြစ်ပြီး ထုတ်ပြန်ကြေညာချက် မဟုတ်ကြောင်း အင်ဒိုနီးရှားပြောရေးဆိုခွင့်ရှိသူကလည်း စထရိတ်တိုင်းမ်သတင်းကို ပြောပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတို့က နိုင်ငံတစ်နိုင်ငံချင်းအလိုက် သီးခြားကြေညာချက်များကို ထုတ်ပြန်ဖို့ သဘောတူညီခဲ့ကြပေမယ့် ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ စင်ကာပူတို့သာလျှင် ကြေညာချက်များ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

# ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် စေ့စပ်ညှိနှိုင်းမှုကို အာဆီယံက အရှိန်မြှင့်ဆောင်ရွက်

ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုမြှင့်တင်ရေးအတွက် ရည်မှန်းဆောင်ရွက်ထားတဲ့ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်ကို ယခုနှစ်အတွင်းအပြီးသတ် ချုပ်ဆိုနိုင်အောင်ဆောင်ရွက်မည်ဖြစ်ရာ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) က စေ့စပ် ညှိနှိုင်းမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမယ်လို့ ထိုင်းနိုင်ငံ ထိပ်တန်းစေ့စပ်ညှိနှိုင်းရေးမှူးတစ်ဦးက ပြောကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါ တယ်။

(၁၃)ကြိမ်မြောက်ဒေသဆိုင်ရာ ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းမှုကော်မတီအစည်းအဝေးကို ဇွန် ၁၂ ရက်နဲ့ ၁၃ရက်က နယူးဇီလန်နိုင်ငံ အော့ကလန်မြို့မှာ ကျင်းပခဲ့ပါတယ်။

ယခုနှစ်ကုန်ပိုင်းမှာ အာဆီယံနဲ့ ဆွေးနွေးဖက်ခြောက်နိုင်ငံတို့အစည်းအဝေးကိုကျင်းပမှာဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေးမှာ သဘောတူစာချုပ်မူကြမ်းကိုတင်ပြနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအနေနဲ့ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်တယ် ဆိုတဲ့ အချက်ကို အာဆီယံနိုင်ငံများက သဘောတူ လက်ခံထားပြီးဖြစ်ကြောင်း ထိုင်းကုန်သွယ်မှု ညှိနှိုင်းဆွေးနွေးရေးဌာန ဒုတိယအကြီး အကဲ ရွှန်နာရောင်း ပွန်ပီပက်က ပြောပါတယ်။

"ယခုနှစ်အတွင်း စေ့စပ်ညှိနှိုင်းမှုတွေ အပြီးသတ်ဆောင်ရွက်ရေးဟာ RCEP နိုင်ငံများအတွက် အရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်။ ဆွေးနွေးပွဲတွေက မကြာမီ အပြီးသတ် ဆောင်ရွက်ဖို့အတွက် အကူအညီပေးမယ်လို့လည်း အာဆီယံက သဘောတူထားပါတယ်" လို့ သူကပြောပါတယ်။

ဆွေးနွေးခဲ့တဲ့ပြဿနာတွေထဲမှာ ကုန်ပစ္စည်း၊ ဝန်ဆောင်မှု ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံဖြေလျှော့ရေး၊ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်ဥပဒေများ၊ ပင်ရင်းနိုင်ငံစည်းမျဉ်း၊ အကောက်ခွန်လုပ်ထုံးလုပ်နည်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ သန့်ရှင်းရေးနဲ့ ပိုးမွှားကင်းစင်ရေးစံနှုန်းများ၊ နည်းပညာအတားအဆီးများ၊ အီလက်ထရွန်းနစ်ကောမတ်စ်၊ ဘဏ္ဍာရေး၊ တယ်လီကွန်ဆက်သွယ်ရေးနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးစတဲ့ ကိစ္စရပ်တွေပါဝင်ကြောင်း ရွှန်နာရောင်းကပြောပါတယ်။

# ဖိလစ်ပိုင်အစိုးရက ကြိုးနီစနစ်ကို လျှော့ချမည်

စီးပွားရေးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး အရေးပါခြင်းမရှိတော့တဲ့ ဥပဒေပြဋ္ဌာန်းချက်များ၊ နည်းဥပဒေများကိုဖယ်ရှားပေးဖို့ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားယှဉ်ပြိုင်မှုစွမ်းရည်ကောင်စီ (NCC) နဲ့ အခြားသက်ဆိုင်ရာ အစိုးရအေဂျင်စီခုနစ်ခုတို့က ပြင်ဆင်လျက်ရှိကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

အမျိုးသား ယှဉ်ပြိုင်မှုစွမ်းရည်ကောင်စီက အခြားအေဂျင်စီခုနစ်ခုနဲ့ ပူးပေါင်းပြီး Project Repeal ဆိုတဲ့ အဆိုပြုချက်ကို ဇွန် ၁၃ ရက်က တင်သွင်းခဲ့ပါတယ်။ တင်ပြတဲ့ အဆိုပြုချက်အရ စီးပွားရေးအတွက် မလိုအပ်တော့တဲ့ သို့မဟုတ် အရေးမပါတော့တဲ့ပြဋ္ဌာန်းချက်တွေ သို့မဟုတ် စည်းမျဉ်းတွေ ပယ်ဖျက်ပေးဖို့ ကတိပြုထားပါတယ်။

ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဘတ်ဂျက်နဲ့ စီမံခန့်ခွဲမှုဝန်ကြီးဌာန၊ ခရီးသွားဝန်ကြီးဌာန၊ အာမခံစာချုပ်များနဲ့ စတော့ဒိုင်ကော်မရှင်နဲ့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်မှုနဲ့ ကြီးကြပ်ရေးဘုတ်အဖွဲ့တို့က သက်ဆိုင်ရာ အေဂျင်စီတွေမှာရှိတဲ့ မလိုအပ်တော့တဲ့ ကုန်ကျစရိတ်များတဲ့ ခေတ်မမီတော့တဲ့ စည်းမျဉ်းများကို ပယ်ဖျက်ပေးပြီး ကြီးကြပ်ရေးဆိုင်ရာကုန်ကျစရိတ်တွေကို လျှော့ချပေးဖို့ ကတိပြုခဲ့ကြပါတယ်။

ပြန်လည်သုံးသပ်နိုင်ဖို့အတွက် Project Repeal နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီက အစိုးရအေဂျင်စီခုနစ်ခုမှ ကနဦးတင်ပြတဲ့ ဥပဒေများနဲ့ ထုတ်ပြန်ကြေညာချက် စုစုပေါင်း ၁၇၃၈၈ ခုရှိကြောင်း အမျိုးသားယှဉ်ပြိုင်မှု စွမ်းရည်ကော်မတီ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ပူးတွဲဥက္ကဋ္ဌ ဘီလ်လုစ်က ပြောပါတယ်။

"ကော်မတီကို တင်ပြခဲ့တဲ့ တချို့စည်းမျဉ်းဥပဒေတွေက ခေသဟာယနဲ့ စစ်အုပ်ချုပ်ရေးခေတ်က စည်းမျဉ်းဥပဒေတွေ ဖြစ်ပါတယ်။ တခြားအေဂျင်စီတွေနဲ့ ပြည်သူ့လုပ်ငန်းအဖွဲ့အစည်းတွေက ဆက်လက်ပြီး အဆိုပြုချက်တွေ တင်သွင်းဦးမှာဖြစ်တဲ့အတွက် ယခုတင်ပြတဲ့စာရင်းမှာ ထပ်တိုးလာဦးမယ်လို့ အမျိုးသားယှဉ်ပြိုင်မှုစွမ်းရည်ကော်မတီက ခန့်မှန်းထားပါတယ်" လို့ လုစ်က ပြောပါတယ်။

# ဗီယက်နမ်နိုင်ငံက ပန်းမန်တင်ပို့မှုကို မြှင့်တင်သွားမည်

ပန်းမန်စိုက်ပျိုးနိုင်တဲ့ ဧရိယာကျယ်ပြန့်စွာရှိနေတဲ့အတွက် ဗီယက်နမ်နိုင်ငံက ကမ္ဘာပေါ်မှာ ပန်းမန်အများဆုံးတင်ပို့တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာမယ့် အလားအလာများရှိနေတယ်လို့ ကျွမ်းကျင်သူများက ပြောကြားကြောင်း ဗီယက်နမ်နယူးစ်သတင်း အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။



ဗီယက်နမ်မှာ ပန်းမန်စိုက်ပျိုးတဲ့ ဧရိယာက ဥရောပသမဂ္ဂ (အီးယူ)မှာ ပဥ္စမအကြီးမားဆုံး ဖြစ်တဲ့ စပိန်နိုင်ငံရဲ့ ပန်းမန်စိုက်ပျိုးတဲ့ ဧရိယာနဲ့ ညီမျှကြောင်း RMIT တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ငုယင်ကောက်ဗောင်က ပြောပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ နေရာတိုင်းမှာ ပန်းမန်စိုက်ပျိုးလို့ရပါတယ်။ ဒါပေမယ့် ပျမ်းမျှအပူချိန် ၂၀ ဒီဂရီရှိတဲ့ မော့ချောနဲ့ ဒါးလက်ဒေသတွေက ပန်းမန် စိုက်ပျိုးလို့ အကောင်းဆုံးဒေသတွေဖြစ်ကြောင်း သူကပြောပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းရဲ့ ဖွဲ့စည်းပုံကို ပြန်လည်ပြင်ဆင်ရာမှာ ပန်းမန်လုပ်ငန်းက အဓိကကျတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်လို့ သီးနှံထုတ်လုပ်ရေးဌာနရဲ့ ဒုတိယညွှန်ကြားရေးမှူး ထရန်ဇူအန်ဒင်းက ပြောပါတယ်။

၂၀၁၅ခုနှစ်က အလှဆင်ပန်းမန်စိုက်ပျိုးဧရိယာက ဟက်တာ ၂၃၀၀၀ ရှိခဲ့ပြီး ဝင်ငွေက ဗီယက်နမ်ဒေါင်သန်း ၃၀၀ (အမေရိကန်ဒေါ်လာ ၁၃၄၅၂) ရရှိခဲ့တဲ့အတွက် ဆန်စိုက်ပျိုးရာမှ ရရှိငွေရဲ့ ၁၀ ဆကျော်ပိုမိုရရှိပါတယ်။ ခေတ်မီအဆင့်မြင့်ပုံစံတွေ ကို အသုံးပြုစိုက်ပျိုးတဲ့ တချို့နေရာတွေမှာ ဗီယက်နမ် ဒေါင်သန်း ၈၀၀ ကနေ ၂ ဒသမ ၅ ဘီလီယံအထိ ဝင်ငွေရှိကြောင်း သူကပြောပါတယ်။

သီးနှံစိုက်ပျိုးရေးဌာနရဲ့ စာရင်းများအရ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်း ပန်းမန်စိုက်ပျိုးတဲ့ ဧရိယာက ၂ ဒသမ ၃ ဆမြင့်တက်ပြီး အထွက်က ၇ ဒသမ ၂ ဆအထိမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ အထွက်တန်ဖိုးက ဗီယက်နမ် ဒေါင် ၆ ဒသမ ၅ ထရီလီယံရှိပါတယ်။ ဒါပေမယ့် ပန်းမန်ပို့ကုန်တန်ဖိုးက တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း ၅၀ သာရှိတဲ့အတွက် နိုင်ငံရဲ့ထုတ်လုပ်နိုင်စွမ်းရှိတဲ့ အလားအလာကို ပြည့်မီအောင်တင်ပို့နိုင်ခြင်းမရှိသေးကြောင်း ဒင်းကပြောပါတယ်။

ပန်းမန်ကို စိုက်ပျိုးလုပ်ကိုင်နေတဲ့ မိသားစုအများစုက စိုက်ပျိုးရေးနည်းပညာတွေကို မြှင့်တင်အသုံးချနိုင်ခြင်း မရှိသေးခြင်း၊ စိုက်ပျိုးလုပ်ကိုင်နိုင်တဲ့ အတိုင်းအတာပမာဏသေးငယ်နေခြင်းစတဲ့ အချက်တွေကြောင့် ထုတ်လုပ်နိုင်တဲ့တန်ဖိုးက နိမ့်ကျနေဆဲဖြစ်ပါတယ်။ ပန်းမန်စိုက်ပျိုးတဲ့ တောင်သူတွေနဲ့ ကုမ္ပဏီတွေရဲ့ ချိတ်ဆက်နိုင်မှုအင်အားနည်းနေသေးတဲ့အတွက် အရည်အသွေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့နဲ့ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် တန်ဖိုးကွင်း ဆက်ကောင်းမွန်စွာမရှိသေးကြောင်း ကျွမ်းကျင်သူတွေက ပြောပါတယ်။

# ပို့ကုန်မြှင့်တင်ရေးအတွက် ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံကိန်းချမှတ်

ယခုနှစ်ရဲ့ လက်ကျန်ကာလတွေမှာ ဆောင်ရွက်ရမယ့် ပို့ကုန်မြှင့်တင်ရေးစီမံကိန်းကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာကဏ္ဍများနဲ့ တွေ့ဆုံသွားမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ပို့ကုန်မြှင့်တင်ရေး မဟာဗျူဟာချမှတ်နိုင်ရေးအတွက် ဝန်ကြီးဌာနက ပို့ကုန်ကဏ္ဍရှိ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ရှေးဦးစွာ တွေ့ဆုံသွားမှာဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ပို့ကုန်မြှင့်တင်ရေးဌာနညွှန်ကြားရေးမှူးချုပ် မာလီးချုပ်ကလန်လတ်က ပြောပါတယ်။

ဝန်ကြီးဌာနက လယ်ယာစိုက်ပျိုးရေးနဲ့ စားနပ်ရိက္ခာ၊ လျှပ်စစ်အသုံးအဆောင်နဲ့ အစိတ်အပိုင်းများ၊ မော်တော်ကားနဲ့ အစိတ်အပိုင်းများ၊ ချည်မျှင်နဲ့အထည်ချုပ်လုပ်ငန်း၊ ကျောက်သံပတ္တမြားနဲ့ လက်ဝတ်ရတနာ၊ ဆောက်လုပ်ရေး၊ ကျန်းမာရေး နဲ့ လူနေမှုပုံစံစတဲ့ လုပ်ငန်းများမှ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးမှာ ဖြစ်ပါတယ်။

ယခုနှစ် ဒုတိယနှစ်ဝက်မှာ နိုင်ငံကြီးများနဲ့ ထွန်းသစ်စဈေးကွက်နှစ်ခုစလုံးမှာရှိတဲ့ ပို့ကုန်လုပ်ငန်းများကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း မာလီးက ပြောပါတယ်။ ဝန်ကြီးချုပ်နဲ့ ဒုတိယဝန်ကြီးချုပ်တို့ တခြားနိုင်ငံတွေကို သွားရောက်လည်ပတ်ချိန်မှာ အ ဆိုပါနိုင်ငံများရှိ ခရီးသွားလုပ်ငန်းရှင်များနဲ့ စီးပွားရေးလုပ်ငန်းတစ်ခုနှင့် တစ်ခု တွေ့ဆုံပွဲ (Business-matching) တွေကို ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း မာလီးကပြောပါတယ်။

ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ရည်မှန်းချက်ထားပြီးဆောင်ရွက်တဲ့ နိုင်ငံတွေထဲမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်အပါအဝင် အာဆီယံနိုင်ငံတွေ၊ တရုတ်နဲ့ အိန္ဒိယစတဲ့နိုင်ငံတွေ ပါဝင်ပါတယ်။ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအများအပြားမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် ဒုတိယနှစ်ဝက်မှာ ပို့ကုန်လုပ်ငန်းတွေဖွံ့ဖြိုးလာမှာ ဖြစ်ကြောင်း မာလီးက ပြောပါတယ်။

ဥရောပသမဂ္ဂ (အီးယူ) ရဲ့ စီးပွားရေးအခြေအနေကတော့ အပြောင်းအလဲရှိမှာ မဟုတ်ကြောင်း မာလီးက ပြောပါတယ်။ ရေနံဈေးနှုန်းတွေ မြင့်တက်လာတဲ့အတွက် အရှေ့အလယ်ပိုင်းနိုင်ငံများရဲ့ စီးပွားရေးကလည်း ပြန်လည်နာလန်ထူလာပြီး ဝယ်လိုအားမြင့်တက်လာနိုင်ကြောင်းနဲ့ ထိုင်းပို့ကုန်လုပ်ငန်းကိုလည်း အကျိုးဖြစ်ထွန်းစေနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ယခုနှစ်အတွင်း ထိုင်းစီးပွားရေး ဖွံ့ဖြိုးမှုနှုန်းက ၅ ရာခိုင်နှုန်းရှိပါတယ်။

# အစားအစာဈေးနှုန်းကို ထိန်းချုပ်မယ်လို့ အင်ဒိုနီးရှားအစိုးရက အာမခံချက်ပေး

အင်ဒိုနီးရှားနိုင်ငံမှာ ၂၀၁၆ ခုနှစ် ဇွန်လလယ်အထိ ကုန်စည်အများအပြားရဲ့ ဈေးနှုန်းတွေ ထူးထူးခြားခြား မြင့်တက်မှုမရှိခဲ့ပေမယ့် ဥပုသ်ထွက်လနောက်ပိုင်း ပွဲတော်ရက်တွေမတိုင်မီ အစားအစာဈေးနှုန်းတွေကို ထိန်းချုပ်ထားနိုင်ဖို့အတွက် အစိုးရကကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"အခြေအနေကို ထိန်းချုပ်ထားနိုင်ပြီဖြစ်လို့ အစားအစာ ဈေးနှုန်းတွေက ဒီထက်ပိုတက်တော့မှာ မဟုတ်ပါဘူး" လို့ ဇွန် ၁၅ ရက်မှာ ကျင်းပတဲ့ အစားအစာဈေးနှုန်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုအစည်းအဝေးကို ဦးစီးကျင်းပပြီး နောက်ပိုင်းစီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး ဒါမင်နာဆုရှင်းက ပြောပါတယ်။

နိုင်ငံအတွင်းရှိဒေသအတော်များများမှာ ငရုတ်သီး၊ ကြက်သွန်နီ၊ စားသုံးဆီနဲ့ ဆန်အပါအဝင် စားသောက်ကုန်ဈေးနှုန်းတွေက လွန်ခဲ့တဲ့ရက်အနည်းငယ်အတွင်းမှာ ကျဆင်းခဲ့ပါတယ်။ အစိုးရက အမဲသား၊ ကြက်သားနဲ့ ဥများအပါအဝင် အခြားကုန်စည်များရဲ့ ဈေးနှုန်းများကိုလည်း အစိုးရက စောင့်ကြည့် လေ့လာလျက်ရှိနေပါတယ်။ ဈေးနှုန်းတွေ ကျဆင်းနေတယ်ဆိုပေမယ့် လုံးဝတည်ငြိမ်သွားပြီလို့ မဆိုနိုင်သေးကြောင်း သူကပြောပါတယ်။

သကြားဈေးနှုန်းက မြင့်တက်နေဆဲဖြစ်ပါတယ်။ ဖြန့်ချိရေးကွန်ရက်အဟန့်အတားတွေ ဖြစ်ပေါ်နေတဲ့အတွက် ရောင်းလိုအား ကျဆင်းပြီး ဇွန်ဒုတိယရက်သတ္တပတ်မှာ သကြားဈေးက ၅ ဒသမ ၆၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။

"အမျိုးသားထောက်ပံ့ပို့ဆောင်ရေးဘုတ်အဖွဲ့ဖြစ်တဲ့ ဘူးလော့က နိုင်ငံပိုင်ခြံကြီးများမှာရှိတဲ့ သကြားတွေကို ဝယ်ယူစုဆောင်းဖို့ နည်းကုန်လမ်းကုန်ကြိုးပမ်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် နည်းပညာဆိုင်ရာပြဿနာတွေရှိနေတဲ့အတွက် တခြားဒေသတွေကို သယ်ယူပေးပို့ရာမှာ အခက်အခဲတွေရှိနေပါတယ်။ ဘူးလော့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေ အပြည့်အဝအောင်မြင်မှုမရှိပေမယ့် ကုန်စည်ဈေးနှုန်းတွေကတော့ ထပ်တက်လာတာမတွေ့ရတော့ပါဘူး"လို့ သူကပြောပါတယ်။

ဥပုသ်လွန်ပွဲတော် မတိုင်မီ အစားအစာဈေးနှုန်းတွေ တည်ငြိမ်အောင်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေက အောင်မြင်လိမ့်မယ်လို့ ဝန်ကြီးက ရှုမြင်ထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### စင်ကာပူ

အီလက်ထရွန်းနစ်မဟုတ်တဲ့ ပို့ကုန်များပြည်ပတင်ပို့မှုမြင့်တက်လာတဲ့အတွက်စင်ကာပူနိုင်ငံရဲ့ မေပြည်ပပို့ကုန်က ရုတ်တရက်မြင့်တက်လာခဲ့ကြောင်း International Enterprise (IE) Singapore ရဲ့ ဇွန် ၁၇ ရက်က ထုတ်ပြန်တဲ့ ကိန်းဂဏန်းမျာကို ကိုးကားပြီးချန်နယ်နယူးအေရှသတင်းမှာ ဖော်ပြပါတယ်။စင်ကာပူနိုင်ငံရဲ့ ထိပ်တန်းပို့ကုန် ၁၀ နိုင်ငံအနက်တောင်ကိုရီးယား၊ ဥရောပသမဂ္ဂနဲ့ ဟောင်ကောင်တို့ အပါအဝင် ဈေးကွက်ခုနစ်ခုသို့ တင်ပို့မှုကျဆင်းခဲ့ပါတယ်။

### ဖိလစ်ပိုင်

၂၀၂၁ ခုနှစ်မှာ မြန်မာ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဖိလစ်ပိုင်နိုင်ငံတို့နှင့်အတူ ဗီယက်နမ်နိုင်ငံက အရှေ့တောင်အာရှမှာ မိုဘိုင်းဘရော့ဘင်သုံးစွဲသူဦးရေ တိုးတက်မှုအများဆုံးနိုင်ငံများထဲမှာ ပါဝင်မှာဖြစ်ကြောင်း အီရစ်ဆန်ကုမ္ပဏီကနောက်ဆုံးထုတ်ပြန်တဲ့ မိုဘိုင်းအစီရင်ခံစာနဲ့ အရှေ့တောင်အာရှအိုးရှင်းနီးယား အစီရင်ခံစာကိုကိုးကားပြီး ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

### မနီလာ

ဘဏ္ဍာရေးအလုံးစုံပါဝင်ရေး အမျိုးသားမဟာဗျူဟာကိုအကောင်အထည်ဖော်မယ့် ဘဏ္ဍာရေးအလုံးစုံပါဝင်ရေး ကြီးကြပ်မှုကော်မတီကို သမ္မတအာကွီနိုက လက်မှတ်ရေးထိုးဖွဲ့စည်းပေးခဲ့ပြီးနောက် ဘဏ္ဍာရေးဝန်ဆောင်မှုများကို ဖိလစ်ပိုင်လူမျိုးအများစုက အသုံးချနိုင်တော့မယ်လို့ ဖိလစ်ပိုင်ဗဟိုဘဏ်က ပြောကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

တောင်ကိုရီးယား နိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်းခိုင်မာတိုးတက်စေရေးကွန်ဖရင့်ကို သမ္မတပတ်ဂွင်ဟေးက ဦးစီး ကျင်းပခဲ့ပြီး အလုပ်အကိုင်ဖန်တီးရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိုလှုံ့ဆော်အားပေးနိုင်ရေး အတွက် အဆိုပါ လုပ်ငန်းကဏ္ဍတွေကို မြှင့်တင်ပေးဖို့ကတိပြုခဲ့ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## EU

# ဗြိတိန်နိုင်ငံ အီးယူမှ ထွက်ခွာမယ်ဆိုပါက အီးစီဘီက ဈေးကွက်ကို ကျားကန်ပေးဖို့ ကတိပြု

ဗြိတိန်နိုင်ငံ ဆန္ဒခံယူပွဲတွင် ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ ထွက်ခွာဖို့ မဲပေးဆုံးဖြတ်မယ်ဆိုပါက ဥရောပဗဟိုဘဏ်(အီးစီဘီ)က အင်္ဂလန်ဘဏ် (Bank of England) နဲ့ လက်တွဲပြီး ဈေးကွက်များကို ကျားကန်ပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ရိုက်တာသတင်းဌာနကိုပြောပါတယ်။

ဇွန် ၂၃ ရက်မှာ ပြုလုပ်မယ့် ဆန္ဒခံယူပွဲက ကုန်သွယ်မှုနဲ့ ကမ္ဘာ့ရေးရာတွေမှာ ဗြိတိန်နိုင်ငံရဲ့ အနာဂတ်ကို အဆုံးအဖြတ်ပေးမှာဖြစ်သလို အီးယူရဲ့ အနေအထားကိုလည်းပုံဖော်ပေးမှာ ဖြစ်ပါတယ်။ အီးစီဘီရဲ့ ယခုကဲ့သို့ အရေးယူ ပြင်ဆင်မှုကလည်း ဗြိတိန်နိုင်ငံဆန္ဒခံယူပွဲနဲ့ ပတ်သက်ပြီး တပ်လှန့်ထားမှု အနေအထားကို ရောင်ပြန်ဟပ် ပြသလျက်ရှိနေပါတယ်။ အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မည်ဆိုပါက အီးယူအဖွဲ့ကြီးတစ်ခုလုံး စီးပွားရေးဆုတ်ကပ်အတွင်း ကျရောက်မှာကို စိုးရိမ်မှုကြောင့် ဗြိတိန်ငွေကြေးစတာလင်ပေါင်နဲ့ ယူရိုငွေကြေးတို့ရဲ့တန်ဖိုးတွေ ကျဆင်းခဲ့ပါတယ်။

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေးအတွက် ဗြိတိသျှမဲပေးသူတို့ရဲ့ ဆုံးဖြတ်ချက်က ဘယ်လိုရလဒ်မျိုး ထွက်ပေါ်လာပါစေ ဇွန် ၂၄ ရက်မှာ အီးစီဘီက ကြေညာချက်တစ်ခုကို ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို ထိန်းထားဖို့နဲ့ ဈေးကွက် ကသောင်းကနင်းဖြစ်မှုတွေ ပိုမိုဆိုးရွားမလာအောင် ထိန်းသိမ်းပေးဖို့ ဖြစ်ပါတယ်။

အီးစီဘီက ဆောင်ရွက်ပေးမယ့် လုပ်ငန်းတွေထဲမှာ အီးစီဘီနဲ့ အင်္ဂလန်ဘဏ်တို့အချင်းချင်းငွေကြေးဖလှယ်မှု လမ်းကြောင်းတည်ဆောက်ဖို့နဲ့ ဥရောပဘဏ်တွေမှာ ယူရိုနဲ့ စတာလင်ပေါင် နှစ်ခုစလုံးကို အကန့်အသတ်မရှိ ရရှိနိုင်အောင် ယူရိုနဲ့ စတာလင်ပေါင်ကို ဖလှယ်ခွင့်ပေးဖို့ဆိုတဲ့ အချက်တွေ ပါဝင်ပါတယ်။ အီးစီဘီနဲ့ အင်္ဂလန်ဘဏ်တို့က တစ်စုံတစ်ရာဝေဖန်ပြောကြားခြင်းမရှိပါဘူး။

## East Asia

# ပြည်သူ့ကဏ္ဍပြုပြင်ပြောင်းလဲရေး ဆက်လက်ဆောင်ရွက်ဖို့ တောင်ကိုရီးယားသမ္မတ တိုက်တွန်း



ပြည်သူ့ကဏ္ဍပြန်လည်နာလန်ထူရေးက ပုဂ္ဂလိက ကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် လမ်းစဖြစ်တဲ့အတွက် ပြည်သူ့ကဏ္ဍ နာလန်ထူရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရန် တောင်ကိုရီးယားသမ္မတ ပတ်ဂွင်ဟေးက ဇွန် ၁၄ ရက်က တိုက်တွန်းခဲ့ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ယဉ်ကျေးမှုအရ အရိုးစွဲနေပြီဖြစ်တဲ့ စီနီယာများကို မျက်နှာသာပေးတဲ့စနစ်ကိုဖယ်ရှားပြီး အဓိကကျတဲ့ လုပ်ငန်းများကို အာရုံစိုက်ဆောင်ရွက်တဲ့၊ လုပ်ငန်းစွမ်းဆောင်ရည်ကို အားပေးတဲ့ စနစ်ကိုထူထောင်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းကြဖို့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းနဲ့ ပြည်သူ့အဖွဲ့အစည်းများမှ အကြီးအကဲတွေနဲ့ တွေ့ဆုံတဲ့ဆွေးနွေးပွဲမှာ ပတ်က တိုက်တွန်းပြောကြားပါတယ်။

"အဆုံးစွန် အောင်ပွဲရတဲ့အထိ ဆုံးဖြတ်ချက်ခိုင်မာစွာနဲ့ အများပြည်သူ့ကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွေကို အားသွန်ဆောင်ရွက်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်"လို့ နိုင်ငံတော်ပိုင်ကော်ပိုရေးရှင်းကြီးများနဲ့ ပြည်သူ့အဖွဲ့အစည်းမှ ဦးစီးခေါင်းဆောင် ၁၂၆ ဦး အပါအဝင် စုစုပေါင်း ၂၂၀ ဦးတက်ရောက်ခဲ့တဲ့ အစည်းအဝေးမှာ ပတ်က ပြောပါတယ်။

၂၀၁၃ ခုနှစ်ကလည်း ပြည်သူ့အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲဖို့ အစိုးရက စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ စီမံကိန်းအရကြွေးမြီလျှော့ချဖို့၊ စီမံခန့်ခွဲမှုဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ဖို့နဲ့ နေ့စားလုပ်ခ အမြင့်ဆုံးပေးတဲ့စနစ်ကို စတင်ဆောင်ရွက်ဖို့နဲ့ လူငယ်လူရွယ်အလုပ်လက်မဲ့ပြဿနာဖြေရှင်းပေးတဲ့ အစီအစဉ်ကို ဆောင်ရွက်ဖို့ဆိုတဲ့ အချက်တွေပါဝင်ပါတယ်။

## Middle East

# ၂၀၁၆ ခုနှစ် နှောင်းပိုင်းမှာ ကမ္ဘာ့ရေနံစိမ်းဈေးကွက်ရောင်းလိုအားနဲ့ ဝယ်လိုအားချိန်သားကိုက်ညီသွားမယ်လို့ အိုပက်အဖွဲ့က သုံးသပ်

ဝယ်လိုအားမြင့်တက်ပြီး ရောင်းလိုအားတွေကျဆင်းသွားမှာ ဖြစ်တဲ့အတွက် ယခုနှစ် ဒုတိယနှစ်ဝက်မှာ ကမ္ဘာ့ရေနံစိမ်းဈေးကွက်အနေအထားက ရောင်းလိုအားနဲ့ ဝယ်လိုအားချိန်သားကိုက်ညီမယ်လို့ အိုပက်အဖွဲ့က ရှုမြင်ကြောင်း ဘလွမ်းဘတ်သတင်းမှာ ဖော်ပြပါတယ်။ အိုပက်အဖွဲ့ရဲ့ ရှုမြင်သုံးသပ်ချက်က ယခုလအတွင်းက အိုပက်အဖွဲ့ဝန်ကြီးများရဲ့ အစည်းအဝေးမှာ ဖော်ပြခဲ့တဲ့ ဝန်ကြီးများရဲ့ ရှုမြင်သုံးသပ်ချက်များကို ထင်ဟပ်ဖော်ပြလျက်ရှိကြောင်းလည်း သတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့ရေနံစိမ်း ရောင်းလိုအားနဲ့ ဝယ်လိုအားက ၂၀၁၆ ခုနှစ်မှာ အပြောင်းအလဲရှိမှာ မဟုတ်ကြောင်း ယခုလထုတ်ပြန်တဲ့ လစဉ်အစီရင်ခံစာမှာ ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ (အိုပက်)က ဖော်ပြထားပါတယ်။

နိုင်ဂျီးရီးယားနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အုံကြွမှုတွေကြောင့် မေလအတွင်းက အိုပက်အဖွဲ့ရဲ့ထုတ်လုပ်မှုကို တစ်ရက်စည် ၃၂ ဒသမ ၃၆ သန်းအထိ ကျဆင်းသွားစေခဲ့ပါတယ်။ ဒုတိယနှစ်ဝက်အတွင်းမှာ ပျမ်းမျှခြင်းအားဖြင့် ဝယ်လိုအားရှိမယ်လို့ ရည်မှန်းထားတဲ့ ၃၂ ဒသမ ၆ သန်းအောက် အနည်းငယ်ကျဆင်းခဲ့ပါတယ်။

"ကမ္ဘာ့စီးပွားရေး အခြေအနေမှာ မျှော်မှန်းထားတဲ့ တိုးတက်မှုတွေရရှိလာမယ်ဆိုရင် နှစ်အကုန်မှာ ရေနံဈေးကွက်ရဲ့ အခြေအနေကချိန်သားကိုက်ညီသွားမယ့် အခြေအနေရှိနေပါတယ်။ လာမယ့်သုံးလပတ်ကာလတွေမှာ ဈေးကွက်မှာ ရောင်းလိုအားပိုလျှံမှုတွေတဖြည်းဖြည်း နည်းသွားလိမ့်မယ်လို့ခန့်မှန်းထားပါတယ်"လို့ အိုပက်အဖွဲ့ရဲ့ ဗီယင်နာအခြေစိုက် သုတေသနအဖွဲ့ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

## South Asia

# အိန္ဒိယကုမ္ပဏီများက အလုပ်အကိုင်ခန့်ထားမှု အမြင့်ဆုံးဖြစ်မယ့် အလားအလာရှိ

တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ကြည့်ရင် အိန္ဒိယကုမ္ပဏီတွေက အလုပ်အကိုင် ခန့်ထားတဲ့နေရာမှာ အလားအလာအကောင်းဆုံးဖြစ်ခဲ့တာ စတုတ္ထမြောက်သုံးလပတ်အဖြစ် ရောက်ရှိခဲ့ကြောင်းနဲ့ အာရှပစိဖိတ်ဒေသတွင်းမှာ တရုတ်နိုင်ငံက အောက်ဆုံးအဆင့်မှာရောက်ရှိနေကြောင်း ဇွန် ၁၄ ရက်က ပြုလုပ်တဲ့ Manpower Group စစ်တမ်းကို ကိုးကားပြီး တိုင်းမ်အော့ အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

လာမယ့် သုံးလအတွင်းမှာ အိန္ဒိယအလုပ်ရှင်တွေက အလုပ်အကိုင်ခန့်ထားရေးအတွက် အလားအလာကောင်းတွေ ရှိနေကြောင်း အတိုင်ပင်ခံအဖွဲ့ဖြစ်တဲ့ Manpower Group ရဲ့ တတိယသုံးလပတ် ကမ္ဘာ့အလုပ်အကိုင် ခန့်ထားရေးအလားအလာအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

လုပ်သားအင်အား တိုးမြှင့်ခန့်ထားမယ်လို့ ခန့်မှန်းထားသူအလုပ်ရှင်က ၃၇ ရာခိုင်နှုန်း၊ အလုပ်အကိုင်ခန့်ထား မှုကျဆင်းမယ်လို့ ပြောကြားသူက ၁ ရာခိုင်နှုန်းနဲ့ အပြောင်းအလဲရှိမှာမဟုတ်ဘူးလို့ပြောသူက ၄၉ ရာခိုင်နှုန်းရှိပါတယ်။ ဒါကြောင့် အသားတင်အလုပ်အကိုင်ခန့်ထားမှု အလားအလာ ၃၆ ရာခိုင်နှုန်းကျော်ရှိပါတယ်လို့လည်း ဖော်ပြပါတယ်။

ကမ္ဘာ့အတိုင်းအတာအရကြည့်ပါက အိန္ဒိယနိုင်ငံပြီးရင် ဂျပန်နိုင်ငံက အလုပ်အကိုင်ခန့်ထားမှုအလားအလာ ဒုတိယအကောင်းဆုံးဖြစ်ပြီး အမေရိကန်ပြည်ထောင်စုက ပဉ္စမနေရာမှာရှိပါတယ်။ ကမ္ဘာ့အတိုင်းအတာအရကြည့်ရင် အနုတ်လက္ခဏာအပြဆုံးနိုင်ငံသုံးနိုင်ငံအနက် ဘရာဇီးက အဆိုးဆုံးဖြစ်နေပြီး တခြားနှစ်ခုက ပြင်သစ်နဲ့ အီတလီတို့ ဖြစ်ပါတယ်။

မရေရာမှုတွေ များနေတဲ့အတွက် ဇူလိုင်-စက်တင်ဘာသုံးလပတ်အတွက် အလုပ်အကိုင်ခန့်ထားမှု အလားအလာက ဆက်လက်ကျဆင်းနေတာကို တွေ့ရပါတယ်။

၂၀၁၆ ခုနှစ် တတိယသုံးလပတ်အတွက် အလုပ်အကိုင် ခန့်ထားမှု အလားအလာစစ်တမ်းကို ပြုစုရာမှာ အိန္ဒိယနိုင်ငံရှိအလုပ်ရှင် ၅၁၀၀၀ ဦးကို တွေ့ဆုံမေးမြန်းပြီး ပြုစုခဲ့တာ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ကောက်ယူတဲ့ စစ်တမ်းမှာတော့ အလုပ်ရှင်၅၉၀၀၀ ဦးကိုစစ်တမ်းကောက်ယူခဲ့ရာ နိုင်ငံပေါင်း ၄၃ နိုင်ငံအနက် နိုင်ငံ ၄၀ က ဇူလိုင်-စက်တင်ဘာ သုံးလပတ်မှာ အလုပ်အကိုင်တိုးချဲ့ခန့်အပ်မယ်လို့ ပြောပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အာရှငွေကြေးအများစုက ဒေါ်လာနဲ့ဖလှယ်ရာမှာ အတက်အကျမရှိ ပုံမှန်အတိုင်းရှိနေပါတယ်။ ဒါပေမယ့် လာမယ့်ရက်သတ္တပတ်မှာ ကျင်းပမယ့် ဆန္ဒခံယူပွဲမှာ ဥရောပသမဂ္ဂ (အီးယူ) ကနေ ဗြိတိန်နိုင်ငံနုတ်ထွက်ဖို့ ဆန္ဒမဲပေးမှာကို ရင်းနှီးမြှုပ်နှံသူတွေက စိုးရိမ်ပူပန်နေတဲ့အတွက် ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင် အာရှငွေကြေးအများစုက တန်ဖိုးကျဆင်းမယ့် လက္ခဏာတွေကို တွေ့မြင်နေရပါတယ်။ ဒါပေမယ့် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ရေးကိစ္စကို သတိထားပြီး လုပ်ကိုင်ဆောင်ရွက်သွားမယ့် လက္ခဏာကိုပြသလာတဲ့အတွက် အာရှငွေကြေးတွေရဲ့တန်ဖိုးကျဆင်းမှု အလားအလာကို သက်သာရာရစေနိုင် ပါတယ်။

ဗြိတိန်နိုင်ငံဆန္ဒခံယူပွဲနဲ့ ပတ်သက်တဲ့ သတင်းတွေက ဗြိတိန်စီးပွားရေးနဲ့ ကမ္ဘာ့စီးပွားရေးကို ထိခိုက်စေနိုင်တဲ့အတွက် ယန်းငွေတန်ဖိုးမြင့်တက်ဖို့အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဂျပန်ဗဟိုဘဏ်ရဲ့ မူဝါဒအစည်းအဝေးကို အတိုးနှုန်း အပြောင်းအလဲမရှိဘဲ ပြီးဆုံးခဲ့ပါတယ်။ ဒါပေမယ့် စီးပွားရေးလှုံ့ဆော်အားပေးမယ့် အစီအစဉ်ဆောင်ရွက်မယ့်အလားအလာကိုတော့ တွေ့မြင်နေရပါတယ်။

## တရုတ်ယွမ်

တရုတ်ယွမ်တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဇွန် ၁၆ ရက်နေ့ ဈေးပိတ်ချိန်ကထက် သုည ဒသမ ၁၈ ရာခိုင်နှုန်း ပိုမိုမြင့်တက်ပြီး နောက်တစ်ရက်နံနက်ပိုင်းမှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၇ ယွမ်နှုန်းရှိခဲ့ပါတယ်။ ဇွန် ၁၅ ရက်နေ့နံနက်က အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၀၄၃ ယွမ်နှုန်းဖြစ်ပြီး ငါးနှစ်အတွင်းအနိမ့်ဆုံးနှုန်းရှိခဲ့ရာမှ ဒုတိယမြောက်နေ့အဖြစ် ဆက်လက်မြင့်တက်ခဲ့တာ ဖြစ်ပါတယ်။

တရုတ်ဗဟိုဘဏ်ကမူ ရည်ညွှန်းငွေလဲနှုန်းကို ဇွန် ၁၇ ရက်က ယမန်နေ့ကထက် သုည ဒသမ ၀၉ ရာခိုင်နှုန်း တန်ဖိုးချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၇၉၅ ယွမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။

## အိန္ဒိယရူပီး

ယခင်ဘဏ္ဍာနှစ်အတွက် ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ ကုန်သွယ်ရေးလိုငွေပြမှု ကျဆင်းတဲ့အတွက် ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ထုတ်ရောင်းလာကြတဲ့အတွက် ဇွန် ၁၇ ရက်နံနက်ပိုင်းမှာ ရူပီးတန်ဖိုးက သုည ဒသမ ၀၈ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၁၃ ရူပီးနှုန်းဖြစ်ခဲ့ပါတယ်။

ဈေးအဖွင့်မှာ ပြည်တွင်းရှယ်ယာများ တန်ဖိုးမြင့်တက်မှုနဲ့ ပြည်ပမှာ တခြားငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုးမြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

## ဂျပန်ယန်း

ဂျပန်ဗဟိုဘဏ်က စီးပွားရေးတွန်းအားပေး အစီအစဉ်အတွက် ထပ်မံကြေညာလိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေ မျှော်လင့်ထားပေမယ့် ကြေညာခြင်းမပြုခဲ့တဲ့အတွက် ဂျပန်ယန်းငွေတန်ဖိုးက ဇွန် ၁၆ ရက်က အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ၂၂ လအတွင်း အမြင့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

ဂျပန်ယန်းငွေတန်ဖိုးက အမေရိကန်တစ်ဒေါ်လာကို ၁၀၃ ဒသမ ၅၅ ယန်းအထိ ရောက်ရှိခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ်နောက်ပိုင်းအမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ယူရိုတန်ဖိုးက တစ်ယူရိုကို ၁၁၅ ဒသမ ၅၀ ယန်းအထိကျဆင်းခဲ့ရာ ၂၀၁၃ ခုနှစ်နောက်ပိုင်းအနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ယူရိုနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးက သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ယူရိုကို ၁ ဒသမ ၁၂၂၉ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

မလေးရှားနိုင်ငံရဲ့ ရှယ်ယာဈေးကွက်ပိုမိုကောင်းမွန်လာတဲ့အတွက် ပြည်တွင်းငွေကြေးကို ဝယ်ယူဖို့ စိတ်ဝင်စားမှုမြင့်တက်လာခဲ့ပါတယ်။ ဒါကြောင့် ဇွန် ၁၇ ရက်ဈေးအဖွင့်မှာ ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက ဇွန် ၁၆ ရက်က တစ်ဒေါ်လာကို ၄ ဒသမ ၀၉၇၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၉၃၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

တခြားအဓိက ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက အတက်အကျအမျိုးမျိုးရှိခဲ့ပါတယ်။

## တောင်ကိုရီးယားဝမ်

ခြောက်ရက်အတွင်းအနိမ့်ဆုံးဈေးအထိကျဆင်းခဲ့တဲ့ တောင်ကိုရီးယားစတော့ရှယ်ယာတန်ဖိုးက ဇွန် ၁၇ ရက်မှာ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးမရေရာမှုတွေကြောင့် ဆက်လက်မြင့်တက်ဖို့က မရေမရာရှိနေဆဲ ဖြစ်ပါတယ်။ တောင်ကိုရီးယားဝမ်တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ၁ ဒသမ ၃ ဝမ် ကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၇၂ ဒသမ ၇ ဝမ်နှုန်း ရှိခဲ့ပါတယ်။

## ထိုင်းဘတ်

ဇွန် ၁၇ ရက်မှာ ရိုက်တာသတင်းဌာနက ဖော်ပြခဲ့တဲ့ကိန်းဂဏန်းတွေအရ ဘတ်ငွေတန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ဇွန် ၁၆ ရက်က ဖလှယ်နှုန်းနဲ့ နှိုင်းယှဉ်ပါက သုည ဒသမ ၂၃ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃၅ ဒသမ ၃၀ ဘတ်နှုန်းရှိခဲ့ပါတယ်။

**ဘာသာပြန်-စုစည်းတင်ပြသည်**



## အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှာကို စိုးရိမ်မှုက အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းမြှင့်တင်ရေးကိစ္စကို ဂယက်ရိုက်

ဇွန် ၁၄ ရက်နဲ့ ၁၅ ရက်မှာ ကျင်းပခဲ့တဲ့ အမေရိကန်ဗဟိုဘဏ်ရဲ့ အစည်းအဝေးမှာ ဗဟိုဘဏ်အတိုးနှုန်းကို တိုးမြှင့်ခြင်းမပြုသေးဘဲထားရန် အမေရိကန်ဗဟိုဘဏ်က ဆုံးဖြတ်ခဲ့ကြောင်း fxnewscall ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ရခြင်းနဲ့ ပတ်သက်တဲ့ အဓိကအကြောင်းများအနက် ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်မယ့်ကိစ္စအတွက် စိုးရိမ်မှုကလည်း အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ဗဟိုဘဏ်က ပြောကြားခဲ့ပါတယ်။ အလုပ်အကိုင်ရရှိမှုအခြေအနေက ခိုင်မာမှုမရှိသေးတဲ့တိုင်အောင် စီးပွားရေးဖွံ့ဖြိုးမှုမှာမူ ထင်သာမြင်သာရှိနေကြောင်းလည်း ဗဟိုဘဏ်က ပြောပါတယ်။

အတိုးနှုန်းမြှင့်တင်မှုကို ရွှေ့ဆိုင်းရခြင်းမှာ အလုပ်အကိုင်ရရှိမှုအခြေအနေညံ့ဖျင်းခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း နိမ့်ကျခြင်းနဲ့ အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်မယ့်အလားအလာအပါအဝင် ပြည်ပမှာ ဖြစ်ပေါ်နေတဲ့ စွန့်စားမှုအန္တရာယ်တို့က ဗဟိုဘဏ်ဆုံးဖြတ်ချက်ကို လွှမ်းမိုးခဲ့တယ်လို့ ဘလွမ်းဘတ်သတင်းမှာဖော်ပြပါတယ်။

ဆွေးနွေးတဲ့အထဲမှာပါဝင်တဲ့ မသေချာမရေရာမှုများမှာ အီးယူနဲ့ပတ်သက်ပြီး ဇွန် ၂၃ ရက်မှာပြုလုပ်မယ့် ဗြိတိန်နိုင်ငံဆန္ဒခံယူပွဲလည်းပါဝင်ကာ ဗဟိုဘဏ်ဆုံးဖြတ်ချက်အပေါ် အကျိုးသက်ရောက်မှုရှိတဲ့ အဓိကအကြောင်းတရားတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ ပြည်ထောင်စုလွတ်လပ်သောဈေးကွက်ကော်မတီက အတိုးနှုန်းကို ဆက်လက်ထိန်းထားဖို့ တညီတညွတ်တည်းသဘောတူဆုံးဖြတ်ခဲ့ကြောင်း ဂျနက်ယယ်လင်းက ပြောပါတယ်။

## တောင်ကိုရီးယားက စီးပွားရေးလှုံ့ဆော်တွန်းအားပေးရေး မူဝါဒကို ကြေညာမည်

တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးကို ဒုတိယနှစ်ဝက်အတွင်း ထူးထူးခြားခြားမြှင့်တင်ပေးနိုင်မယ့် ဘဏ္ဍာရေးမူဝါဒတွေကို အစိုးရကကြေညာတော့မှာ ဖြစ်တယ်လို့ စီးပွားရေးထပ်မံကျဆင်းမှာကို စိုးရိမ်မှုများကြီးထွားနေချိန်မှာ တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးကပြောကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

စီးပွားရေးအတွက် အဓိကမောင်းနှင်အားဖြစ်တဲ့ ပို့ကုန်များ တင်ပို့မှုကျဆင်းခြင်းက စီးပွားရေးတစ်ခုလုံးအပေါ်မှာ ဝန်ထုပ် ဝန်ပိုးဖြစ်စေခဲ့တဲ့အတွက် ယခုနှစ် နှစ်စပိုင်းမှစပြီး တောင်ကိုရီးယားစီးပွားရေးက အကျဘက်ကိုရောက်ရှိခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုက လွန်ခဲ့တဲ့ တစ်နှစ်ကနဲ့နှိုင်းယှဉ်ရင် ယခုနှစ်ဧပြီလမှာ ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဒုတိယမြောက်လအဖြစ် ဆက်တိုက်ကျဆင်းခဲ့ပါတယ်။ မတ်လကအခြေအနေနဲ့နှိုင်းယှဉ်ရင်လည်း ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

လာမယ့်လတွေမှာ စီးပွားရေးဖွံ့ဖြိုးမှုကို တွန်းအားပေးနိုင်ဖို့အတွက် လှုပ်ရှားမှုတစ်ရပ်အဖြစ် တောင်ကိုရီးယားဗဟိုဘဏ်အတိုးနှုန်းကို ဇွန်လဆန်းပိုင်းက ၁ ဒသမ ၂၅ ရာခိုင်နှုန်းအထိ လျှော့ချပေးခဲ့ပါတယ်။

"ကျွန်တော်တို့က ပြည့်စုံလုံလောက်တဲ့ ဘဏ္ဍာရေးမူဝါဒကိုချမှတ်ဖို့ စဉ်းစားနေပါတယ်။ စီးပွားရေးပြန်လည်ဦးမော့လာဖို့အတွက် အစိုးရကအစွမ်းကုန် ကြိုးပမ်းနေပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဘဏ္ဍာရေးဘက်က အထောက်အပံ့ပြုသွားမှာဖြစ်ပါတယ်"လို့ ဘဏ္ဍာရေးလုပ်ငန်းရှင်များနဲ့ ဆိုးလ်မြို့မှာ တွေ့ဆုံချိန်က ဘဏ္ဍာရေးဝန်ကြီး ယူးအီးဟိုက ပြောပါတယ်။

# ZAR THA PYIN

## INT'L TRADING CO.,LTD.




No.(8), Lae Yar 3 street, (Near Yadanarr Road), Thaketa Township, Yangon.
Tel : 01-9410014, 09-8701459

# LINN AYEYARWADDY TRUCK & AUTO SALES CENTER

Japanese-used Trucks ကားများနှင့် အိမ်စီးကားများအား
ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းရောင်းချပါသည်၊



ချိုသာသော ဈေးနှုန်းများဖြင့် အရည်အသွေးမှန်ကန်စွာ ရောင်းချပေးနေပါသည်။

No.(1851/1856), Yadanar Road, Dagon Seikkan Township, Yangon.
No. (499), Bayint Naung Road, (26) Quarter, South Dagon Township, Yangon.
Ph : 09-420054896, 09-797555363


ဥရောပနည်းပညာများဖြင့်ထုတ်လုပ်ထားသော အီတလီနိုင်ငံ FPT အင်ဂျင်တပ်ဆင်ထားပြီး
IVECO ကားများအား ဘဏ်နှင့် ချိတ်ဆက်၍ အငှားဝယ်စနစ်ဖြင့်
စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။
IVECO
ASTRA
NEW TRAKKER
PowerDaily
682
Myanmar Synergy Co.,Ltd.
SYNERGY SALES & SERVICE CENTER
Sales Hotline: 09-263617334, 09-2029015
Office-684829,687975


G GOLD Media & Advertising
No.864,Maharbawga Street ,8 qtr, Mayangone tsp, Kabaraye Post Office Bus Stop, Yangon.
Ph : 09-5418373 , 09-785088268, 09-799494728
Hot : 09-975733555
Emai; : goldmedia864@gmail.com
Web Site : goldmedia-myanmar.com
one stop service
TV Commercial
MRTV-4
Channel 7
5 Network
5 Movies
5 Series
5 Plus
FM Channel
Padamyar FM
Cherry FM
Mandalay FM
Shwe FM
CITY FM
HUAWEI
GALAXY

# COMMERCE INTERNATIONAL



## ကမ္ဘာပေါ်ရှိ ဗဟိုဘဏ်များ မရေရာမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နိုင်

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်မယ့် အလားအလာဖြစ်တဲ့လတ်တလော အကြောင်းရင်းမှသည် အသက်အရွယ်ကြီးရင့် သူဦးရေ မြင့်တက်မှုအပါအဝင် ရေရှည်အကျိုးဆက်များအထိဖြစ်ပေါ်နေတဲ့ အကြောင်းတရားတွေကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိဗဟိုဘဏ်တွေအနေနဲ့ ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိတဲ့ အခြေအနေမျိုး ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဘလွမ်းဘတ်သတင်းမှာ ဖော်ပြထားပါတယ်။

ဇွန် ၂၃ ရက်မှာ ပြုလုပ်မယ့် အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေး၊ မနုတ်ထွက်ရေး မဲဆန္ဒပေးပွဲကို စောင့်ကြည့်လေ့လာနေကြတဲ့အတွက် အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ယူကေနဲ့ ဆွစ်ဇာလန်နိုင်ငံတို့မှ တာဝန်ရှိသူတွေက ငွေကြေးမူဝါဒကို မပြောင်းလဲဘဲ ဆက်လက်ထိန်းသိမ်းထားဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

"ရေရှည်မှာ အတိုးနှုန်းတွေ ဘယ်လိုဆက်ပြီး ထားရမယ်ဆိုတာကို ကျွန်မတို့ သေသေချာချာ မသိသေးပါဘူးလို့" အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်က ပြောပါတယ်။ ကုန်ထုတ်လုပ်မှု ကျဆင်းခြင်းနဲ့ အသက်အရွယ်ကြီးရင့်သူဦးရေ မြင့်တက်လာမှုကြောင့် ချေးငွေအတွက် အတိုးနှုန်း ကို သမိုင်းဝင်စံချိန်တင်တဲ့နှုန်းအထိ လျှော့ချပေးဖို့လိုနေတယ်လို့ ဆိုပါတယ်။

ကမ္ဘာမှာ အထင်ရှားဆုံးဖြစ်တဲ့ ဗဟိုဘဏ် လေးခုက လိုအပ်တဲ့အရေးယူမှုတွေမဆောင်ရွက်နိုင်တာကို ကြည့်ခြင်းအားဖြင့် အလူးအလဲ ရုန်းကန်နေရတဲ့ ကမ္ဘာ့စီးပွားရေးနဲ့ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်တွေအတွက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေပြီလို့ ရင်းနှီးမြှုပ်နှံသူတွေက ယူဆရမလိုဖြစ်နေပါတယ်။

အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်ပါက ဖြစ်ပေါ်လာမယ့် အခက်အခဲများအတွက် စိုးရိမ်ပူပန်မှုများနဲ့ အတူပူးတွဲဖြစ်ပေါ်လာတဲ့ ဒီစိုးရိမ်မှုတွေကြောင့် ယခုရက်သတ္တပတ်အတွင်းမှာ ကမ္ဘာ့စတော့ ဈေးတွေကျဆင်းခဲ့ပြီး ဘွန်းစာချုပ်ဈေးတွေလည်း ကျဆင်းခဲ့ပါတယ်။ တချို့နေရာတွေမှာ မကြုံဖူးလောက်တဲ့အထိ ကျဆင်းမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။

လွတ်လပ်တဲ့ ပြည်ထောင်စုဈေးကွက်ကော်မတီက အတိုးနှုန်းကို မတိုးမြှင့်ဘဲ ဇွန် ၁၆ ရက်က ဆက်ထိန်းထားရတဲ့အကြောင်းရင်းထဲမှာ ဗြိတိန်နိုင်ငံရဲ့ဆန္ဒခံယူပွဲကိစ္စလည်းပါကြောင်း ယယ်လင်က ပြောပါတယ်။ အီးယူထဲမှာဆက်မနေဖို့ ဗြိတိန်နိုင်ငံက ဆုံးဖြတ်ရင် ဂျပန်နိုင်ငံနဲ့ ဆွစ်ဇာလန်ငွေကြေးတွေက သက်ဆိုင်ရာနိုင်ငံတွေရဲ့ စီးပွားရေးကို ထိခိုက်တဲ့အထိ တန်ဖိုးမြင့်တက်လာနိုင်တယ်လို့ ဆိုပါတယ်။

## ရင်းနှီးမြှုပ်နှံသူများနဲ့ ခရီးသွားလုပ်ငန်းများအတွက် တစ်ခုတည်းသော ရည်မှန်းချက်ဒေသအဖြစ် CLMVT နိုင်ငံတို့က ပူးတွဲထူထောင်မည်

ထိုင်းနိုင်ငံစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ CLMVT Forum ရဲ့ သုံးရက်ကြာ အစည်းအဝေးကို ဇူလိုင် ၁၆ ရက်က စတင်ကျင်းပခဲ့ပါတယ်။ အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံတို့မှ အစိုးရအရာရှိများနဲ့ စီးပွားရေးလုပ်ငန်းရှင်များ ၁၀၀၀ ကျော် တက်ရောက်ခဲ့သလို ဂျပန်နဲ့ အမေရိကန်မှ ကျွမ်းကျင်သူများလည်း တက်ရောက်ခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဒီဒေသမှာ ဖြစ်ပေါ်နေတဲ့ အခွင့်အလမ်းတွေရဲ့ စွမ်းအားနဲ့ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလုပ်ငန်းတွေမှာ ဒေသတွင်းစီးပွားရေးလုပ်ငန်းကွန်ရက် ကျယ်ပြန့်လာမှုတွေကြောင့် မဲခေါင်ဒေသရှိ ဒီနိုင်ငံတွေကို ကမ္ဘာတစ်ဝန်းက သတိထား သိမြင်လာခဲ့ကြောင်း ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုးချားက ပြောပါတယ်။

ဂျပန်ကုမ္ပဏီများက ထိုင်းနိုင်ငံကို ကုန်ထုတ်လုပ်မှုနဲ့ အရောင်းအခြေစိုက်စခန်းအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ အသုံးပြုခဲ့ပြီးနောက် ယခုအခါ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်တို့မှာ လုပ်ငန်းချဲ့ထွင်ဖို့ ကြိုးပမ်းလာကြောင်း ဖိုရမ်မှာ ပြောကြားပါတယ်။ အဖွဲ့ဝင်နိုင်ငံများမှာ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ဆောင်ရွက်လာခြင်းဖြင့် နှစ်ဖက်စလုံးမှာ အကျိုးရှိနိုင်ပါတယ်။ ဖိုရမ်ရဲ့ဆွေးနွေးချက်များအရ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းက CLMVT နိုင်ငံတွေရဲ့ စီးပွားရေးမှာ ကျောရိုးသဖွယ်ဖြစ်နေပေမယ့် ထုတ်လုပ်မှုကျဆင်းလာတာကြောင့် ဒေသတွင်းစီးပွားရေးကို ခိုင်ခိုင်မာမာ အထောက်အကူမပေးနိုင်သေးကြောင်း သိရသည်။

ထို့ပြင် CLMVT နိုင်ငံများအနေဖြင့် နယ်နိမိတ်ဖြတ်ကျော် ဆောင်ရွက်တဲ့ လုပ်ငန်းများအတွက် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ဖို့လိုကြောင်း သိုလှောင်မှုကောင်းမွန်ဖို့နဲ့ ပျက်စီးလွယ်တဲ့ ကုန်ပစ္စည်းများအား ဒေသတွင်းဈေးကွက်များသို့ လျင်မြန်စွာတင်ပို့နိုင်ဖို့အတွက် ဒေသတွင်း အခြေခံအဆောက်အအုံနဲ့ လယ်ယာကဏ္ဍထောက်ပံ့ပို့ဆောင်မှုစနစ်ကို ကောင်းမွန်အောင်ဆောင်ရွက်ဖို့လိုကြောင်း သတင်းမှာ ဖော်ပြထားပါ တယ်။

နယ်စပ်ဖြတ်ကျော်မှု လုပ်ထုံးလုပ်နည်းများ လွတ်လပ်မှုရှိပါက အဖွဲ့ဝင်နိုင်ငံများအတွက် ဆွဲဆောင်မှုကောင်းတဲ့ လုပ်ငန်းနယ်ပယ်ဖြစ်တဲ့ ခရီးသွားလုပ်ငန်းကို တိုးမြှင့်ပေးနိုင်မှာဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုး မှုက စီးပွားရေးကိုထူးထူးခြားခြား အကျိုးဖြစ်ထွန်းစေနိုင်ပေမယ့် ဗီဇာလုပ်ထုံးလုပ်နည်းရဲ့ ရှုပ်ထွေးမှုတွေကလည်း လာရောက်မယ့် ခရီးသည်တွေကို အဟန့်အတားဖြစ်စေနိုင်ပါတယ်။ CLMVT ငါးနိုင်ငံအတွက် ဗီဇာငါးခုမလိုဘဲ ဗီဇာတစ်ခုတည်းနဲ့ လာရောက်မယ့်နည်းလမ်းတွေကို ဖိုရမ်တက်ရောက်သူတွေက ဆွေးနွေးကြပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 20th June 2016

<< June And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | | 19.5.2016 | 20.5.2016 | 18.5.2016 | | 29.5.2016 | 2.6.2016 | 9.6.2016 |
| | S/O CUT | | | | | | | | 15.5.2016 | 16.5.2016 | 14.5.2016 | | | | |
| MV.CITY OF MUMBAI V.31 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.6.2016 | 9.6.2016 | 10.6.2016 | | | 20.6.2016 | 23.6.2016 | |
| | S/O CUT | | | | | | | 4.6.2016 | 5.6.2016 | 6.6.2016 | | | | | |
| MV.HOEGH CHENNAI V.25 | 1.55 | 1.90 | 2.20 | 3.50 | | | | 20.6.2016 | 19.6.2016 | 18.6.2016 | | | 30.6.2016 | 4.7.2016 | |
| | S/O CUT | | | | | | | 16.6.2016 | 15.6.2016 | 14.6.2016 | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.7.2016 | 12.7.2016 | 10.7.2016 | | 22.7.2016 | 26.7.2016 | |
| | S/O CUT | | | | | | | | 7.7.2016 | 8.7.2016 | 3.6.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘ်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။